# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဇွန် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် တပေါင်းလဆန်း ၇ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 21 February 2018 ၉၂၀၇


**ယောကျ်ားအာဇာနည်**

ယောကျ်ားအာဇာနည်မျိုးသည် ဖြစ်ထွန်းပေါ်ပေါက်နိုင်ခဲ၏။ ထိုယောကျ်ားအာဇာနည်မျိုးသည် ခပ်သိမ်းသော အရပ်ဒေသ၊ ခပ်သိမ်းသော အမျိုးအနွယ်တို့၌ မဖြစ်ထွန်းနိုင်၊ ပညာရှိသော အာဇာနည်ယောကျ်ားမျိုးသည် အကြင်အမျိုးအနွယ်၌ ဖြစ်၏။ ထိုအမျိုးအနွယ်သည် ချမ်းသာခြင်းသို့ ရောက်၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၉၃)

# နှစ် (၇၀)ပြည့် ချင်းအမျိုးသားနေ့အခမ်းအနား နေပြည်တော်၌ ကျင်းပ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ တက်ရောက်အားပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၀

**နှစ်(၇၀)ပြည့် ချင်းအမျိုးသားနေ့ အခမ်းအနားကို ယနေ့ ညနေ ၅ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်အားပေးကြသည်။**

အခမ်းအနားသို့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး ဒေါက်တာ ရွှေလွမ်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဇနီး ဒေါ်နန့်ကြင်ကြည်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် ဇနီး ဒေါ်ဌေးရီ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး ဒေါ်အေးသီတာ၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❐

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သောဠသမအစည်းအဝေး ပထမနေ့ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သောဠသမအစည်းအဝေး ပထမနေ့ကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

# မြန်မာ-ရုရှား သံတမန်ဆက်ဆံရေး ထူထောင်သည့် နှစ်(၇၀)ပြည့်အထိမ်းအမှတ် ညစာစားပွဲအခမ်းအနား ကျင်းပ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ပြီး ဂုဏ်ပြုစကားပြောကြား



**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

မြန်မာ-ရုရှား နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး ထူထောင်သည့် နှစ်(၇၀)ပြည့် အထိမ်းအမှတ် ညစာစားပွဲ အခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြန်မာ-ရုရှား သံတမန်ဆက်ဆံရေး နှစ်(၇၀) ပြည့် အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် မြန်မာ-ရုရှား သံတမန်ဆက်ဆံရေး နှစ်(၇၀)ပြည့်အထိမ်းအမှတ် ညစာစားပွဲ အခမ်းအနားကို မြန်မာ-ရုရှား နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများဖြင့် ဖွင့်လှစ်သည်။

**ဂုဏ်ပြုစကားပြောကြား**

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး H.E.Dr. Nikolay Lisdopadov က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Anatoly Bulachnikov နှင့် ဂုဏ်ထူးဆောင်အဖွဲ့ဝင် Mr. Rudolf Yanson တို့က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်

**စာမျက်နှာ ၄ ကော်လံ ၁ သို့** ❂

**မြန်မာ-ရုရှား သံတမန်ဆက်ဆံရေး နှစ်(၇၀)ပြည့် အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် စာအုပ်စာတမ်းများကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကြည့်ရှုစဉ်။**




# ကြေးမုံ

## လယ်ယာလုပ်ငန်းသုံး စက်ယန္တရားများ တပ်ဆင်ထုတ်လုပ်ရေး

လယ်ယာစိုက်ပျိုးရေးနိုင်ငံဖြစ်သော မြန်မာနိုင်ငံ၌ လယ်ယာလုပ်သားများ ရှားပါးခြင်းသည် အဓိကပြဿနာတစ်ရပ်အဖြစ် ပေါ်ပေါက်လျက်ရှိသည်။ လယ်ယာလုပ်သား ရှားပါးမှုပြဿနာကို ဖြေရှင်းနိုင်ရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ အဆိုပါနည်းလမ်းပေါင်းစုံအနက် လယ်ယာလုပ်ငန်းခွင်၌ စက်ယန္တရားများ အသုံးပြုခြင်းသည်လည်း နည်းလမ်းတစ်ရပ်ဖြစ်ပါသည်။ သို့သော် လယ်ယာလုပ်ငန်းသုံး စက်ယန္တရားတို့ကို ပြည်တွင်း၌ ကျယ်ကျယ်ပြန့်ပြန့်၊ ထိထိရောက်ရောက် ထုတ်လုပ်နိုင်စွမ်းမရှိ၍ ပြည်ပမှ ဝယ်ယူတင်သွင်းရပါသည်။ ပြည်ပမှ ဝယ်ယူတင်သွင်းရသော စက်ယန္တရားတို့၌ စက်အရန်ပစ္စည်း အလွယ်တကူ မရရှိခြင်းနှင့် နည်းပညာပိုင်းအရ ဝန်ဆောင်မှု အားနည်းခြင်းတို့ကို ကြုံတွေ့ရတတ်ပါသည်။

ယခုအခါ စက်မှုဝန်ကြီးဌာနသည် အိန္ဒိယနိုင်ငံအခြေစိုက် CNH Industrial Services Ltd နှင့်ပူးပေါင်း၍ လယ်ယာလုပ်ငန်းသုံး စက်ယန္တရားတို့ကို ထုတ်လုပ်တော့မည်ဖြစ်ကြောင်း သိရှိရပါသည်။ စက်မှုဝန်ကြီးဌာန၏ လယ်ယာလုပ်ငန်းသုံး စက်ယန္တရားတို့ ထုတ်လုပ်ရေးလုပ်ငန်းစီမံကိန်း၌ CNH Industrial Services Ltd နှင့်အတူ Convenience Prosperity Co.,Ltd (A Division of Yoma Strategic Holdings)ကလည်း ပါဝင်လက်တွဲဆောင်ရွက်မည် ဖြစ်ပါသည်။ လယ်ယာလုပ်ငန်းသုံး စက်ယန္တရားများ ထုတ်လုပ်ရေးစီမံကိန်းကို သာဂရရှိ သာဂရအကြီးစားစက်ရုံ၌ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အဆိုပါစက်ရုံ၌ New Holland အမှတ်တံဆိပ် လယ်ထွန်စက်သုံးမျိုးကို တပ်ဆင်ထုတ်လုပ်သွားမည်ဖြစ်ပါသည်။

လယ်ယာလုပ်ငန်းသုံး စက်ယန္တရားများ တပ်ဆင်ထုတ်လုပ်ရေးလုပ်ငန်းစဉ်၌ စက်မှုလုပ်သားတို့၏ ကျွမ်းကျင်မှုသည် အခရာလိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။ ဤအခရာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် သာဂရစက်ရုံ၌ တာဝန်ထမ်းဆောင်မည့် စက်မှုလုပ်သားတို့ကို အိန္ဒိယနိုင်ငံသို့ စေလွှတ်၍ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ပါသည်။ ဤကဲ့သို့ လေ့ကျင့်သင်ကြားပေးခြင်းသည် နည်းပညာလွှဲပြောင်းပေးခြင်းတစ်မျိုး ဖြစ်ပါသည်။ အိန္ဒိယကုမ္ပဏီတို့သည် နည်းပညာကို ပြည်ပမှ ဝယ်ယူ၍ ပြည်တွင်း၌လည်း ကိုယ်ပိုင်သုတေသနနှင့် ဖွံ့ဖြိုးရေးဌာနလည်း ထားရှိသည်ဖြစ်၍ နည်းပညာပိုင်းအရ စိတ်ချရသော လက်တွဲဖော်နိုင်ငံမျိုးဖြစ်ပါသည်။ ဤသို့သော လေ့ကျင့်သင်ကြားမှုတို့မှတစ်ဆင့် လယ်ထွန်စက်သုံး အစိတ်အပိုင်းတချို့ကို ပြည်တွင်း၌ ထုတ်လုပ်ဖြန့်ဖြူးမည်ဟုသိရှိရ၍ ကြိုဆိုဝမ်းမြောက်ရမည့် ခြေလှမ်းမျိုးဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးကဏ္ဍဖြစ်သည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာ၌ လယ်ယာလုပ်ငန်းသုံး စက်ယန္တရားတို့ ထုတ်လုပ်နိုင်ရေးသည် အရေးပါသော လိုအပ်ချက်ဖြစ်၍ လယ်ထွန်စက်များ တပ်ဆင်ထုတ်လုပ်ရေးနည်းတူ အခြားသော လယ်ယာသုံး စက်ယန္တရားများ တပ်ဆင်ထုတ်လုပ်ရေးကိုပါ ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းလိုပါသည်။ လယ်ယာသုံး စက်ယန္တရားများ တပ်ဆင်ထုတ်လုပ်ရေးဆောင်ရွက်ရာ၌ သာဂရစက်ရုံစီမံကိန်းနည်းတူ နိုင်ငံတော်အစိုးရနှင့် ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်သော ပုံစံသည် အလေးအနက်ထားသုံးသပ်သင့်သည့် ပုံစံဖြစ်ကြောင်းကိုလည်း တင်ပြလိုပါသည်။ နိဂုံးချုပ်အနေဖြင့် စက်မှုဝန်ကြီးဌာန၏ လယ်ယာသုံး စက်ယန္တရားများ တပ်ဆင်ထုတ်လုပ်ရေး ကြိုးပမ်းမှုကို ဂုဏ်ပြုကြိုဆိုပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး လှိုင်သာယာမြို့နယ် အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားရောက်ကြည့်ရှု

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**



ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာ၌ ပြည်ထောင်စုဝန်ကြီးက ဆေးရုံကြီးကို ဘွဲ့လွန်သင်တန်းသား ဆရာဝန်များ၊ အလုပ်သင် ဆရာဝန်များကို လေ့ကျင့်သင်ကြားပေးနိုင်သော သင်ကြားရေးဆေးရုံကြီးအဆင့်ထိ ဖြစ်လာစေရန် ရည်မှန်းထားကြောင်း၊ ဤဆေးရုံကြီး ဖွံ့ဖြိုးတိုးတက်လာပါက ဒေသခံပြည်သူများအတွက် အကျိုးရှိရုံသာမက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြားဆေးရုံကြီးများ၌ လူနာအများအပြား လက်ခံကုသနေရမှု လျော့နည်းသွားပြီး အရည်အသွေး ပြည့်ဝသော ကုသမှုမျိုးကို ပိုမိုဆောင်ရွက်ပေးလာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

လှိုင်သာယာ ပြည်သူ့ဆေးရုံ၌ တက်ရောက်ကုသသော လူနာစာရင်း၌ ယာဉ်မတော်တဆဖြစ်ပွားမှုကြောင့် ထိခိုက်ဒဏ်ရာရရှိ၍ ဆေးရုံတက်ရောက်ရသူ လူနာများပြားနေသည်ကို တွေ့ရှိရကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသာမက ဒေသဆိုင်ရာ အာဏာပိုင်များ၊ လွှတ်တော် ကိုယ်စားလှယ်များနှင့် သက်ဆိုင်သူအားလုံးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရန် ပညာပေးခြင်း၊ ဥပဒေအရ အရေးယူခြင်းများကို အလေးထားဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ကြောင်း၊ ဝမ်းပျက် ဝမ်းလျှောရောဂါ၊ ကာကွယ်ဆေးထိုးလုပ်ငန်းများ၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးလုပ်ငန်းစသည့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို အားဖြည့်ဆောင်ရွက်နိုင်ရန်အတွက် ဘက်စုံသုံးသပ်လေ့လာပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ယင်းနောက် ဆေးရုံအုပ်ကြီး ဒေါက်တာဆန်းလွင်ဦးက ဆေးရုံကြီးနှင့်ပတ်သက်၍ လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များက ဆရာဝန်၊ သူနာပြုနှင့် ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ချက်ချင်း ဆောင်ရွက်ပေးနိုင်သည်များကို ချက်ချင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ရေရှည်ဆောင်ရွက်ရမည့် ကိစ္စများကို အဆင့်လိုက်၊ အပိုင်းလိုက် ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဆေးရုံအတွင်း အရေးပေါ် လူနာဆောင်၊ ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်း၊ ခွဲစိတ်ခန်း၊ ဖျားနာဆောင်၊ သားဖွားလူနာဆောင်နှင့် လေးထပ် အဆောက်အအုံသစ် ဆောက်လုပ်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လူစုလူဝေးအား စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းခြင်း သင်တန်းများဖွင့်

**မော်လမြိုင် ဖေဖော်ဝါရီ ၂၀**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး၏ စီစဉ်ကြီးကြပ်မှုဖြင့် လူစုလူဝေးအား စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းခြင်း (ဆင့်ပွား)သင်တန်း အမှတ်စဉ် (၁/၂၀၁၈)သင်တန်း ဖွင့်ပွဲများကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၉ နာရီက မော်လမြိုင်မြို့ ပြည်နယ်ရဲအကူတပ်ခွဲ(အတ္တရံ) ရဲမွမ်းမံလေ့ကျင့်ရေးကျောင်းနှင့် သထုံခရိုင် ရဲတပ်ဖွဲ့ရုံးဝင်းအတွင်းရှိ ရဲဇာနည်ခန်းမ၌ အသီးသီးကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲသို့ ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲမှူး၊ မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူး၊ သထုံခရိုင် ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ နယ်မြေစခန်းမှူးများ၊ ရဲကင်းမှူးများ၊ သင်တန်းနည်းပြဆရာများ၊ တပ်ဖွဲ့မှူး၊ တပ်ဖွဲ့စုမှူးများ၊ သင်တန်းသားအရာရှိ၊ အခြားအဆင့် စုစုပေါင်း ၃၀ စီ တက်ရောက်ကြပြီး သင်တန်းကာလ နှစ်ပတ်ကြာ သင်ကြားပို့ချသွားမည်ဖြစ်သည်။ **၃၀၇**



**ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမှတ် (၇)ရပ်ကွက် သရက်မြိုင်ဓမ္မာရုံ၌ ဖေဖော်ဝါရီ ၁၈ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်ဝင်းနှင့် မြို့မစခန်းမှူး ဒု-ရဲမှူး သိန်းဆွေမြင့်တို့က မှုခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုနှင့် လူကုန်ကူးမှုပပျောက်ရေး ဆွေးနွေးဟောပြောစဉ်။** ကြေးမုံ

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ရန်ကုန်(ရွှေဈေး) ၉၄၄၀၀၀ - ၉၄၄၀၀၀၊ မန္တလေး(ရွှေဈေး) ၉၄၄၀၀၀ - ၉၄၄၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၀၀/၈၂၀ ကျပ်၊ | ၈၃၀/၈၅၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၂၀/၈၃၅ ကျပ်၊ | ၈၈၀/၉၀၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၇၅/၇၉၀ ကျပ်၊ | ၈၃၀/၈၅၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၁၀/၈၄၀ ကျပ်၊ | ၈၅၀/၈၆၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၄၂/၇၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၄၇/၇၅၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၁၅/၇၂၀ ကျပ်

***၁၃-၂-၂၀၁၈ ရက်နေ့မှ ၁၉-၂-၂၀၁၈ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ၆၉၄ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာ ၇၂၄ ကျပ်၊ ဒီဇယ် တစ်လီတာ ၇၂၄ ကျပ်နှင့် အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၃၅ ကျပ် ဖြစ်ပါသည်။*** *(လက်လီဆိုင်များရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၂၈. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၄၅. ၃ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၉. ၁၉ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၂. ၂၈၀ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၄၁. ၀၄ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၆၆၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၄၄. ၉ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၄. ၁၂ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၅၀. ၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၀. ၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်**
**သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း

**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့



သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သောဋသမအစည်းအဝေး ပထမနေ့ကျင်းပစဉ်။

❖ **နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ**

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဦးခင်မောင်ဝင်းနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရဘဒ္ဒန္တအဂ္ဂဓမ္မက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

အခမ်းအနားမှူးဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေးထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီးက အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာကို မြွက်ကြားတော်မူရာတွင် ယနေ့ကျင်းပသော အစည်းအဝေး၌ စာစောင်များ၊ ကျမ်းစာအုပ်များ စိစစ်ရေးနှင့်စပ်လျဉ်း၍ လိုအပ်ချက်များကို လျှောက်ထားလိုပါကြောင်း။

သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း စတုတ္ထအကြိမ် ပြင်ဆင်ဖြည့်စွက်ချက်အခန်း(၂)အပိုဒ်(၁၂)၌ သံဃာ့အဖွဲ့ ဖွဲ့စည်းမှု၏ ရည်ရွယ်ချက်များကို (က)မှ (ဆ)အထိ ခုနစ်ချက်ပြဆိုထားပါကြောင်း၊ ထိုခုနစ်ချက်တို့တွင် အပိုဒ်ခွဲ(ဂ)၌ "ပရိယတ္တိသာသနာတော်ကို တိုးတက်စည်ပင်ပြန့်ပွားစေရန်နှင့် ပိဋကတ်တော်နှင့် မညီသောရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်းများကို တားဆီးကာကွယ်ရန်ဖြစ်သည်"ဟု ဆိုထားပါကြောင်း။

ထိုအပိုဒ်ခွဲ(ဂ)ပါ ရည်ရွယ်ချက်၌-

(၁) ပရိယတ္တိသာသနာတော်ကို တိုးတက်စည်ပင်ပြန့်ပွားစေရန်၊

(၂) ပိဋကတ်တော်နှင့်မညီသော ရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်းများကို တားဆီးကာကွယ်ရန်ဟု စကားနှစ်ရပ်ရှိရာ ဒုတိယစကားရပ်အတွက် လျှောက်ထားမည်ဖြစ်ပါကြောင်း။

ယခုမကြာသေးသော နှစ်များအတွင်း ဓမ္မ၊ အဓမ္မ အငြင်းပွားမှုခင်းများ ဖြစ်ပေါ်လာခဲ့ပါကြောင်း၊ ထိုဓမ္မ၊ အဓမ္မ အငြင်းပွားမှုခင်းများကို ဖြေရှင်းဆုံးဖြတ်ရသော ဝိနိစ္ဆယကိစ္စသည် လွယ်ကူသော ကိစ္စမဟုတ်ဘဲ ကြီးလေးသော တာဝန်ကြီးတစ်ခုဖြစ်ပါကြောင်း။

ဤဓမ္မ၊ အဓမ္မဆုံးဖြတ်ပေးရန် စောဒနာအပ်သော ကျမ်းစာများကိုလေ့လာကြည့်ရှုရာ ယခင်စာပေစိစစ်ရေး၏ ပျော့ကွက်၊ ဟာကွက်ကြောင့် ဖြစ်ရသည်ကို တွေ့မြင်သိရှိခဲ့ရပါကြောင်း၊ ထိုကျမ်းစာအုပ်များကို စိစစ်ကြည့်ရှုရာစာပေစိစစ်ရေးမှ ခွင့်ပြုချက်ဖြင့် ရိုက်နှိပ်အပ်သော ကျမ်းစာအုပ်များဖြစ်ခြင်းကြောင့် အဓမ္မမဟုတ် ဓမ္မသာဖြစ်သည်ဟု သောဓနာထားသည်ကိုလည်း တွေ့မြင်သိရှိခဲ့ရပါကြောင်း။

စာပေစိစစ်ရေးဖြင့် စိစစ်သောကာလကပင် ထိုကဲ့သို့ ပျော့ကွက်ဟာကွက်မျိုးရှိခဲ့ပါလျှင် ယခုကာလတွင် ဆိုဖွယ်ရာမရှိတော့ကြောင်း၊ သို့ဖြစ်ရာ ယခင် ၄၇ ပါးစုံညီ ပန္နရသမအစည်းအဝေးတွင် "ထေရဝါဒဗုဒ္ဓဘာသာဆိုင်ရာ စာပေများရေးသားထုတ်ဝေရာတွင် ပိဋကတ်တော်နှင့်အညီ ဖြစ်စေရေးနှင့်ပတ်သက်၍ "တင်၊ ထုတ်"စနစ်ဖြင့်သာ ဆောင်ရွက်ရေး မေတ္တာရပ်ခံရန်" ဆုံးဖြတ်ခဲ့ကြရပါကြောင်း၊ ထိုဆုံးဖြတ်မေတ္တာရပ်ခံချက်ကို ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်ညီညွတ်စေရေး ဆောင်ရွက်နိုင်မည်ဆိုပါက စာစောင်များ၊ ကျမ်းစာအုပ်များနှင့် စပ်လျဉ်း၍ ဓမ္မ၊ အဓမ္မအငြင်းပွားမှုခင်းများဖြစ်ပွားဖွယ်အကြောင်းရှိတော့မည်မဟုတ်ပါကြောင်း၊ ယင်းသို့ ဖြစ်ပါက ဓမ္မ၊ အဓမ္မအဆုံးအဖြတ်ပေးရမည့် ကြီးလေးသော တာဝန်ကြီးတစ်ခုပေါ့သွားမည် ဖြစ်ပါကြောင်း။

ယခုအခါ ရဟန်းရှင်လူအများစုသည် ရတနာသုံးပါးအပေါ်၌ ရိုသေလေးစားမှုနည်းပါးလာကြပါကြောင်း၊ ရတနာသုံးပါးအပေါ်၌ ရိုသေလေးစားမှုနည်းပါးလာခြင်းသည် သဒ္ဓမ္မသုံးဖြာ သာသနာတော်ကာလရှည်ကြာ မတည်တံ့နိုင်ခြင်း၏ အကြောင်းဖြစ်သည့်အတွက် မိမိတို့၏တပည့်ရဟန်း၊ သာမဏေများ၊ ဒကာ၊ ဒကာမများ ရတနာသုံးပါးအပေါ်၌ ကြည်ညိုရိုသေလေးစားမှုရှိလာအောင် သွန်သင်ဆုံးမပေးကြဖို့ တာဝန်သည် တပည့်တော်တို့၏ တာဝန်ဖြစ်ပါကြောင်း၊ မျိုးဆက်သစ်လူငယ်၊ မောင်မယ်ကလေးများ ဘုရား၊ တရား၊ သံဃာအကြောင်း သိမြင်အောင်၊ သာသနာစစ်၊ သာသနာမှန်ကို ကြည်ညိုတတ်အောင်၊ ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ လက်ရှိအခြေအနေအောက် အရှိန်အဟုန် မကျဆင်းအောင်၊ တည်တံ့ခိုင်မြဲ၍ တိုးတက်ပြန့်ပွားအောင် ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

ယခုအခါ ရဟန်းရှင်လူအများစုသည် မိမိတို့ကျင့်သုံးရမည့် သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာဟူသော သိက္ခာသုံးပါး ကိုယ်ကျင့်တရား၌ ရိုသေလေးစားမှုနည်းပါးလာကြပါကြောင်း၊ အချို့သော ရဟန်းသာမဏေများသည် မကြည်ညိုသေးသောပုဂ္ဂိုလ်များ ကြည်ညိုအောင်၊ ကြည်ညိုပြီးသော ပုဂ္ဂိုလ်များ ဆတက်ထမ်းပိုးတိုး၍ ကြည်ညိုအောင် မပြုကျင့်ကြဘဲ ကြည်ညိုပြီးသောပုဂ္ဂိုလ်များ အကြည်ညိုပျက်အောင်၊ မကြည်ညိုသေးသော ပုဂ္ဂိုလ်များ မကြည်ညိုသည်ထက် မကြည်ညိုအောင် ရှင်ရဟန်းတို့နှင့် မလျော်သော သာသနာ့ဂုဏ်သိန် ညှိုးမှိန်စေမည့် အလုပ်များကို ပြုလုပ်နေကြသည်ကို ဆရာတော်များ တွေ့မြင်ကြားသိနေကြမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ "သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများသည် ညွှန်ကြားလွှာ (၇၂) အပိုဒ် (၂) အပိုဒ်ခွဲ(က)ပါ စည်းကမ်းကျင့်ဝတ် (၉)ချက်ကို လိုက်နာကျင့်သုံးကြရန်၊ ကျောင်းထိုင်ဘုန်းကြီးများသည် အပိုဒ်ခွဲ(ခ)ပါ စည်းကမ်းကျင့်ဝတ် (၅)ချက်ကို လိုက်နာကျင့်သုံးကြရန်၊ ရဟန်းသာမဏေများ လိုက်နာရန် စည်းမျဉ်းဥပဒေ (၃၁) ချက်ကို (အထူးအားဖြင့်) ယင်းစည်းမျဉ်းဥပဒေ (၃၁)ချက်တို့တွင် အပိုဒ် (၇၊၈၊၂၅၊၂၇၊၂၉) တို့ကို လိုက်နာကျင့်သုံးကြရန်"ဟူ၍ ဤအချက်သုံးချက်ကို မဖြစ်မနေ အကောင်အထည်ပေါ်အောင် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

နောက်တစ်ချက် လျှောက်ထားလိုသည်မှာ ဓနအင်အား အသင့်အတင့်ရှိသည့် ဝိသမလောဘသမားအချို့တို့သည် အသံချဲ့စက်၊ မော်တော်ယာဉ်စသော အထောက်အကူပြုပစ္စည်းများ ထူထောင်၍ အလှူခံသမားငှားကာ ဘုရားတည်ရန်၊ သာသနာ့ဗိမာန်ကြီးဆောက်ရန်၊ ကျောင်းတော်ကြီးဆောက်ရန်စသည် အကြောင်းပြလျက် အလှူခံနေကြသည်မှာ နိုင်ငံအနှံ့ဖြစ်နေပါကြောင်း၊ ထိုသို့သော အလှူခံအတုအယောင်များ ပပျောက်သွားအောင် အာဏာပိုင်အဖွဲ့အစည်းများနှင့် လက်တွဲလျက် တက်တက်ကြွကြွဆောင်ရွက်သင့်ပါကြောင်း၊

ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာ လေးဖြာသော ပရိသတ်တို့ အချင်းချင်း အပြန်အလှန် ရိုသေလေးစားမှုမရှိကြ၊ အလေးဂရုပြုထိုက်သည့်အရာ၌ မထားကြ၊ အဆုံးအမ အဆိုအမိန့်စကားကို လေးလေးစားစား မနာယူကြ၊ အမှီအခိုအကြီးအကဲအရာ၌ မထားကြဘဲနေကြလျှင် သဒ္ဓမ္မသုံးဖြာ သာသနာတော်သည် ကာလရှည်ကြာ မတည်တံ့နိုင်ဘဲ အလျင်အမြန်ကွယ်ပျောက်သွားနိုင်ပါကြောင်း။

ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာ လေးဖြာသော ပရိသတ်တို့ အချင်းချင်း အပြန်အလှန် ရိုသေလေးစားကြ၊ အလေးဂရုပြုထိုက်သည့်အရာ၌ ထားကြလျက် အဆုံးအမ အဆိုအမိန့်စကားကို လေးစားနာယူကြ၊ အမှီအခို အကြီးအကဲအရာ၌ ထားကြလျက်နေကြလျှင် သဒ္ဓမ္မသုံးဖြာ သာသနာတော်သည် ကာလရှည်ကြာ တည်တံ့နိုင်မည် ဖြစ်ပါကြောင်း။

တပည့်တော်တို့ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်နေကြသော သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့လည်း အဖွဲ့ဝင်အချင်းချင်း အထက်အဖွဲ့အစည်းနှင့် အောက်အဖွဲ့အစည်းအချင်းချင်း ရိုသေလေးစားမှုရှိနေကြမှ၊ အလေးဂရုပြုထိုက်သည့်အရာ၌ထားနေကြမှ အထက်အဖွဲ့အစည်း၏ ညွှန်ကြားမိန့်မှာချက်များကို အောက်အဖွဲ့အစည်းက လေးစားလိုက်နာလျက် အောက်အဖွဲ့အစည်း၏ တင်ပြချက်များကို အထက်အဖွဲ့အစည်းက လေးလေးစားစား ဂရုတစိုက်လိုက်လျောဆောင်ရွက်ပေးကြ၊ အထက်အဖွဲ့အစည်းကို အောက်အဖွဲ့အစည်းက အမှီအခိုအကြီးအကဲအရာ၌ ထားကြမှ အောက်အဖွဲ့အစည်းကိုလည်း အထက်အဖွဲ့အစည်းက မှီခိုရာ၊ အားထားရာ၊ အထောက်အကူပြုရာ မိမိတို့၏ အင်အားအဖြစ်ထားကြမှသာ တပည့်တော်တို့၏ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး လုပ်ငန်းများအောင်မြင်ပြီးမြောက်လျက် သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီး ကာလရှည်ကြာ ကောင်းစွာတည်တံ့နိုင်မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်သံဃမဟာနယကအဖွဲ့ဝင် ဆရာတော်များ အမှူးရှိသော ဆရာတော်အရှင်မြတ်တို့က စံပြအဖြစ်ဖြင့် ဦးဆောင်၍ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူအပေါင်းတို့ ဒိဋ္ဌာနုဂတိလိုက်လာကြစေရန် သုံးပါးရတနာ ကျင့်သိက္ခာနှင့် အညမညဂါရဝ တရားငါးပါးတို့ကို ရိုရိုသေသေလေးလေးစားစား ကျင့်သုံးလိုက်နာတော်မူကြလျက် သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီး အရှည်ခံ့၍ တည်တံ့အောင် ဆောင်ရွက်တော်မူကြပါရန် လေးစားစွာလျှောက်ထား အပ်ပါကြောင်း ဩဝါဒကထာ မြွက်ကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် နိုင်ငံတော်အတွင်း ၁၃၇၉ ခုနှစ် ဝါဆိုသံဃာစာရင်းအရ ရဟန်းသာမဏေ စုစုပေါင်း ၅၂၀၃၂၆ ပါးရှိပါကြောင်း၊ အဆိုပါ ရဟန်းသာမဏေများတွင် ရဟန်းသိက္ခာ၊ သာမဏေသိက္ခာတို့ကို စောင့်စည်းလျက် ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာထွန်းကားပြန့်ပွားအောင် ဆောင်ရွက်လျက်ရှိသော ရဟန်းသာမဏေ အရေအတွက်မှာ အလွန်များပြားပါကြောင်း၊ အဆိုပါ ရဟန်းသာမဏေများထဲမှ အချို့သော ရဟန်းသာမဏေများသည် သာသနာတော်၏ ကျေးဇူးဂုဏ်ကို မစောင့်၊ မိမိတို့နောင်ရေးကိုလည်း သတိမရောက်ဘဲ သာသနာတော်တစ်ရပ်လုံးကို မထီမဲ့မြင်ပြုမူနေထိုင်ပြီး သာသနာ့ဝန်ထမ်း ရဟန်းအချင်းချင်းကိုလည်း မငဲ့၊ ဒါယကာ ဒါယိကာမများ၏ သဒ္ဓါတရားကို ဖျက်ဆီးလျက် သမဏသာရုပ္ပမဖြစ်သော ကာယကံမှု၊ ဝစီကံမှုတို့ကို ကျူးလွန်နေကြပါကြောင်း၊ ထိုသို့ ကျူးလွန်နေခြင်းကြောင့် အခြားသီတင်းသုံးဖော်ရဟန်းကောင်း၊ သာမဏေကောင်းတို့၏ အကျင့်သိက္ခာကို မှေးမှိန်ရာရောက်စေသည့်အပြင် မြတ်စွာဘုရားသာသနာတော် အဓွန့်ရှည်မှုကိုလည်း အန္တရာယ်ပြုရာ ရောက်နေပါကြောင်း။

မျက်မှောက်ကာလတွင် အချို့သော ဘုရားစေတီဂေါပကအဖွဲ့များသည် ဘုရားစေတီတော်များအတွက် ဗုဒ္ဓဘာသာဝင်အများစုက သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းထားသော အလှူတော်ငွေများကို ဘုရားစေတီ ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်များ၏ ဩဝါဒကို ခံယူခြင်းမပြုဘဲ မိမိတို့ကိုယ်ကျိုးအတွက် သုံးစွဲနေကြသည်များကိုလည်း ကြားသိနေရပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်အတွင်းရှိ ဘုရားစေတီတော် ဂေါပကအဖွဲ့များကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ထုတ်ပြန်ထားပြီးဖြစ်သော ညွှန်ကြားလွှာအမှတ်(၃၆)နှင့်အညီ ဖွဲ့စည်းဆောင်ရွက်နိုင်ရေးနှင့် ဗုဒ္ဓဘဏ္ဍာတော်များ မဆုံးရှုံးစေရေးအတွက် ကြပ်မတ်ကွပ်ကဲနိုင်ရန် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်သို့ ညွှန်ကြားသင့်ပါကြောင်း။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများထံ ပြည်ပနိုင်ငံများမှ အဖွဲ့အစည်းများ၊ သံတမန်များ မကြာခဏ လာရောက်တွေ့ဆုံ ဂါရဝပြုလျက်ရှိသည့်အနက် မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ရှိစေရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီး၏ ဖိတ်ကြားချက်အရ ၇-၁-၂၀၁၈ ရက်နေ့မှ ၁၄-၁-၂၀၁၈ ရက်နေ့အထိ မြန်မာနိုင်ငံသို့ သာသနာပြုခရီးလာရောက်ခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗုဒ္ဓဘာသာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရှန်ဟိုင်းဒေသကြီး ဗုဒ္ဓဘာသာအဖွဲ့ဥက္ကဋ္ဌ ရှန်ဟိုင်းမြို့ ကျင်အန်းဘုရားကျောင်း ပဓာနနာယကဆရာတော် Mr.Hui Ming ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများထံ လာရောက်တွေ့ဆုံ ဂါရဝပြုဆွေးနွေးရာတွင် **"မြန်မာနိုင်ငံ ထေရဝါဒဗုဒ္ဓဘာသာနှင့် တရုတ်နိုင်ငံ မဟာယာနဗုဒ္ဓဘာသာအဖွဲ့တို့အကြား သာသနာတော်ထွန်းကားပြန့်ပွားရေးအတွက် ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ နေပြည်တော်တွင် နိုင်ငံတော်အစိုးရက ချမှတ်ထားသော မူဝါဒများနှင့်အညီ ဗုဒ္ဓဘာသာကမ္ဘာအနှံ့ပြန့်ပွားစေရန်အတွက် နိုင်ငံတကာ ဗုဒ္ဓဓမ္မစင်တာ တည်ဆောက်လိုပါကြောင်း"** စသည်ဖြင့် တင်ပြလျှောက်ထားခဲ့ရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီးက **"နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး၊ ဗုဒ္ဓဘာသာထွန်းကားရေးအလို့ငှာ နိုင်ငံတကာ ဗုဒ္ဓဓမ္မစင်တာ ဆောက်လုပ်ရန် မူအားဖြင့် သဘောတူညီပါကြောင်း"** မိန့်ကြားတော်မူခဲ့သည်ကို သိရှိရပါကြောင်း၊ ထို့အပြင် Mr. Hui Ming ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် တပည့်တော်ထံသို့လည်း လာရောက်တွေ့ဆုံကာ အဆိုပါကိစ္စကို ထပ်မံဆွေးနွေးကြရာ တပည့်တော်က **"ကမ္ဘာပေါ်တွင် ဗုဒ္ဓဘာသာထွန်းကားရေးအတွက် ထေရဝါဒဗုဒ္ဓဘာသာနှင့် မဟာယာနဗုဒ္ဓဘာသာတို့ ပူးပေါင်းဆောင်ရွက်မှသာ ပိုမိုထွန်းကားပြန့်ပွားနိုင်မည်ဖြစ်၍ နိုင်ငံတကာ ဗုဒ္ဓဓမ္မစင်တာတစ်ခု နေပြည်တော်တွင် တည်ဆောက်ရန် သဘောတူညီပါကြောင်း၊ မြေနေရာရရှိစေရေးအတွက်လည်း နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါကိစ္စရပ်များအတွက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ဦးဆောင်သော ကော်မတီတစ်ရပ် ဖွဲ့စည်းဆောင်ရွက်သွားမည်"** ဟု ပြန်လည်ဆွေးနွေးခဲ့ပါကြောင်း၊ အဆိုပါကိစ္စနှင့် ပတ်သက်၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ကလည်း နိုင်ငံတော်အစိုးရထံ တင်ပြကာ လိုအပ်သည်များ ဆောင်ရွက်ပေးရန် အသင့်ရှိပါသည်ဟု ပြန်လည်ဖြေကြားခဲ့ပါကြောင်း၊ Mr. Hui Ming ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားစေရေးအတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဆောင်ရွက်လိုပါကြောင်း လျှောက်ထားခဲ့ရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးက **"နှစ်နိုင်ငံ ဗုဒ္ဓသာသနာပြု လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများက လိုလားပါကြောင်း၊ အခြားကမ္ဘာ့နိုင်ငံများရှိ ဘာသာများနှင့် နှိုင်းယှဉ်ပါက ဗုဒ္ဓဘာသာအင်အားမှာ အလွန်နည်းပါးလျက်ရှိသည့်အတွက် ဗုဒ္ဓဘာသာနှစ်ရပ်ပေါင်းဆောင်ရွက်ရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေးကို အထောက်အကူဖြစ်စေမည့် သာသနာပြုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးအတွက် နိုင်ငံတကာ ဗုဒ္ဓဓမ္မစင်တာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဦးဆောင်မှုအောက်၌ ထားရှိပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း"**

စာမျက်နှာ ၅ သို့



# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံတကာမှ စီးပွားရေးကိုယ်စားလှယ်များအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံတကာမှ စီးပွားရေးကိုယ်စားလှယ်များ ပါဝင်သော Chief Executives Organization (CEO) အဖွဲ့အား ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဒီမိုကရေစီကူးပြောင်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ရခိုင်ပြည်နယ်အခြေအနေ စသည့် ကိစ္စရပ်များအပေါ် မြန်မာနိုင်ငံ၏ ဆောင်ရွက်ထားရှိမှုများအား ဆွေးနွေးပြောကြားသည်။

ထို့အပြင် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့် ပညာရေး၊ သတင်းမီဒီယာ၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည့်ကဏ္ဍများနှင့် ပတ်သက်၍ မေးမြန်းချက်များကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဖြေကြားဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်တို့ တက်ရောက်ကြပြီး နိုင်ငံတကာစီးပွားရေးကိုယ်စားလှယ်အဖွဲ့၌ အဖွဲ့ဝင် ၆၁ ဦး ပါဝင်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## ✪ မြန်မာ-ရုရှား သံတမန်ဆက်ဆံရေးမှ

ဒေါ်အောင်ဆန်းစုကြည်အား အမှတ်တရ ဂုဏ်ပြုလက်ဆောင်ပေးအပ်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ညစာသုံးဆောင်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ရုရှားရိုးရာ ကျေးလက်ဂီတအနုပညာရှင်များနှင့် "ငွေရောင်တူရိယာကြိုးများ" ဂီတတူရိယာအဖွဲ့တို့၏ ဖျော်ဖြေတင်ဆက်မှုများကို အားပေးကြည့်ရှုပြီး ဂုဏ်ပြုပန်းခြင်းပေးအပ်သည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒေါက်တာဖေမြင့်၊ ဒေါက်တာသန်းမြင့်၊ ဦးဟန်ဇော်နှင့် ဦးကျော်တင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ဦးဝင်းမော်ထွန်း၊ ဦးမောင်မောင်ဝင်း၊ တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာ-ရုရှား သံတမန်ဆက်ဆံရေး ထူထောင်သည့် နှစ်(၇၀)ပြည့်အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်စဉ်။**



# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**
၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ဝဲပုံ)**

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများနှင့် ကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ လုပ်ငန်းရှင်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

စာမျက်နှာ ၃ မှ

ပြန်လည်မိန့်ကြားတော်မူခဲ့သည်ကို သိရှိရသည့်အတွက် တပည့်တော်တို့ဝန်ကြီးဌာနအနေဖြင့် အကောင်းဆုံး ပံ့ပိုးဆောင်ရွက်မည်ဖြစ်ပါကြောင်း။

ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး နှစ်ပေါင်းများစွာ ကာလကြာမြင့်အောင်တည်ရှိပြီး အစဉ်သဖြင့် သန့်ရှင်းတည်တံ့ပြန့်ပွားစေရန် ဆောင်ရွက်ကြရာတွင် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့၏ သာသနာတော်မြတ်ကြီးအား ဓမ္မာနုဂ္ဂဟအားဖြင့် ချီးမြှောက်မှုသည် အဓိကအရေးကြီးလှပါကြောင်း၊ သာသနာဝန်ဆောင် ရဟန်းသံဃာတော်များ ဦးဆောင်မှုအင်အားတောင့်တင်းမှ သာသနာတော်တည်တံ့နိုင်မည်ဖြစ်ရာ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့၏ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ချီးမြှောက်ထောက်ပံ့မှုများ ဆတက်ထမ်းပိုးတိုး၍ အောင်မြင်ဖြစ်ထွန်းစေရန်အတွက် တပည့်တော်တို့ ဒါယကာ ဒါယိကာမများဘက်မှ ပစ္စယာနုဂ္ဂဟဖြင့် ချီးမြှောက်ထောက်ပံ့လျက်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း သံဃာ့အဖွဲ့အစည်းနှင့်သက်ဆိုင်သည့် သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာ မဏ္ဍိုင်များ၌ တည်တံ့ခိုင်မြဲ၍ မယိမ်းမယိုင်စေရေးအတွက် ဓမ္မစက်ကို အာဏာစက်အကူအညီဖြင့် ဖြည့်ဆည်းပံ့ပိုးပေးလျက်ရှိပါကြောင်း။

ထိုကဲ့သို့ ဆရာဒကာ လက်တွဲညီညာစွာဖြင့် ဆောင်ရွက်ကြမည်ဆိုပါက တပည့်တော်တို့၏ ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီးသည် နှစ်ပေါင်း၅၀၀၀ ကျော်လွန်သည်အထိ ပြည်ထောင်စုမြန်မာနိုင်ငံမှာသာမက ကမ္ဘာတစ်ဝန်းသို့တိုင်အောင် စည်ပင်တိုးတက်နေမည်ဖြစ်ပါကြောင်း လျှောက်ထားသည်။

ယင်းနောက် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ ပဉ္စမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ၏ကိုယ်စား တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီလာစာရာဘိဝံသ က တင်သွင်းလျှောက်ထားသည်။

ထို့နောက် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ ပဉ္စမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို အဖွဲ့ဝင်ဆရာတော်ကြီးများက ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားသည်။

ယင်းနောက် ဝိနိစ္ဆယဆိုင်ရာကိစ္စများ၊ သာသနာ့ရေးရာကိစ္စများ၊ ပညာရေးဆိုင်ရာကိစ္စများကို တင်ပြလျှောက်ထားရာ တာဝန်ကျအဖွဲ့ခွဲ ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးတော်မူကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားသည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား အရုဏ်ဆွမ်းကို ဦးရန်မျိုးအောင်နှင့် မောင်နှမတစ်စုက လည်းကောင်း၊ နေ့ဆွမ်းကို မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်(ငြိမ်း)၊ ဇနီး ဒေါက်တာဒေါ်တင်လင်းမြင့် မိသားစုတို့က လည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**



# အထူးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း နယ်သာလန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်သံအမတ်ကြီး H.E. Mr.Wouter Jurgens အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-11) ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံအပြန်အလှန်အကူအညီပေးရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးနှင့် ဒီမိုကရေစီခိုင်မာအားကောင်းရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် နယ်သာလန်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် နယ်သာလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Wouter Jurgens အား ယနေ့မွန်းလွဲ ၂ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ် အခြေအနေများနှင့်ပတ်သက်၍ သတင်းထုတ်ပြန် ဆောင်ရွက်နေမှုများ၊ ရခိုင်ပြည်နယ်သို့ သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံနိုင်ငံတကာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာအဖွဲ့များ စေလွှတ်ပေးနေမှု အခြေအနေများ၊ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ် တိုးတက်မှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ သတင်းမီဒီယာနှင့် ပတ်သက်သည့် ဥပဒေများ ပြင်ဆင်ရေးဆွဲနေမှု အခြေအနေများနှင့် သတင်းမီဒီယာ လွတ်လပ်ခွင့်အတွက် စီစဉ်ဆောင်ရွက်နေမှုများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



# ဒုတိယဝန်ကြီး ဦးအောင်လှထွန်းအား နော်ဝေသံအမတ်ကြီး လာရောက်တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းအား မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး H.E. Ms. Tone Tinnes သည် ယနေ့နံနက် ၉ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။



တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ မီဒီယာလွတ်လပ်ခွင့် အခြေအနေ၊ သတင်းမီဒီယာ ဥပဒေပြင်ဆင်ရေးနှင့် သတင်းအချက်အလက် သိရှိပိုင်ခွင့် ဥပဒေရေးဆွဲရေး ကိစ္စရပ်များ၊ ခေတ်စနစ်နှင့် ကိုက်ညီမှုမရှိသည့် တည်ဆဲဥပဒေအချို့အား ပြန်လည်သုံးသပ်ပြင်ဆင်နေမှု အခြေအနေ၊ Social Media များကို လူအများမှ စည်းစနစ်မှန်ကန်စွာ အသုံးချနိုင်ရေးအတွက် အသိပညာပေးရေး ကိစ္စများနှင့် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်နေသော ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# နွေစပါးတင်း ၁၀၀ ကျော်ထွက်ရှိရေး ကွင်းဆင်းဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

၂၀၁၇-၂၀၁၈ခုနှစ် နွေစပါးတင်း ၁၀၀ ကျော်ထွက်ရှိရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးတောင်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်းကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် မရွှေဥကျေးရွာအုပ်စု မရွှေဥကျေးရွာ ကွင်းအမှတ်(၃၃၃)၌ ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



အဆိုပါ ကွင်းဆင်းဆွေးနွေးဆောင်ရွက်ရာတွင် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်ကျော် ဦးဆောင်၍ မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်၊ သက်ဆိုင်ရာကွင်းနယ်မြေတာဝန်ခံများနှင့်အတူ မရွှေဥကျေးရွာရှိ စိုက်ပျိုးတောင်သူကြီးများနှင့်တွေ့ဆုံကာ သီးနှံစိုက်ပျိုးထုတ်လုပ်မှုမှတ်တမ်းထားရှိရန်နှင့် စပါးစိုက်ပျိုးမှုဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်အချက်များကို တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# (၈)ကြိမ်မြောက် ဂျပန်ဖလားတံခွန်စိုက် ကရာတေးဒိုပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးတို့၏ ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်တို့ ပူးပေါင်းကာ 8th Japan Cup Karate Championship (2018) ပြိုင်ပွဲကို မတ် ၇ ရက်မှ ၈ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှစတင်၍ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲမတိုင်မီ မတ် ၄ ရက်မှ ၅ ရက်အထိ နည်းပြနှင့် ဒိုင်လူကြီးများအတွက် မွမ်းမံသင်တန်း အဆင့်မြှင့်တင်ခြင်းနှင့် စာမေးပွဲစစ်ဆေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် Senior, Junior, Cadet, Under 14, Under 12 သက်တမ်းအလိုက် ပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ပြီး အကြီးတန်း Senior ပြိုင်ပွဲအဆင့်တွင် မြန်မာ့လက်ရွေးစင် ကရာတေးဒိုအားကစားသမားများ အပါအဝင် ကရာတေးကလပ်အသင်းများကို ကိုယ်စားပြုလျက် တစ်ဦးချင်း 'ခတ'နှင့် ကိုယ်အလေးချိန်တန်းအလိုက် 'ကုမိတဲ့' ပြိုင်ပွဲ အမျိုးအစားများတွင် ကလပ်အသင်းလိုက် တစ်ဦးစီအထိ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အသင်းလိုက် 'ခတ'ပြိုင်ပွဲအမျိုးအစားတွင် ကလပ်အသင်းလိုက် တစ်သင်းစီသာ ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။ ပြိုင်ပွဲအဆင့်အားလုံးတွင် ကရာတေးကလပ်အသင်းများကို ကိုယ်စားပြုလျက် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အကြီးတန်း Senior မှအပ ကျန်ပြိုင်ပွဲအဆင့်အားလုံးတွင် ပြိုင်ပွဲဝင်ဦးရေ ကန့်သတ်ချက်မရှိ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်းနှင့် ပါဝင်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်အသင်းများသည် အောင်ဆန်းအားကစားပြိုင်ဝင်း မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ဖက်စ် ၀၁-၃၇၉၉၃၉ သို့ ရုံးချိန်အတွင်းဖြစ်စေ၊ E-mail: myanmarkarateoffice@gmail.com သို့ဖြစ်စေ၊ Viber- ၀၉-၉၆၁၈၅၉၇၆၈ သို့ဖြစ်စေ မတ် ၃ ရက် နောက်ဆုံးထား၍ အမည်စာရင်းပေးသွင်းပြီး ပြိုင်ပွဲသို့ မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကြေးမုံ**

# ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ရေရှည်ပဋိပက္ခကင်းဝေးရေး အဓိကထားဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**
ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

အစည်းအဝေးတွင် ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးကျော်မင်းလှိုင်၏ **ဥတ္တရသီရိမြို့နယ်အတွင်း လမ်းမီးခွန်နှင့် သန့်ရှင်းရေးခွန်များပါဝင်သော ပစ္စည်းခွန်များကောက်ခံရာတွင် ပိုင်ရှင်များရှိနေပြီး အဆောက်အအုံမရှိသော၊ အဆောက်အအုံရှိနေပြီး လူမနေသော၊ အဆောက်အအုံဆောက်လက်စရပ်ထားသောမြေကွက်များကို အခွန်ပေးဆောင်နေရသော ပြည်သူများနှင့် မျှတမှုရှိစေရေး၊ ပြည်သူ့ဘဏ္ဍာများ မှန်မှန်ကန်ကန်ရရှိစေရေးတို့အတွက် မည်ကဲ့သို့ စည်းကြပ်ကောက်ခံနေပြီး မီးဘေးနှင့်မသမာသူများ ခိုးအောင်းနိုင်သောကြောင့် လုံခြုံရေးကိစ္စအတွက် မည်ကဲ့သို့ စီမံခန့်ခွဲနေသည်ကို သိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးတင်ထွဋ်က လမ်းမီးခွန်နှင့် သန့်ရှင်းရေးခွန်များမှာ ပစ္စည်းခွန် စည်းကြပ်ကောက်ခံခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအပိုဒ်(၁)၊ အပိုဒ်ခွဲ(ဃ)အရ ဝန်ဆောင်ခွန်အဖြစ် သတ်မှတ်ထားရှိသော အခွန်များဖြစ်ပါကြောင်း၊ ဝန်ဆောင်ခွန်ဆိုသည်မှာ နေပြည်တော်စည်ပင်သာယာရေးကော်မတီက စည်ပင်သာယာရေးနယ်နိမိတ်အတွင်း နေထိုင်သော ပြည်သူများအား လမ်းမီးထွန်းညှိပေးခြင်း၊ အမှိုက်သိမ်းဆည်းပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း စသည့်ဝန်ဆောင်မှုများ ဆောင်ရွက်ပေးသည့်အတွက် နေထိုင်သူများကိုသာ စည်းကြပ်သောအခွန်ဖြစ်သောကြောင့် လူနေထိုင်မှု မရှိသော အဆောက်အအုံများ၊ ဆောက်လုပ်ဆဲအဆောက်အအုံများအပေါ်တွင် ဝန်ဆောင်ခွန်ကို စည်းကြပ်ကောက်ခံမှုမပြုခြင်းဖြစ်ပါကြောင်း၊ မီးဘေးလုံခြုံရေးနှင့် မသမာသူများခိုအောင်းမှုမရှိစေရေး လှည့်ကင်း၊ ပတ်ကင်းများဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ စီမံဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ငွေ၏ **လေရှီး၊ လဟယ်၊ နန်းယွန်းမြို့နယ်များမှ လျှောက်ထားသည့် သူနာပြု၊ သားဖွားသင်တန်းသားဦးရေ တိုးမြှင့်တက်ရောက်ခွင့်ပြုရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက တစ်နိုင်ငံလုံးတွင် သူနာပြုကျောင်း ၂၅ ကျောင်း၊ သားဖွားကျောင်း ၂၂ ကျောင်းရှိပါကြောင်း၊ တစ်ပြည်လုံးအတိုင်းအတာဖြင့် သူနာပြု၊ သားဖွားများခေါ်သည့်အခါတွင် regular နှင့် အထူးဟူ၍ နှစ်မျိုးရှိပါကြောင်း၊ အထူးကို အမှတ်လျှော့၍ ခေါ်ယူပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် သူနာပြု၊ သားဖွားကျောင်း နှစ်ကျောင်းရှိပါကြောင်း၊ မုံရွာတွင် တစ်ကျောင်း၊ ကလေးတွင် တစ်ကျောင်းရှိပါကြောင်း၊ လာမည့် ၂၀၁၈ ခုနှစ်တွင် သင်တန်းသားများရွေးချယ်သည့်အခါ အထူးကိစ္စရပ်အနေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း၏ **ဒက္ခိဏသီရိ အသေးစားနှင့်အလတ်စားစက်မှုဇုန်အတွင်း ဖော်ထုတ်ပြီး မြေနေရာများ အကျိုးရှိထိရောက်စွာ အသုံးချနိုင်ရေးအတွက် မည်ကဲ့သို့ ဆောင်ရွက်ထားပါသနည်း၊ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်များ မည်ကဲ့သို့ ရေးဆွဲထားပါသနည်း၊ အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးသော အထည်ချုပ်လုပ်ငန်း ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာဦးစိုးမိုးသူ၏ **ရန်မနိုင်တိုက်နယ်ဆေးရုံတွင် စံကိုက်ဆေးရုံ အဆောက်အအုံအား မည်သည့်အချိန်တွင် စတင်ဆောက်လုပ်ပြီး လူနာကုသခြင်းများ ဆောင်ရွက်နိုင်မည်ကိုသိလိုကြောင်း** မေးခွန်း၊ မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း၏ **မတူပီမြို့နယ် ဆဘောင်သဲကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာနအဆင့် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ မိုးမိတ်မဲဆန္ဒနယ်မှ ဦးတိုးသောင်၏ **မိုးမိတ်မြို့နယ်တွင် တိုင်းရင်းဆေးရုံဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းတို့ကိုလည်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် နေပြည်တော်ကောင်စီဝင် ဦးတင်ထွဋ်တို့က ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးအောင်သောင်းရွှေ တင်သွင်းထားသည့် **“ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသတွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက်လည်းကောင်း၊ ဒေသခံဌာနေတိုင်းရင်းသားတို့၏ အသက်အိုးအိမ်၊ ထာဝရလုံခြုံမှုရှိသော လူမှုဘဝကိုထူထောင်နိုင်ရန် ဒေသခံတိုင်းရင်းသားတို့၏ လိုအပ်ချက်များကို ရေတိုရေရှည်စီမံကိန်းများ ပွင့်လင်းမြင်သာစွာချမှတ်၍ ထိရောက်သော အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ပြုလုပ်ပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း”** အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။


ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်

ကလေးမဲဆန္ဒနယ်မှ **ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး**က အဆိုရှင်တင်သွင်းသည့် ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသတွင် နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးနှင့် ဒေသခံဌာနေတိုင်းရင်းသားတို့၏ အသက်အိုးအိမ်ထာဝရ လုံခြုံမှုရှိသော လူမှုဘဝထူထောင်နိုင်ရန်ဆိုသည့်ကိစ္စ၏ အဓိကရေသောက်မြစ်သည် တရားဥပဒေစိုးမိုးရေးဖြစ်ပါကြောင်း၊ ပြည်သူ့အစိုးရတာဝန်ယူခဲ့သည့် ကာလအတွင်းတွင် ပြီးပြည့်စုံသည့် တရားဥပဒေစိုးမိုးမှုကို မရရှိသေးသော်လည်း အသက်အိုးအိမ်ဆုံးရှုံးမှုအနည်းဆုံးနှင့် တိုတောင်းလှသည့် အချိန်အတွင်းတွင် တည်ငြိမ်မှုကို တည်ဆောက်ထားနိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း ဆွေးနွေးသည်။

ကျေးသီးမဲဆန္ဒနယ်မှ **ဦးစိုင်းအောင်ကျော်**က အဆိုရှင်တင်ပြထားသည့် ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသပြန်လည်ထူထောင်ရေးလုပ်ငန်းများသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ဆက်စပ်ပတ်သက်နေပါကြောင်း၊ အဆိုပါဒေသနေ ပြည်သူများ၏ အသက်အိုးအိမ်လုံခြုံရေး အာမခံချက်ရှိစေပြီး လူမှုဘဝများဖွံ့ဖြိုးတိုးတက်လာမှသာ နယ်မြေတည်တံ့ခိုင်မြဲရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် **ဗိုလ်မှူးသန်းဝင်း**က ရခိုင်ပြည်နယ်တွင်ရှိသည့် ဒေသခံတိုင်းရင်းသားများ၏ လူမှုဘဝကိုထူထောင်ပေးရာတွင် ရေရှည်ဆောင်ရွက်ပေးရမည့်ကိစ္စမှာ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများဖြစ်ပါကြောင်း၊ ကျောင်းများကိုရေရှည်တွင် အဆင့်မြင့်တင်တိုးချဲ့ဖွင့်လှစ်နိုင်ရေးအတွက် စီမံချက်များ ချမှတ်ထားရန် လိုအပ်ပါကြောင်း၊ ဆရာ ဆရာများအတွက် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးပြီး လုံခြုံရေးအတွက် ဒေသဆိုင်ရာအာဏာပိုင်များနှင့်ပူးပေါင်း၍ အစီအမံများ ရေးဆွဲထားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အမျိုးသားလုံခြုံရေးအပိုင်းကို ဆောင်ရွက်ရာတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတပ်ဖွဲ့များက ဖွဲ့စည်းပုံအခြေခံဥပဒေအရ နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံသားတို့၏ အသက်အိုးအိမ်စည်းစိမ်တို့ကို ကာကွယ်စောင့်ရှောက်ရေးအတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေး၊ ဒေသခံဌာနေတိုင်းရင်းသားတို့၏ အသက်အိုးအိမ် စည်းစိမ်လုံခြုံမှုရှိသော လူမှုဘဝကို ထူထောင်နိုင်ရေး၊ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သော ပြည်နယ်တစ်ခုအဖြစ် ရပ်တည်နိုင်ရေးအတွက် ဟန်ချက်ညီစွာအောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ထို့ပြင် အဆိုနှင့်စပ်လျဉ်း၍ မောင်တောမဲဆန္ဒနယ်မှ ဦးလှထွန်းကျော်၊ တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်၊ ဒေါပုံမဲဆန္ဒနယ်မှ ဦးဌေးဝင်းအောင်(ခ) ဦးပြုံးချို၊ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်၊ သံဖြူဇရပ် မဲဆန္ဒနယ်မှ ဦးညဏ်ဟိန်း၊ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း၊ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင်၊ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၊ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း၊ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးခင်မောင်သန့်၊ မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး၊ ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျီး၊ ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း၊ ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုးတို့ကလည်း အကြံပြုဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်းပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဒေသခံတိုင်းရင်းသားများ မိမိတို့၏ဒေသတွင် အလုပ်အကိုင်ရရှိပြီး ပြန်လည်နေထိုင်နိုင်ရန် ရည်ရွယ်၍ စစ်တွေမြို့တွင် Smart အထည်ချုပ်စက်ရုံ၊ ခိုင်ပြည်စိုးအထည်ချုပ်စက်ရုံ၊ ရွှေကျားလက်ရက်ကန်း စက်ရုံတို့ကို အစိုးရ၏မတည်ပံ့ပိုးကူညီမှုဖြင့် ဖွင့်လှစ်နိုင်ခဲ့ပြီး အမျိုးသမီး ၂၅၀ တို့သည် အလုပ်အကိုင်များ ရရှိခဲ့ကြပြီး မိမိတို့ဒေသတွင် ပြန်လည်အခြေချနိုင်ခဲ့ပါကြောင်း၊ အလားတူ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် ပိုမိုကြီးမားသော အထည်ချုပ် စက်ရုံများ ဖွင့်လှစ်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ဒေသခံပြည်သူများ ပိုမိုအကျိုးခံစားခွင့်ရရှိနိုင်စေရန် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၄၈ ခုကို ဆောင်ရွက်ခွင့်ပြုနိုင်ခဲ့ပါကြောင်း။

ကျောက်ဖြူမြို့နယ်ရှိ ကျေးရွာ ၅၀ အတွက် လည်ပတ်ရန်ပုံငွေ တစ်ရွာလျှင် ကျပ်သိန်း ၃၀၀ မတည်ပေးခြင်း၊ Caterpillar Company နှင့်ပူးပေါင်း၍ စက်ကြီးမောင်းသင်တန်း ဖွင့်လှစ်ပေးခြင်း၊ GIZ အဖွဲ့အစည်း၏ ပံ့ပိုးမှုဖြင့် ဒေသခံအမျိုးသမီးများအား ရန်ကုန်မြို့တွင် စက်ချုပ်သင်တန်း တက်ရောက်ရန် စီစဉ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထို့ပြင် စိုက်ပျိုးရေးသင်တန်း ဖွင့်လှစ်ပေးခြင်း၊ သံချည်သံကွေး၊ ဂဟေဆက်၊ လျှပ်စစ်အသေးစားစက်ပြင် သင်တန်းများ ဖွင့်လှစ်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

ရခိုင်ပြည်နယ်လုံခြုံရေးအတွက် နယ်စပ်ခြံစည်းရိုးခိုင်ခံ့ကောင်းမွန်ရေး၊ ရေပိုင်နက် နယ်နိမိတ်လုံခြုံရေးတို့သည် အဓိကကျသောအချက်များဖြစ်သဖြင့် နယ်စပ်ခြံစည်းရိုးကာရံခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ထွက်သွားလာမှုမရှိစေရေးနှင့် အကြမ်းဖက်သမားများ၏အန္တရာယ်မှ လုံခြုံရေးတို့အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း မြန်မာ-ဘင်္ဂလားဒေ့ရှ် ထိစပ်နယ်နိမိတ်တစ်လျှောက် နယ်စပ်ခြံစည်းရိုး ပျက်စီးမှုများအား ပြုပြင်ခြင်း၊ နယ်စပ်ခြံစည်းရိုးကင်းလှည့်လမ်းပြုပြင်ခြင်း၊ ချဉ်းကပ်လမ်းများ၊ တံတားများနှင့် ကင်းစခန်းများ ပြုပြင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ နယ်စပ်ခြံစည်းရိုးတည်ဆောက်ခြင်းကို ၂၀၀၉ ခုနှစ်မှ စတင်၍ သဲသောင်ပြင်ပိုင်း၊ တာပေါင်ပိုင်းနှင့် တောင်ပေါ်ပိုင်းဟူ၍ ခြံစည်းရိုးအမျိုးအစား သုံးမျိုးဖြင့် အဆင့်ဆင့်တည်ဆောက်လျက်ရှိရာ ကျန်ရှိသည့် ၃၉ ဒသမ ၂၁၇ မိုင်အား လာမည့်ပွင့်လင်းရာသီတွင် လုပ်ငန်းစတုတ္ထအဆင့်အဖြစ် နယ်စပ်ခြံစည်းရိုးစီမံကိန်း (ကျီးကန်းပြင်)ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

တုံးချောင်းဝမှ BP 66 ထိ ခြံစည်းရိုးပျက်စီးမှုများနှင့် ဖျက်ဆီးခံရမှုများကို ၂၀၁၇ ခုနှစ် စက်တင်ဘာလမှစ၍ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခြံစည်းရိုးများ ပိုမိုလုံခြုံကောင်းမွန်စေရေးအတွက် ခြံစည်းရိုးနှစ်ထပ် ကာရံမှုများအဖြစ် အဆင့်မြှင့်တင်ခြင်းကို ရဲအောင်ချောင်းဝကင်းစခန်းမှ BP 36 ထိ ၆ ဒသမ ၃ မိုင်ကို ၂၀၁၇ ခုနှစ် အောက်တိုဘာမှ စတင်ဆောင်ရွက်လျက်ရှိရာ ယခုအချိန်တွင် ၇၂ ရာခိုင်နှုန်းပြီးစီးပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ၁၀၀ ရာခိုင်နှုန်း ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အကြမ်းဖက်သောင်းကျန်းသူများ စိမ့်ဝင်မှုမရှိစေရေးအတွက် နယ်ခြားစောင့် ရဲတပ်ဖွဲ့ဝင်များဖြင့် နယ်စပ်ခြံစည်းရိုးတစ်လျှောက် ကင်းစခန်းများ၊ လှည့်ကင်းများဖြင့် စိုးမိုးခြင်း၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်ခြားစောင့် ရဲတပ်ဖွဲ့များပူးပေါင်း၍ နယ်စပ်တစ်လျှောက် ပူးတွဲကင်းလှည့်ခြင်း၊ ဒေသခံအမာခံသတင်းပေးများဖြင့် အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုသတင်းရယူခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ရေလမ်းခရီးမှ အကြမ်းဖက်သမားများ ဝင်ရောက်လာမှုမရှိစေရေး တပ်မတော်(ရေ)မှ တပ်ဖွဲ့ဝင်များက နတ်မြစ်တစ်လျှောက် လှည့်ကင်းများဖြင့်လည်းကောင်း၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ ချောင်းဝကင်းစခန်းများထားရှိ၍လည်းကောင်း၊ လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျေးရွာအလိုက် ဒေသခံတိုင်းရင်းသားများ စိုးရိမ်ကြောင့်ကြမှု မရှိစေရေးအတွက် ကျေးရွာများအနီးရှိ နယ်ခြားစောင့်ကင်းစခန်းများမှ ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံများပူးပေါင်း၍ ကျေးရွာလုံခြုံရေးကင်းများချထားခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်ဖြစ်စဉ်များဖြစ်ပြီးနောက် နယ်မြေအခြေအနေအရ ယခင်ရှိသော ရဲကင်းစခန်း ၁၂၉ ခုကို စုစည်း၍ ရဲကင်းစခန်း ၉၅ ခုအဖြစ် ပြန်လည်ဖွဲ့စည်းခဲ့ပြီး ကင်းစခန်းအသစ်လေးခုကို အသစ် ထပ်မံတိုးချဲ့ဖွင့်လှစ်ခဲ့သဖြင့် ယခုလက်ရှိတွင် နယ်မြေရုံး ၁၁ ခု၊ နယ်မြေရဲစခန်း ၁၂ ခု၊ မိုင်တိုင်ကင်းစခန်း ၁၆ ခု၊ ချောင်းဝကင်းစခန်း ၂၇ ခု၊ ရဲကင်းစခန်း ၉၅ ခု၊ စုစုပေါင်း ၁၆၁ ခုဖြင့် လုံခြုံရေးနှင့် တရားဥပဒေ စိုးမိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ဒေသခံတိုင်းရင်းသားများကိုစုစည်းပြီး ရပ်ရွာသစ်များ ပြန်လည်တည်ဆောက်ရန် စီစဉ်လျက်ရှိရာ မြိုတိုင်းရင်းသားများအတွက် သစ်တိုးနားခွဆုံ၊ နတ်ချောင်း၊ ဇော်မတက်ရွာတို့တွင်လည်းကောင်း၊ ခမီ၊ ဒိုင်းနက်၊ ချင်းနှင့် မြိုတိုင်းရင်းသားများအတွက် ပဒကားရွာသစ်တွင်လည်းကောင်း၊ ရခိုင်တိုင်းရင်းသားများအတွက် မင်းကြီးရွာသစ်၊ အထက်ပြူးမနှင့် ကွမ်းသီးပင်ကျေးရွာများတွင်လည်းကောင်း၊ မာရမာကြီးတိုင်းရင်းသားများအတွက် လောင်းဒုံးရွာတွင်လည်းကောင်း၊ သက်တိုင်းရင်းသားများအတွက် သက်ကိုင်ညာကျေးရွာတွင်လည်းကောင်း၊ ဒိုင်းနက်လူမျိုးများအတွက် ကာလာဒေးဖက်ကျေးရွာတွင်လည်းကောင်း၊ ဟိန္ဒူဘာသာဝင်များအတွက် အိုးထိန်း၊ ရဲဘောက်ကျ၊ ကြိမ်ချောင်း၊ တောင်ပြို၊ မြို့မချောင်း၊ ရွှေဇား၊ မြို့ဦးနှင့် လေးမိုင်ကျေးရွာများတွင်လည်းကောင်း ရွာသစ်များ ထူထောင်ပေးလျက်ရှိခြင်း၊ ထူထောင်ရန်စီစဉ်ထားရှိခြင်းများ ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်မီးတိုးမြှင့်ရရှိရေး ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့များအတွက် 66 KV ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်လျက်ရှိပြီး ရသေ့တောင်မြို့ကို ၂၀၁၈ ခုနှစ် မတ်လတွင်လည်းကောင်း၊ ဘူးသီးတောင်မြို့ကို ၂၀၁၈ ခုနှစ် ဇွန်လတွင် လည်းကောင်း၊ မောင်တောမြို့ကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင်လည်းကောင်း နိုင်ငံတော် ဓာတ်အားစနစ်မှ ၂၄ နာရီ ဓာတ်အားပေးနိုင်တော့မည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဓာတ်အားစနစ်ရရှိလာပါက အဆိုပါမြို့သုံးမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ လျှပ်စစ်မီးသုံးသူအိမ်ထောင်စု ၂၇၀၄၇ စုကို နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ၂၄ နာရီ ဓာတ်အားပေးနိုင်မည်ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးများကို ဆောင်ရွက်ရာတွင် ရေရှည်ပဋိပက္ခကင်းဝေးရေးအတွက် အဓိကထားဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိသော ပြည်ထောင်စုစီမံကိန်း UEHRD ကို အကောင်အထည်ဖော်ရာတွင် မူဝါဒများ၊ ဥပဒေများနှင့်အညီဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြန်လည်လက်ခံရေးကိစ္စတွင် ဘင်္ဂလားဒေ့ရှ်-မြန်မာ နှစ်နိုင်ငံသဘောတူညီချက်(၁)ရပ်၊ နှစ်နိုင်ငံပူးတွဲလုပ်ငန်းအဖွဲ့၏ သဘောတူညီချက်(၂)ရပ်ဖြင့် စနစ်တကျဆောင်ရွက်လျက်ရှိပြီး လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ နိုင်ငံတကာစံနှုန်း သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း။

ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်နေသော အရေးကိစ္စများသည် မြန်မာနိုင်ငံတစ်ခုလုံးအပေါ်တွင်လည်း အကျိုးသက်ရောက်မှု များစွာရှိနေသည်ကို အားလုံးအသိဖြစ်ပါကြောင်း၊ ထို့ကြောင့် ရခိုင်ပြည်နယ်ရှိ ပြည်သူများ၏ အကျိုးကို ကိုင်တွယ်ဆောင်ရွက်ရာတွင် တစ်နိုင်ငံလုံး၏ အရေးကဲ့သို့ သတိကြီးစွာထား၍ အမြင်ကျယ်ကျယ်ဖြင့် ကိုင်တွယ်ဆောင်ရွက်ရန် များစွာလိုအပ်ပါကြောင်း၊ အစိုးရ၏ ဆောင်ရွက်ခဲ့မှုများ၊ လက်ရှိဆောင်ရွက်ထားရှိမှုနှင့်

**စာမျက်နှာ ၁၁ သို့ ●**

# မြောက်ဦး-မဟာထီး ကွန်ကရစ်လမ်းပိုင်းမှ ဗလိပြင်ကျေးရွာထိ ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးသွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၀ ရက် မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အစီရင်ခံစာ နှစ်ခု ဖတ်ကြားရှင်းလင်းခြင်းနှင့် အဆိုတစ်ခုဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် **ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်** (၇)မှ ဦးကျော်ကျော်၏ **ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် မြောက်ဦး-မဟာထီး ကွန်ကရစ်လမ်းပိုင်းမှ ဗလိပြင် ကျေးရွာထိ မြေသားလမ်းကို ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က မြောက်ဦး-မဟာထီးကွန်ကရစ်လမ်းပိုင်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော လမ်းဖြစ်ပါကြောင်း၊ မြောက်ဦး-မဟာထီး ကွန်ကရစ်လမ်းပိုင်းမှ ဗလိပြင်ကျေးရွာအထိ မြေသားလမ်းပိုင်းသည် ကျေးရွာမှ ကိုယ်ထူကိုယ်ထ ဖောက်လုပ်ထားခြင်းဖြစ်သဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းစာရင်းသို့ သိမ်းသွင်းနိုင်ရေးအတွက် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့မှ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ အဆိုပါ မြေသားလမ်း လေးမိုင် လေးဖာလုံ လူသွားလမ်း တစ်မိုင် တစ်ဖာလုံအား မြေသားလမ်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းကို ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် ရခိုင်ပြည်နယ် အစိုးရရန်ပုံငွေကျပ် ၃၅ သန်းဖြင့် လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ၇၅ ရာခိုင်နှုန်းပြီးစီးနေပြီ ဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းအဖြစ် သိမ်းသွင်းပြီးပါက ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေထည့်သွင်းလျာထား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲ့ခိန်း၏ **ချင်းပြည်နယ် ဟားခါးမြို့တော်တွင် ပြည်တွင်း၊ ပြည်ပ ခရီးသည်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ လုပ်သားပြည်သူများ အားလပ်ရက်များတွင် အနားယူ အပန်းဖြေရန်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အဆင့်မီပန်းခြံတစ်ခု တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်းက ချင်းပြည်နယ် ဟားခါးမြို့တွင် အဆင့်မြင့်ပန်းခြံတည်ဆောက်နိုင်ရေးအတွက် ခွာစီလိုဘိုအရပ်တွင် ငါးဧကခန့်ကို ဟားခါးမြို့ မြို့မိမြို့ဖများမှ မြေပိုင်ဆိုင်မှုရရှိရေးအတွက် ဟားခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ ပန်းခြံတည်ဆောက်နိုင်ရေးအတွက် ၂၀၁၈-၂၀၁၉ ဘတ်ဂျက်လျာထားချက်တွင် ဒုတိယဦးစားပေးအဖြစ် ခွာစီလိုဘိုပန်းဥယျာဉ်ပြုလုပ်ခြင်းနှင့် ရေလှောင်ကန် တစ်လုံး၊ ရေကန်(ခြံစည်းရိုးအပါအဝင်) ငွေကျပ် သန်း ၁၅၀ လျာထားတောင်းခံထားပြီးဖြစ်သဖြင့် ခွင့်ပြုရန်ပုံငွေ ရရှိပါက ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဖလမ်းခရိုင်၊ မင်းတပ်ခရိုင်နှင့် မတူပီခရိုင် မြို့တော်များတွင် ပန်းခြံများ တည်ဆောက်ပေးရေးအတွက် ဖလမ်းခရိုင် ဖလမ်းမြို့ ကျင်မွာလ်ရပ်ကွက်ရှိ စည်ပင်သာယာရေးပန်းခြံကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ချင်းလူမှုရေးအဖွဲ့တို့ ပူးပေါင်း၍ သဘာဝသစ်ခွပန်းမျိုးစုံများ စိုက်ပျိုးရေး စီမံထားရှိပါကြောင်း။

မင်းတပ်ခရိုင် မင်းတပ်မြို့တွင် မြေဧရိယာ သုံးဧကကို ဦးဝမ္မသူးမောင်းကြေးရုပ်နှင့် ပန်းခြံတည်ဆောက်ရေး အတွက် သစ်တောမြေမှ စွန့်လွှတ်ပေးရန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ တင်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ မတူပီခရိုင် မတူပီမြို့တွင်လည်း အဆင့်မြင့်ပန်းခြံတည်ဆောက်ရေးအတွက် မြေနေရာအား လျာထားသတ်မှတ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကန်ပက်လက်မြို့တွင်လည်း အလားတူ ဆောင်ရွက်ရန်အတွက် လျာထားပြီး ရန်ပုံငွေရရှိပါက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တီးတိန်၊ ပလက်ဝ၊ ထန်တလန်မြို့နယ်များတွင် ယခုအချိန်ထိ ပန်းခြံများတည်ဆောက်နိုင်ရန်အတွက် စီမံချက်ရေးဆွဲထားရှိခြင်း မရှိသေးပါကြောင်း၊ ကျန်သည့်နေရာများတွင် စီမံချက်ရေးဆွဲပြီး ဘတ်ဂျက်ရရှိသည်နှင့်တစ်ပြိုင်နက် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး၏ **ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက်ရှိ တောင်သူကုန်း-ယိုးဒယားဈေးမှ ထွက်သော အညစ်အကြေးများကြောင့် ရပ်ကွက်တွင်း ပြည်သူများ ကျန်းမာရေးထိခိုက်လျက်ရှိပြီး သာရေး၊ နာရေး၊ မီးဘေးအန္တရာယ်များအတွက် ကားများ ဝင်ထွက်သွားလာနိုင်မှုမရှိခြင်းတို့ကြောင့် ၎င်းလမ်းဘေးဈေးကို သင့်တော်မည့်နေရာသို့ ရွှေ့ပြောင်းပေးနိုင်ခြင်းရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်းက အင်းစိန်မြို့နယ် တောင်သူကုန်း ရပ်ကွက် တောင်သူကုန်းလမ်းတွင် ပျံကျဈေးသည်များ ရောင်းချလျက်ရှိသော ဒေသအခေါ် ယိုးဒယားဈေးသည် လွန်ခဲ့သော နှစ်ပေါင်း ၃၀ ခန့်မှစတင်၍ တောင်သူကုန်းလမ်း ဝဲ၊ယာ တစ်လျှောက် ရောင်းချလျက်ရှိပြီး လမ်းအရှည် (၁၀၀၀×၁၂ ပေ)ခန့်တွင် ပျံကျဈေးသည် ၂၀၀ ခန့် ရောင်းချလျက်ရှိပါကြောင်း၊ ပျံကျဈေးသည်များ အနေဖြင့် ဈေးဆိုင်ခန်းရယူပြီးသော်လည်း နောက်ပိုင်းတွင် ဘိုကုန်းဈေး၌ ဘဲဆိုင်ခန်းများရောင်းချ၍ မူလယိုးဒယား ဈေးတွင်သာ ပြန်လည်ရွှေ့ပြောင်း ရောင်းချလျက်ရှိပါကြောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာနအနေဖြင့် စနစ်တကျရောင်းချစေရန်အတွက် ဈေးသစ် ဆောက်လုပ်ပြောင်းရွှေ့နေရာပေးသော်လည်း ဈေးသည်များက မူလနေရာတွင်သာ ပြန်လည်ရောင်းချနေခြင်းဖြစ်ပြီး ယခုအချိန်ပြန်လည်ရွှေ့ပြောင်းမည်ဆိုပါက ဘိုကုန်းဈေးအတွင်း လုံလောက်သောနေရာ မရှိပါကြောင်း၊ ယိုးဒယားဈေးနှင့် အနီးဆုံးနေရာသည် ပေ ၂၅၀၀ ခန့်ကွာဝေးသည့် ဘိုကုန်းဈေးဖြစ်ပါကြောင်း၊ ဘိုကုန်းဈေးသည် ဧရိယာအကျယ် (ပေ ၃၂၀×၁၀၀)ဖြင့် ဈေးရုံ ၆ ရုံ၊ ဆိုင်ခန်းပေါင်း ၂၅၁ ခန်း ရှိပါကြောင်း၊ ပျံကျဈေးသည် ၃၈ ဦး ရောင်းချလျက်ရှိပါကြောင်း၊ ဈေးဧရိယာအတွင်းတွင် (၂၇×၅၅)ပေ ကျယ်ဝန်းသည့် ပျံကျဈေးရောင်းချနိုင်မည့် လစ်လပ်နေရာရှိနေပါကြောင်း၊ ယင်းနေရာတွင် ယိုးဒယားဈေးမှ ပျံကျဈေးသည်များချထားပေးရန် နေရာလုံလောက်မှုမရှိသည့်အတွက် ယိုးဒယား ဈေးအား ပြောင်းရွှေ့နေရာချထားပေးရန် အစီအစဉ်မရှိသေးပါကြောင်း။

ဈေးဆိုင်မှ အညစ်အကြေးများကြောင့် တောင်သူကုန်း လူနေရပ်ကွက်အတွင်း ပြည်သူများ ကျန်းမာရေးဆိုးရွားစွာ မခံစားရရေးအတွက် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် အိမ် ၃၂၃ အိမ်၊ အဘိတ် ဆေးခတ်ခြင်း၊ ခြင်ထောင်ဝေပေးခြင်း၊ ခြင်ထောင်ဆေးရည် စိမ်ပေးခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ပေးပါကြောင်း၊ အင်းစိန်မြို့နယ် ဒေသန္တရကျန်းမာရေးဌာနမှလည်း ဆေးဖျန်း၊ ဆေးမှုတ်ခြင်းများ ဆောင်ရွက်ပေးပါကြောင်း၊ တိရစ္ဆာန်ဆေးကုဌာနကလည်း မြေကြွက်၊ ခွေးလေခွေးလွင့် ရှင်းလင်းရေးများလည်း ဆောင်ရွက်ပေးပါကြောင်း၊ တောင်သူကုန်းရပ်ကွက်အတွင်း ဖြတ်သန်းစီးဆင်းနေသော ကသွယ်ချောင်းသည် ပေ ၁၂၀၀၀ ခန့် ရှိပါကြောင်း၊ ရေစီးရေလာကောင်းမွန်ရေးအတွက် နှစ်စဉ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကွင်းမွေ့(၁)လမ်းနှင့် (၂)လမ်းတို့ကို Box Culvert နှစ်ခု တည်ဆောက်ပေးခဲ့ပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန လမ်းနှင့် တံတားမှ တောင်သူကုန်းရပ်ကွက်အတွင်း ဖြတ်သန်းစီးဆင်းနေသည့် ကသွယ်ချောင်းရေစီးရေလာ ကောင်းမွန်စေရေးအတွက် ဖေဖော်ဝါရီလမှ စတင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်ပါသည့် အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဝင် ဦးလားလ်မင်းထန်က ဖတ်ကြားတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော စာချုပ်စာတမ်းများမှတ်ပုံတင် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီးပေးပို့လာသော အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့် အက်ဥပဒေ (The Caste Disabilities Removal Act)ကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန်အတွက် ဥပဒေကြမ်းကော်မတီဝင် ဦးကျော်ကျော်က အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် အဆိုပါ ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၏ **ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု ONE VILLAGE ONE PRODUCT (OVOP) ကျေးလက်ဒေသ ဖွံ့ဖြိုးရေးမဟာဗျူဟာ (RURAL DEVELOPMENT STRATEGY)အစီအစဉ်အား ဆင်းရဲသော တိုင်းဒေသကြီးနှင့်ပြည်နယ်များအား ဦးစားပေးလျက် သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဘဏ္ဍာငွေတစ်ရပ် ထည့်သွင်းရေးဆွဲကာ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်မြင့်ဦးက Farm Project သည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်မြင့် လယ်ယာဖော်ဆောင်ရေးအတွက် တစ်နိုင်တစ်ပိုင် အသေးစားလုပ်ငန်းများအတွက် ချေးငွေထုတ်ပေးရေးနှင့် ထုတ်ကုန်တန်ဖိုးမြှင့်တင်ရေးတို့ပါဝင်ပါကြောင်း၊ ကျေးရွာတစ်ရွာ ထွက်ကုန်တစ်မျိုးအောင်မြင်နိုင်ရေးအတွက် အကြိုပြင်ဆင်သည့် အနေဖြင့် လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေသည့် အဆင့်မြင့်လယ်ယာဖော်ထုတ်ပေးရေး၊ တောင်သူများ ပုံစံ ၇ ရရှိရန်အတွက် အချိန်မီပြုလုပ်နိုင်ရေး၊ သီးနှံများအရည်အသွေး မြင့်မားပြီး နိုင်ငံတကာသို့အဆင့်မီပို့ဆောင်နိုင်ရေးအတွက် GAP စိုက်ပျိုးသည့်အလေ့အကျင့်ကောင်းများ ကျယ်ကျယ်ပြန့်ပြန့်ထွန်းကားလာစေရေးအတွက် ဖော်ဆောင်ပေးနိုင်ရေး၊ ပြည်တွင်း၊ ပြည်ပဈေးကွက်ရှာဖွေပေးနိုင်ရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်စသည့် အခြေခံအဆောက်အအုံများကို ဖြည့်ဆည်းပေးနိုင်ရေး၊ ဒီမိုကရေစီ ယန္တရားကို ပြုပြင်ပြောင်းလဲတိုးတက်ရန် ပြုလုပ်ပေးနိုင်ရေး အမြန်ပြုလုပ်သင့်ပါကြောင်းနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံရေးပါ တည်ဆောက်နေရသည့် ကာလဖြစ်သောကြောင့် အားလုံးညီညီညွတ်ညွတ် လုပ်ဆောင်ကြရန်အတွက် အကြံပြုတိုက်တွန်းကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးထက်လင်းက ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခုကို ဆောင်ရွက်ခြင်းအားဖြင့် ကျေးလက်ဒေသနေ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်း လုံလောက်စွာရရှိခြင်း၊ လူနေမှုဘဝမြင့်မားတိုးတက်လာခြင်း၊ အရည်အသွေးမီဒေသထုတ်ကုန်များကို ပြည်တွင်းသာမက ပြည်ပသို့ တင်ပို့ရောင်းချလာနိုင်ခြင်းတို့ကြောင့် ဒေသခံပြည်သူများ၏ ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်မည့်အပြင် နိုင်ငံစီးပွားရေးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလာနိုင်မည်ဖြစ်ပါကြောင်း၊ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု စီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဒေသခံပြည်သူလူထုနှင့်အတူ နိုင်ငံတော်အစိုးရ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အမျိုးသားလူမှုအဖွဲ့အစည်းများ၊ စီးပွားရေးအဖွဲ့အစည်းများ၊ ပညာရှင်များက ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ထုတ်လုပ်မည့် ကုန်ပစ္စည်းများကိုလည်း ကုန်ပစ္စည်းတန်ဖိုးအလိုက် လူတန်းစားမရွေး အသုံးပြုနိုင်အောင် စီမံထုတ်လုပ်ရမည့်အပြင် ပြည်တွင်း၊ ပြည်ပဈေးကွက်ရရှိအောင် ကုန်စည်ပြပွဲများ ကျင်းပခြင်းစသည့် နည်းလမ်းအမျိုးမျိုးဖြင့် နိုင်ငံတကာအဆင့်အထိ ထိုးဖောက်နိုင်စေရန် ရည်မှန်းချက်ထား ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတကာအဆင့်မီ အရည်အသွေး ဖြစ်စေရန်အတွက် ထုတ်လုပ်မှုနည်းပညာမြင့်မားရန် လိုအပ်ကြောင်းလည်း သုံးသပ်လေ့လာတွေ့ရှိရပါကြောင်း၊ နည်းပညာမြင့် ထုတ်ကုန်များရရှိရေးအတွက် ထုတ်လုပ်မည့် လုပ်ငန်းအမျိုးအစားအလိုက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများက စနစ်တကျ သင်ကြားလေ့ကျင့်ရမည့်အပြင် အောင်မြင်မှုရရှိနေကြသည့် အခြားနိုင်ငံများကိုလည်း လေ့လာကြရမည်ဖြစ်ပါကြောင်း။

ကျေးရွာတစ်ရွာထုတ်ကုန်တစ်ခု ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းကို အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းဖော်ဆောင်မည့် နေရာဒေသရွေးချယ်မှု၊ ကုန်ထုတ်လုပ်နိုင်မည့် အရင်းအမြစ်ရရှိမှု၊ ထုတ်လုပ်ရန် ကုန်ကျမည့် ရင်းနှီးမြှုပ်နှံမှု၊ လူ့စွမ်းအားအရင်းအမြစ်အပါအဝင် နည်းပညာမြင့်မားစွာ ထုတ်လုပ်နိုင်မှု၊ ထွက်ရှိသမျှ ထုတ်ကုန်များအတွက် ပြည်တွင်း၊ ပြည်ပဈေးကွက်ရရှိစေနိုင်မှု၊ ဈေးကွက်၏ဝယ်လိုအားအပေါ်မူတည်၍ ထုတ်လုပ်နိုင်မည့် ပမာဏနှင့် အကျိုးအမြတ်ရရှိနိုင်မှုတို့ကို အခြေခံကာ ဘက်ပေါင်းစုံမှ သုံးသပ်၍ ရေရှည်စီမံကိန်းအဖြစ်သာ အစီအစဉ်များ စနစ်တကျရေးဆွဲ ဆောင်ရွက်သင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

အလားတူ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) မှ ဦးမြမင်းဆွေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ)နှင့် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်ရှားမူတို့က ဆွေးနွေးကြသည်။

ထို့နောက် ယင်းအဆိုနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က နိုင်ငံတော်၏ ဘဏ္ဍာငွေကြေး ရင်းနှီးမြှုပ်နှံနိုင်မှုကို ထည့်သွင်းစဉ်းစားရန် လိုအပ်မှုရှိနေသည့် အခြေအနေ၊ ရင်းနှီးမြှုပ်နှံမှုကို အကျိုးရှိ၊ ထိရောက်စွာ သုံးစွဲ အကောင်အထည်ဖော်ရန်အတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများမှ ကျေးရွာများ၏ အခြေခံအဆောက်အအုံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိနေသည့် အခြေအနေ၊ ယင်းစီမံကိန်းများက ကျေးလက်နေပြည်သူများ၏ စွမ်းဆောင်ရည်များကို မြှင့်တင်တည်ဆောက်ပေးနိုင်ရေးကို ဆောင်ရွက်ပေးလျက်ရှိနေသည့် အခြေအနေ၊ အခြေခံကောင်းများအပေါ်တွင် စနစ်တကျ အကောင်အထည်ဖော်နိုင်ရန်အတွက် အချိန်ယူဆောင်ရွက်ရမည့်အခြေအနေတို့ ရှိနေသည့်အတွက် ယင်းအဆိုကို တင်ပြဆွေးနွေးချက်များအပေါ် ထောက်ရှုပြီး မှတ်တမ်းတင်ထားရှိပါရန် ရှင်းလင်းဖြေကြားသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်က စက်ခလုတ်နှိပ်၍ မဲခွဲဆုံးဖြတ်ရာ ထောက်ခံမဲ ၇၁မဲ၊ ကန့်ကွက်မဲ ၁၀၆ မဲနှင့် ကြားနေမဲ ခုနစ်မဲဖြင့် ကန့်ကွက်မဲများသဖြင့် အဆိုအား အတည်မပြုကြောင်း ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကြေညာသည်။

အမျိုးသားလွှတ်တော် ဒုတိယအကြိမ် သတ္တမပုံမှန်အစည်းအဝေး ၂၁ ရက် မြောက်နေ့ကို ဖေဖော်ဝါရီ ၂၁ တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

## ပြင်ဆင်ဖတ်ရှုပါရန်

ဖေဖော်ဝါရီလ ၂၀ ရက်နေ့ထုတ်ကြေးမုံသတင်းစာ စာမျက်နှာ (၇) တွင် ဖော်ပြထားသော ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတွင် အကြံပြုစာများကို "ပြည်ထောင်စု လွှတ်တော်ရုံးသို့" အစား "အမျိုးသားလွှတ်တော်ရုံးသို့"လိပ်မူပေးပို့နိုင်ပါသည်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**စာတည်း**



နှစ်(၇၀) ပြည့် ချင်းအမျိုးသားနေ့အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ တက်ရောက်ချီးမြှင့်ကြစဉ်။

## ❒ နှစ် (၇၀) ပြည့်မှ

ဦးတီခွန်မြတ်နှင့် ဇနီး၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်ဇနီး၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌနှင့် ၎င်းတို့၏ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ချင်းတိုင်းရင်းသား တိုင်းရင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ချင်းတိုင်းရင်းသား တိုင်းရင်းသူလေးများက “လှပတဲ့ချင်းပြည်” အဖွင့်သီချင်းကို သီဆို၍ နှစ်(၇၀)ပြည့် ချင်းအမျိုးသားနေ့ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ချင်းအမျိုးသားနေ့ အခမ်းအနားကို ကြွရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး၊ အထူးသဖြင့် ချင်းတောင်တန်းကနေ ကျွန်မတို့ကို ဖျော်ဖြေဖို့အတွက် ဆင်းလာတဲ့ ချင်းတိုင်းရင်းသားများအားလုံးကို ကြိုဆိုနှုတ်ခွန်းဆက်ပါတယ်။ အခုဆိုရင် နေပြည်တော်မှာ ချင်းတိုင်းရင်းသားများနေ့ ကျင်းပတာကို အခေါက်ခေါက်အခါခါ ကျွန်မတက်ရောက်ခဲ့ပါတယ်။ တစ်ခါပဲ ပျက်ကွက်ခဲ့ပါတယ်။ ဒီလိုနေ့မျိုးမှာ ကျွန်မတို့ဟာ အစဉ်အမြဲတည်နိုင်တဲ့ အတွေးအခေါ်တွေနဲ့ပတ်သက်လို့လည်း ပြောစရာရှိတာတွေကို ပြောတယ်။ ဒါပေမဲ့လည်း မထပ်အောင်လို့ စဉ်းစားပြီးပြောရပါတယ်။ ဒီတစ်ခါလာလည်း ဒီမိန့်ခွန်းပဲ၊ ဒီတစ်ခါလာလည်း ဒီမိန့်ခွန်းပဲဆို အင်မတန်မှ ပျင်းစရာ ကောင်းပါတယ်။ ဒါပေမဲ့လည်း ဘယ်နှခါပဲပြောပြော ပြောလို့မကုန်နိုင်တဲ့ ကိစ္စကတော့ ကျွန်မတို့ရဲ့ ပြည်ထောင်စုစိတ်ဓာတ်နဲ့ ပတ်သက်တာပဲ ဖြစ်ပါတယ်။

ကျွန်မတို့ဟာ ပြည်ထောင်စုစိတ်ဓာတ်ကိုအားပေးတဲ့ တိုင်းရင်းသားများအားလုံးကို အထူးပဲကျေးဇူးတင်ပါတယ်။ ကျွန်မတို့ နိုင်ငံရဲ့တိုးတက်ရေးအတွက်၊ ပြည်ထောင်စုကြီးခိုင်မြဲရေးအတွက်ဆိုရင် တိုင်းရင်းသားများအားလုံး ပါဝင်ပြီးတော့ ကူညီဖို့ဟာ အင်မတန်မှ အရေးကြီးပါတယ်။ ဒီလိုအရေးကြီးတာကြောင့် ကျွန်မတို့ရဲ့ ချင်းတိုင်းရင်းသားများရဲ့ ညီအစ်ကိုမောင်နှမစိတ်ကို အင်မတန်မှ တန်ဖိုးထားပါတယ်။ တိမ်ဖျားအထက်ကရှိတဲ့ တောင်တန်းမှာရှိတဲ့ ကျွန်မတို့ရဲ့ ညီအစ်ကိုမောင်နှမများ ဘယ်လိုပဲ၊ ဘယ်နှခါပဲ တွေ့ရတွေ့ရ အပြုံးနဲ့ ကျွန်မတို့ကို ကြိုဆိုခဲ့ပါတယ်။

ချင်းတိုင်းရင်းသားများဟာ ဆင်းရဲတယ်၊ ချမ်းသာတယ်ဆိုတာ အဓိကမဟုတ်ပါဘူး။ သူတို့ရဲ့ နွေးထွေးတဲ့စိတ်ဓာတ်နဲ့ ကျွန်မတို့အပေါ်မှာ ကြိုဆိုချင်တဲ့စေတနာက အဓိကဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့ ဘယ်နှခါပဲ ချင်းတောင်ကိုရောက်ရောက် အခုချင်းပြည်နယ်လို့ ဆိုပေမယ့် ကျွန်မတို့စိတ်ထဲမှာ ချင်းတောင်ဆိုတာ ပိုပြီးတော့လှပပြီး ပိုပြီးတော့ စွဲလမ်းစရာ အခေါ်အဝေါ်လေးဖြစ်ပါတယ်။ ချင်းတောင်ကို ရောက်တိုင်းရောက်တိုင်း ကျွန်မတို့စိတ်ချမ်းသာရပါတယ်။ ဒီလို အချင်းချင်း စိတ်ချမ်းသာမှုပေးနိုင်တယ်ဆိုတာ ပြည်ထောင်စုသားများရဲ့ အဓိကတာဝန်တစ်ခုလို ကျွန်မတို့ ယူဆပါတယ်။

ချင်းတိုင်းရင်းသူလေးများဆိုတဲ့ သီချင်းကို နားထောင်တဲ့အခါကျတော့ တောင်ပေါ်က ကျွန်မတို့ရဲ့ တိုင်းရင်းသားများက မြေပြန့်ကိုဆင်းလာတဲ့အခါကျရင် မိမိတို့ရဲ့တောင်တန်းတွေကို လွမ်းကြတယ်။ ကျွန်မတို့မြေပြန့်က တောင်ပေါ်တက်သွားတဲ့ တိုင်းရင်းသားတွေကလည်း တောင်ပေါ်ရောက်သွားတဲ့အခါ ကိုယ်ရဲ့မြေပြန့်ကို လွမ်းကြတယ်။

ဒါပေမဲ့ ကျွန်မတို့ တိုင်းရင်းသားအချင်းချင်း လုပ်ပေးရမှာက မြေပြန့်သူတွေက တောင်ပေါ်ကဆင်းလာတဲ့ တိုင်းရင်းသားတွေကို အလွမ်းပြေအောင်လို့ နွေးထွေးမှုနဲ့ မေတ္တာနဲ့ စေတနာနဲ့ ကြိုဆိုပြီးတော့ ဝန်းရံပေးရမယ်။ ထိုနည်းလည်းကောင်းပဲ မြေပြန့်ကနေပြီး တောင်ပေါ်ကို ရောက်သွားတဲ့အခါကျရင် တောင်ပေါ်ကတိုင်းရင်းသားများက မြေပြန့်က တက်လာတဲ့ ညီအစ်ကိုမောင်နှမများ အလွမ်းပြေအောင်လို့ နွေးထွေးမှုနဲ့ ကြင်နာမှုနဲ့ ဖြုံလွှမ်းပေးရမှာဖြစ်ပါတယ်။ ဒါက နောက်ဆုံးတော့ ကျွန်မတို့ရဲ့ တာဝန်ပဲဖြစ်ပါတယ်။

အချင်းချင်းအပေါ်မှာ စေတနာ မေတ္တာထားပြီးတော့ အချင်းချင်းရဲ့ အလွမ်းတွေပြေအောင်လို့ ကူညီပေးဖို့ပါပဲ။ ဒီလိုသာ ကျွန်မတို့ လုပ်သွားနိုင်မယ်ဆိုရင် ကျွန်မတို့ရဲ့ ပြည်ထောင်စုကြီးက မလွဲမသွေ တိုးတက်မှာဖြစ်ပါတယ်။ ဘယ်လို စိန်ခေါ်မှုတွေနဲ့ပဲ

**စာမျက်နှာ ၉ သို့** ❁



နှစ်(၇၀) ပြည့် ချင်းအမျိုးသားနေ့အခမ်းအနား၌ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် တက်ရောက်လာကြသူများ ရိုးရာယဉ်ကျေးမှုအကအဖွဲ့နှင့်အတူ ချင်းပြည်နယ်အကြောင်း ရေးဖွဲ့ထားသည့် တေးသီချင်းဖြင့် ပါဝင်ဆင်နွှဲကြစဉ်။




နှစ်(၇၀) ပြည့် ချင်းအမျိုးသားနေ့အခမ်းအနား၌ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တက်ရောက်လာကြသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

❁ စာမျက်နှာ ၈ မှ
ရင်ဆိုင်ရ ရင်ဆိုင်ရ ကျွန်မတို့ ဒီစိန်ခေါ်မှုတွေကို ကျော်လွှားပြီးတော့ လိုချင်တဲ့ ကျွန်မတို့ရဲ့ ပန်းတိုင်ကို ရောက်မှာဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ ပန်းတိုင်က ဘာလဲဆိုတော့ အားလုံးအတွက် လုံခြုံမှု၊ တိုးတက်မှု၊ ငြိမ်းချမ်းမှုကို အာမခံနိုင်တဲ့ ပြည်ထောင်စုကြီးတစ်ခုကို ထူထောင်ဖို့ပါပဲ။

ဒီလိုပြည်ထောင်စုကြီးထဲမှာမှ ကျွန်မတို့ ညီအစ်ကိုမောင်နှမများအားလုံးက ကိုယ့်အတွက်တင်မဟုတ်ဘဲ ကိုယ့်ရဲ့ နောင်လာနောက်သားတွေအတွက် စိတ်ချလက်ချနေထိုင်သွားနိုင်မှာဖြစ်ပါတယ်။ အဲဒီလိုနည်းနဲ့သာ တစ်ယောက်နဲ့တစ်ယောက် အလွမ်းတွေကို ဖြေပေးနိုင်ဖို့ အခွင့်အရေးတွေရမှာ ဖြစ်ပါတယ်။ ထူးခြားတဲ့ ချင်းတိုင်းရင်းသားများရဲ့ အမျိုးသားနေ့အခမ်းအနားနဲ့ပတ်သက်လို့ ထူးခြားချက်တစ်ခုကတော့ ပထမဆုံးအကြိမ် ကျွန်မတက်ကတည်းက ပညာထူးချွန်တဲ့ ကျောင်းသား ကျောင်းသူလေးများကို ဂုဏ်ပြုပေးရတဲ့တာဝန်ကို ဝမ်းပန်းတသာနဲ့ပဲ ယူခဲ့ရပါတယ်။ ဒီဟာက အခြားအမျိုးသားနေ့တွေနဲ့ မတူဘူး၊ ချင်းတိုင်းရင်းသားများဟာ ပညာကိုအင်မတန်မှ ပိုပြီးတော့ အလေးထားသလို ဖြစ်နေပါတယ်။ ဒီလိုပြောခြင်းအားဖြင့် အခြားတိုင်းရင်းသားတွေက ပညာကို အလေးမထားဘူးလို့ ပြောလိုတာမဟုတ်ပါဘူး။ ချင်းတိုင်းရင်းသားများ အမျိုးသားနေ့မှာဆိုရင် ဒီဟာလုပ်ခဲ့တဲ့ အစဉ်အလာလေးကို ကျွန်မတို့က တန်ဖိုးထားခြင်းအားဖြင့် ပြောတာဖြစ်ပါတယ်။

အဲဒီလို ချင်းတိုင်းရင်းသားများနေ့မှာဆိုရင် ပညာထူးချွန်တဲ့ လူငယ်များကို ဂုဏ်ပြုတဲ့အခါ ပညာကိုအားပေးရမယ်။ ကိုယ့်တိုင်းရင်းသားတွေတင်မကဘူး။ ပညာဆိုတာဟာ ကျွန်မတို့ ပြည်ထောင်စုတစ်ခုလုံးကို အကျိုးပြုနိုင်တယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ ဆောင်ရွက်တယ်လို့ ကျွန်မတို့ ဒီလိုပဲ နှလုံးသွင်းထားပါတယ်။ ဒါကြောင့်မို့ အဲဒီလိုဂုဏ်ပြုရတာကို ကျွန်မအနေနဲ့ အများကြီးပဲ ကိုယ့်ကိုယ်ကိုယ်လည်း ဂုဏ်ယူတယ်။ ကျွန်မတို့ နိုင်ငံရဲ့ရှေ့အနာဂတ်ဟာ ကျွန်မတို့ရဲ့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ အရည်အချင်းပေါ်မှာ တည်ပါတယ်။

ချင်းပြည်နယ်မှာဆိုရင်လည်း သယံဇာတများပေါကြွယ်ဝတဲ့ အလှအပတွေ အများကြီး ရှိပါတယ်။ ကျွန်မတို့ တစ်နိုင်ငံလုံးဟာ သယံဇာတများပေါကြွယ်ဝတဲ့ လှပတဲ့ ပြည်ကြီးဖြစ်ပါတယ်။ ဒါပေမဲ့ တကယ့် တကယ် သယံဇာတကတော့ ကျွန်မတို့ရဲ့ နိုင်ငံသူနိုင်ငံသားတွေပဲ ဆိုတာကတော့ အထူးပြောဖို့မလိုပါဘူး။ ကျွန်မတို့ရဲ့ ပြည်သူ ပြည်သားများရဲ့ အရည်အချင်း တိုးတက်ရေးအတွက် လှမ်းတဲ့ခြေလှမ်းမှန်သမျှဟာ တကယ့် ပြည်ထောင်စုစိတ်ဓာတ်ပဲလို့ ကျွန်မတို့ ယူဆပါတယ်။ ချင်းတိုင်းရင်းသားနေ့မှာဆိုရင် ကျွန်မ အောက်ချင်းငှက်တွေရဲ့ အကြောင်းကို နှစ်ခါသုံးခါလောက်ပြောပြီးပြီ။ တောင်ဇလပ်ပန်းတွေအကြောင်းလည်း နှစ်ခါ သုံးခါလောက် ပြောပြီးပြီ။

ဒါတွေ ထပ်ထပ်ပြီးတော့ မပြောချင်ဘူး။ သို့သော်ငြားလည်း အောက်ချင်းငှက်ရဲ့ သစ္စာရှိမှုကို ကိုယ်စားပြုတဲ့စိတ်ဓာတ်၊ တောင်ဇလပ်ရဲ့ လန်းဆန်းလှပမှုကို ကိုယ်စားပြုတဲ့ အတွေးအခေါ် ဒါတွေက ထာဝရတည်ရှိနေမှာဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ ဒုတိယသမ္မတကြီး ဦးဟင်နရီဗန်ထီးယူကဆိုရင် အထူးသဖြင့် အောက်ချင်းငှက်များ ပြန်လည်ပြီးတော့ ချင်းတောင်တန်းတွေမှာ ဝဲပျံလှပနေဖို့အတွက်၊ တောင်ဇလပ်ပန်းတွေ တစ်တောင်ပြီးတစ်တောင် ချင်းပြည်နယ်ဟာ လှနေဖို့အတွက် ကြိုးစားနေတယ်ဆိုတာသိပါတယ်။ ဒီ့အပြင်လည်း ဒုသမ္မတကြီးအနေနဲ့ သီချင်းထဲကလို ခေါင်ရည်ခါးခါးလေးဆိုတာကို သဘောကျသလားမသိဘူး။ စပျစ်သီး ပျိုးထောင်ရေးကိုလည်း အင်မတန်စိတ်ပါတယ်လို့ ကျွန်မနားလည်ပါတယ်။ ဒါကိုလည်း ကျွန်မ အားပေးရမှာပါ။ ဒါခေတ်နဲ့အညီပေါ့။ အရင်တုန်းကတော့ ခေါင်ရည်ခါးခါးလေးပေါ့။ နောက်ပိုင်းတော့ စပျစ်က ချဉ်တယ် ထင်ပါတယ်။ ချဉ်ချဉ်လေးလို့ ပြောရပါမယ်။

ကျွန်မက ခေါင်ရည်နဲ့လည်း သိပ်ပြီးတော့ မကျွမ်းကျင်ဘူး၊ စပျစ်ရည်နဲ့လည်း သိပ်မကျွမ်းကျင်ဘူး။ ဒါပေမဲ့လည်း ကျွန်မတို့နိုင်ငံကလည်း အဘက်ဘက်က အမျိုးမျိုးအဖုံဖုံ အသစ်အဆန်း တိုးတက်ဖို့၊ တီထွင်ဖို့၊ လမ်းသစ်တွေဖွင့်ဖို့ အင်မတန် လိုအပ်နေပါတယ်။ အဲဒီဟာအတွက် ကျွန်မတို့ရဲ့ ချင်းတိုင်းရင်းသားများကလည်း ဝိုင်းဝန်းကူညီပေးမယ်လို့ ယုံကြည်ပါတယ်။ အထူးသဖြင့်တော့ လူငယ်များပေါ့။ ကျွန်မတို့က လူငယ်များကို အများကြီးအားကိုးပါတယ်။ ကျွန်မတို့နိုင်ငံမှာဆိုရင် ၆၀ ရာခိုင်နှုန်းကျော် နိုင်ငံသူ နိုင်ငံသားများဟာ အသက် ၁၅ နှစ်နဲ့ ၃၅ နှစ်ကြားမှာရှိတယ်လို့ နားလည်ထားပါတယ်။ ကျွန်မတို့ရဲ့ အနာဂတ်ဟာ လူငယ်များရဲ့လက်ထဲမှာပါ။

ဒါကြောင့်မို့ ကျွန်မတို့ တိုင်းရင်းသားလူငယ်များအားလုံးဟာ ဒီအနာဂတ်လှပဖို့အတွက် ပထမ ဦးဆုံးအခြေခံကတော့ တစ်ဦးပေါ်တစ်ဦး မေတ္တာထားဖို့ လေ့ကျင့်ပေးဖို့လိုပါတယ်။ စာမျက်နှာ ၁၁ သို့ ❖



နှစ်(၇၀)ပြည့် ချင်းအမျိုးသားနေ့အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။


နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ချင်းပြည်နယ်အတွက် ဂုဏ်ထူးဆောင်ခဲ့သူတစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ချင်းတိုင်းရင်းသူ နိုင်ငံ့လက်ရွေးစင် အားကစားသမားတစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။


အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ချင်းတိုင်းရင်းသား နိုင်ငံ့လက်ရွေးစင် အားကစားသမားတစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။






မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ခရိုင်အဆင့် နယ်စပ်အာဏာပိုင်များ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။

**❍ နေရပ်စွန့်ခွာသူများမှ**
မိတ်ဆက်စကားပြောကြားပြီး ဆွေးနွေးပွဲတွင် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် နှစ်နိုင်ငံနယ်စပ် Zero Line တွင် နေထိုင်ကြသူများ နေရပ်ပြန်ရေးတို့ကို ဆွေးနွေးကြသည်။

ဘင်္ဂလားဒေ့ရှ်ဘက်မှ ခရိုင်အဆင့် နယ်စပ်အာဏာပိုင်အဖွဲ့ခေါင်းဆောင်က Zero Line Area အတွင်း ရောက်ရှိနေသူများ နေရပ်ပြန်ရေးကိစ္စနှင့်ပတ်သက်၍ ဘင်္ဂလားဒေ့ရှ်ဘက်မှ ကူညီပေးလိုကြောင်းနှင့် နှစ်နိုင်ငံ ပူးတွဲကင်းလှည့်ရေးကိစ္စ ဆောင်ရွက်စေလိုကြောင်း၊ ပြည်ပ INGO များကို Zero Line Area အတွင်းသို့ စေလွှတ်မှုနှင့်ပတ်သက်၍ ဘင်္ဂလားဒေ့ရှ်အစိုးရမှ စေလွှတ်ခြင်း မဟုတ်ကြောင်း၊ ၎င်းတို့အစီအစဉ်ဖြင့် ထောက်ပံ့ကူညီမှုများ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်အစိုးရကလည်း ထောက်ပံ့မှုများကို ဆောင်ရွက်နေကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံ ခရိုင်အဆင့် နယ်စပ်အာဏာပိုင်အဖွဲ့က ပြန်လည်လက်ခံရေး အစီအစဉ်နှင့်ပတ်သက်၍ နှစ်နိုင်ငံ သဘောတူစာချုပ်ပါ အချက်အလက်များအတိုင်း တောင်ပြို၊ ငါးခူရ ပြန်လည်စိစစ်လက်ခံရေးစခန်းများမှ စိစစ်လက်ခံရေးလုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်ဘက်မှ လွှဲပြောင်းပေးပို့မည့် နေရပ်တိမ်းရှောင်သူများနှင့်ပတ်သက်၍ မြန်မာနိုင်ငံဘက်မှ လိုအပ်သည့် ကဏ္ဍအလိုက် ပြင်ဆင်ထားပြီးဖြစ်ကြောင်း။

Zero Line သို့ ရောက်ရှိနေသူများ ပြန်လည်ဝင်ရောက်နိုင်ရေးကိစ္စနှင့်ပတ်သက်၍ တိုက်တွန်းဖျောင်းဖျပြောဆိုခဲ့ပြီး ဖြစ်သော်လည်း ခြိမ်းခြောက်မှုများကြောင့် လည်းကောင်း၊ NV ကတ်လုပ်ငန်းစဉ်အရ သော်လည်းကောင်း၊ နေရပ်ပြန်စဉ် လုံခြုံရေးစိုးရိမ်ဖွယ်ရာရှိသည် ဟူသည့် မမှန်ကန်သော အကြောင်းပြချက်များကိုသာ ပြောဆိုမှုများရှိနေသည့်အတွက် လက်ခံရေးလုပ်ငန်းစဉ်များအပေါ် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ လိုအပ်သည့် ကူညီဖျောင်းဖျမှုများ ပြောဆိုစေလိုကြောင်း။

ဘင်္ဂလားဒေ့ရှ်ဘက်မှ လိုအပ်သည်များကို မြန်မာဘက်မှ နယ်မြေခံအဖွဲ့အစည်းအသီးသီးက ပေါင်းစပ်ကူညီပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းစွာ ပြန်လည်ဝင်ရောက်မည့်သူများအတွက် လုံခြုံရေးဆိုင်ရာကိစ္စများကို စီမံဆောင်ရွက်ပြီးဖြစ်သည့်အတွက် အတင်းအကျပ်ဖိအားပေးဆောင်ရွက်မှု မရှိကြောင်း၊ ပြန်လည်ဝင်ရောက်စေလိုခြင်းသည် ကာယကံရှင်၏ သဘောဆန္ဒသာဖြစ်ပါကြောင်း၊ No Man Land ဖြစ်၍ ယင်းနယ်မြေဧရိယာအတွင်း မည်သူမျှနေထိုင်၍ မရကြောင်း၊ ယင်းသို့ တားမြစ်နယ်မြေ Zero Line အတွင်း ဝင်ရောက်နေထိုင်ခြင်းမှာ ဥပဒေနှင့်ညီညွတ်မှု မရှိသဖြင့် INGO အဖွဲ့အစည်းများ၏ ထောက်ပံ့မှုများနှင့်ပတ်သက်၍ အသိပေးနေရကြောင်း။

INGO အဖွဲ့အစည်းများအနေဖြင့် တစ်ဖက်နိုင်ငံမှ ချောင်းဖြတ်ကူး၍ ထောက်ပံ့မှုမပြုဟု ဆိုသော်လည်း သွယ်ဝိုက်သော နည်းလမ်းဖြင့် Zero Line ရောက်ရှိနေသူများအား ခေါ်ယူထောက်ပံ့နေကြောင်း၊ ယင်းသို့ဆောင်ရွက်နေမှုအား ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်မှ တားမြစ်ပေးစေလိုကြောင်း ပြန်လည်ရှင်းလင်းပြောကြားသည်။

ဆွေးနွေးပွဲအပြီး မွန်းလွဲ ၁ နာရီ ၄၂ မိနစ်တွင် Non Construction Zone(zero line area) သို့ နှစ်နိုင်ငံ ခရိုင်အဆင့် နယ်စပ်အာဏာပိုင်အဖွဲ့များ ရောက်ရှိကြပြီး Zero Line အတွင်း နေထိုင်သည့်သူများအား ကြည့်ရှုကြသည်။

ထိုသို့ Zero Line အတွင်း သွားရောက်နေထိုင်သူများနှင့်ပတ်သက်၍ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က ခရိုင်အဆင့် နယ်စပ်အာဏာပိုင်အဖွဲ့အား ရှင်းလင်းပြောကြားရာတွင် ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် စာရင်းပြုစုပေးရန်လိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ယခုနေရာအတွင်း နေထိုင်သူများကို ပြန်လည်ဝင်ရောက်နိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးမှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့သော်လည်း ပူးပေါင်းဆောင်ရွက်မှု မရှိသည်ကို တွေ့ရှိခဲ့ရကြောင်း။

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ခရီးစဉ်တွင် တွေ့ဆုံဆွေးနွေးရန် ပြောကြားခဲ့သော်လည်း လက်မခံခဲ့ကြောင်း၊ ယခု ဧရိယာအတွင်း ရောက်ရှိနေသူများသည် ကျေးရွာ၊ ကျေးရွာအုပ်စုတစ်ခုတည်းမှ မဟုတ်သည့်အတွက် အများလက်ခံသည့် ပုဂ္ဂိုလ်များပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့ဖြင့် တွေ့ဆုံဆွေးနွေးရန် ဖိတ်ခေါ်ခဲ့ပြီးဖြစ်သော်လည်း ကြိုတင်တွေ့ဆုံဆွေးနွေးမှုအတွက် ကြိုတင်ပြင်ဆင်ရန်

**စာမျက်နှာ ၁၁ သို့ ■**



နှစ်နိုင်ငံ နယ်စပ်အာဏာပိုင် ခရိုင်အဆင့် တာဝန်ရှိသူများ တောင်ပြိုလက်ဝဲ ယာယီလက်ခံရေးစခန်း ဖွင့်လှစ်ထားရှိမှုကို လှည့်လည်ကြည့်ရှုစဉ်။





ဘင်္ဂလားဒေ့ရှ်ဘက်မှ နယ်စပ်အာဏာပိုင် ခရိုင်အဆင့် တာဝန်ရှိသူများ တောင်ပြိုလက်ဝဲ ယာယီလက်ခံရေးစခန်းတွင် ပြန်လည်ဝင်ရောက်လာမည့်သူများအား စိစစ်လက်ခံရေး ဆောင်ရွက်ထားရှိမှု (ဝဲပုံ) နှင့် ပြည်တွင်း၊ ပြည်ပ ဆက်ဆံရေးရုံး ဖွင့်လှစ်ဆောင်ရွက်ထားရှိမှု (ယာပုံ) တို့ကို လှည့်လည်ကြည့်ရှုစဉ်။

❖ စာမျက်နှာ ၉ မှ

အဲ့ဒီမေတ္တာပေါ်မှာအခြေခံပြီးတော့ တစ်ယောက်ကိုတစ်ယောက်ကူညီဖို့ အများကြီးလိုပါတယ်။ တချို့ကတော့ ချင်းပြည်နယ်ဟာ ဆင်းရဲတယ်၊ နွမ်းပါးတယ်။ ဥပမာဆိုရင် ရန်ကုန်တိုင်းဒေသကြီးဟာ ပိုပြီးတော့ ချမ်းသာတယ်ဆိုပေမယ့် တကယ်တော့ ကျွန်မတို့နိုင်ငံဟာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကြည့်မယ်ဆိုရင် ချမ်းသာတဲ့နိုင်ငံ အမည်စာရင်းထဲမှာမပါသေးပါဘူး။ အဲဒါကြောင့် တစ်ယောက်နဲ့တစ်ယောက် ကူညီကြရမှာဖြစ်ပါတယ်။

ဆင်းရဲနွမ်းပါးတဲ့မိသားစုကြားမှာ ပိုပြီးတော့ စည်းလုံးမှုကိုလိုသလို ကျွန်မတို့နိုင်ငံက ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်တာကြောင့်မို့ ကျွန်မတို့ရဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများဟာ ပိုပြီးတော့စည်းလုံးမှုကိုလိုပါတယ်။ တစ်ယောက်နှင့်တစ်ယောက် ကူညီဖို့လိုတယ်။ ကိုယ့်ရဲ့အရည်အချင်းကို မြှင့်တင်ပြီးတော့ အခြားကိုယ့်ရဲ့တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေရဲ့ အရည်အချင်းတွေကို မြှင့်တင်ပေးဖို့ ကြိုးစားစေချင်ပါတယ်။ ကျွန်မတို့ဟာ အမျိုးသားနေ့ လာတဲ့အခါမှာ၊ အမျိုးသားစိတ်ဓာတ်ဆိုတာဟာ ကိုယ့်လူမျိုးကို ချစ်တယ်ဆိုပေမယ့် အခြားလူတွေကို မုန်းတဲ့စိတ်ဓာတ်မဟုတ်ပါဘူး။ ကျွန်မတို့ ပြည်ထောင်စုစိတ်ဓာတ်ဆိုတာ ကျွန်မတို့ ပြည်ထောင်စုကြီးကိုချစ်ပေမယ့်၊ တခြားနိုင်ငံတွေကို မုန်းတဲ့စိတ်ဓာတ်လည်းမဟုတ်ဘူး။ တစ်ကမ္ဘာလုံးကို စေတနာနဲ့၊ မေတ္တာနဲ့မြင်ပြီးတော့ ကူညီနိုင်အောင်လို့၊ တိုးတက်အောင် လုပ်ပေးနိုင်အောင်လို့ ကျွန်မတို့ကိုယ် ကျွန်မတို့ ပြုစုပျိုးထောင်အောင် လုပ်ပေးချင်တဲ့ စိတ်ဓာတ်ပဲလို့ ကျွန်မတို့ရဲ့ တိုင်းရင်းသားညီအစ်ကို မောင်နှမများရဲ့ နှလုံးသားထဲမှာ စွဲပြီးတော့ ထားစေချင်ပါတယ်။

ယခုဆိုရင် (၇၀)ပြည့်နှစ်၊ (၇၀)ပြည့်နှစ်ဆိုတာက ကျွန်မတို့ လွတ်လပ်ရေးရတဲ့ နှစ်နဲ့ တစ်နှစ်ထဲပေါ့။ ကျွန်မတို့ လွတ်လပ်ရေးရတာလည်း နှစ်(၇၀)ရှိပြီ။ ချင်းအမျိုးသားနေ့ကို အသိအမှတ်ပြု ကျင်းပခဲ့တာလည်း နှစ်(၇၀)ရှိပြီ၊ နှစ် ၇၀ ဆိုတာ မနည်းပါဘူး။ (၇၅)နှစ်ဆိုရင် ရာစုနှစ်တွေရဲ့ လေးပုံ သုံးပုံဟာ ကုန်သွားပြီးဖြစ်ပါတယ်။ ဒီအခြေအနေထဲမှာ ကျွန်မတို့ ပြည်ထောင်စုကြီး ဘယ်လောက်တိုးတက်ခဲ့သလဲဆိုတာ ဒီလိုအမျိုးသားနေ့တွေ ရောက်လာတဲ့အခါ ပြန်ပြီးတော့သုံးသပ်စေချင်တယ်။ ဒီလိုနေ့မျိုးက အတိတ်ကို ပြန်သုံးသပ်ပြီး အနာဂတ်အတွက် သင်ခန်းစာတွေကို ခိုင်ခိုင်မြဲမြဲဆုပ်ကိုင်ရမှာ ဖြစ်ပါတယ်။

ကျွန်မတို့ (၇၅)နှစ်၊ နှစ်(၇၀)ပေါ့နော်၊ ရာစုနှစ်တစ်ခုရဲ့ လေးပုံသုံးပုံလောက် ဒီကြားထဲမှာ ဘယ်လောက်တိုးတက်မှုတွေ ရှိခဲ့သလဲဆိုတာ၊ တိုးတက်မှုတွေရှိဖို့အတွက် ကျွန်မတို့ တစ်ဦးချင်း၊ တစ်ဦးချင်း ဘယ်လောက်လုပ်ခဲ့သလဲဆိုတာ ပြန်ပြီးတော့စဉ်းစားစေချင်ပါတယ်။ တချို့တွေက ဥပမာအားဖြင့် အစိုးရဘာလုပ်နေသလဲ။ အစိုးရဘာလုပ်နေသလဲဆိုတာ မေးပိုင်ခွင့်ရှိပါတယ်။ အစိုးရများရဲ့ တာဝန်အရ ပြည်သူလူထုက ဒီလိုမေးခွန်းတွေမေးလို့ရှိရင် ရင်ဆိုင်ဖို့ အတွက်ဖြေဆိုတယ်။ ဒါပေမယ့်လည်း ကိုယ့်ကိုယ်ကိုယ်လည်း ပြန်မေးရမယ်။ တစ်ဦးချင်း တစ်ဦးချင်းပေါ့။ တို့ဘာလုပ်ခဲ့သလဲ။ တို့ဖြေစရာမရှိဘူး။ တိုးတက်ရေးအတွက်ဘာလုပ်ခဲ့သလဲ။

ချင်းတိုင်းရင်းသားများဟာ တစ်ဦးချင်း၊ တစ်ဦးချင်း တို့ချင်းပြည်နယ် တိုးတက်ရေးအတွက် ဘာလုပ်ခဲ့သလဲလို့မေးသလိုပဲ၊ ပြည်နယ်တစ်ခုချင်း တစ်ခုချင်းကလည်း တို့ပြည်ထောင်စုကြီးတိုးတက်ဖို့အတွက် ဘာလုပ်ခဲ့သလဲ။ တို့ရဲ့ပြည်ထောင်စုသားအချင်းချင်း မေတ္တာထားဖို့အတွက် ညီညွတ်မှုခိုင်မာမှုအတွက် ဘာလုပ်ခဲ့သလဲဆိုတာ ပြန်ပြောင်းပြီး စဉ်းစားသုံးသပ်ရမယ့်နေ့မျိုး ဖြစ်တယ်လို့ ကျွန်မအနေနဲ့ယူဆပါတယ်။

အဲဒါကြောင့် ဒီလိုနေ့မျိုးတက်ရတာဟာ ကျွန်မအနေနဲ့တော့ ပြည်ထောင်စုတိုင်းရင်းသား အချင်းချင်းကြားမှာရှိတဲ့ ဆက်စပ်မှုတွေ၊ မေတ္တာတွေပိုမိုပြီးတော့ ခိုင်မြဲအောင်လုပ်ပေးနိုင်မယ့် အခွင့်အလမ်းတစ်ခုရတယ်လို့ပဲ ယူဆပါတယ်။ ဒီလိုအခွင့်အလမ်းဆိုတာ လူတိုင်းမှာရှိပါတယ်။ ကိုယ်သုံးသပ်ဖို့ပဲအရေးကြီးတာပါ။ ချင်းတိုင်းရင်းသားနေ့မှာဆိုရင် ကျွန်မတို့အနေနဲ့ ချင်းတိုင်းရင်းသားများရဲ့ ယဉ်ကျေးမှုဓလေ့ထုံးစံတွေနဲ့ ဆက်စပ်တဲ့ သီဆိုမှုတွေ၊ အကတွေကို ရှုစားရမယ်။ ဒီဟာတွေကို ကြည့်ပြီးတော့ ကျွန်မတို့ရဲ့ ပြည်ထောင်စုကြီးရဲ့ မတူကွဲပြားတဲ့လှပမှုတွေ ဘယ်လောက်စုံလဲ၊ ဘယ်လောက် တန်ဖိုးထားဖွယ်ရာကောင်းလဲဆိုတာ ကျွန်မတို့ ခံစားရမှာပါ။

ဒါကြောင့် နေပြည်တော်ထိ ဆင်းလာတဲ့ တောင်တန်းပေါ်က တိုင်းရင်းသားများကို အထူးကျေးဇူးတင်ပါတယ်။ ကျွန်မတို့အနေနဲ့လည်း ချင်းတောင်တန်းပေါ်ကို ရောက်သွားတဲ့ အခါကျလို့ဆိုရင် ကိုယ်နဲ့ရုပ်ရွာမတူတဲ့ ရပ်ရွာကို ရောက်နေတယ်လို့ မခံစားရဘဲနဲ့ ထူးထူးခြားခြားအလှအပတွေနဲ့ ပြည့်စုံနေတဲ့ ကျွန်မတို့ရဲ့ ပြည်ထောင်စုဒေသတစ်ခုကို ရောက်နေတယ်လို့ ခံစားရပါတယ်။ ကျွန်မတို့ ချင်းတိုင်းရင်းသားများက နေပြည်တော်ကိုပဲ ဆင်းလာ ဆင်းလာ အခြားမြေပြန့်က ဘယ်ကိုပဲဖြစ်ဖြစ် ဆင်းလာဆင်းလာ ကိုယ့်ရဲ့ပြည်ထောင်စုကြီးရဲ့ တစ်စိတ်တစ်ဒေသကိုရောက်လာတယ်၊ ကိုယ့်ရဲ့ ရပ်ရွာနဲ့ မတူပေမယ့်လည်း တူသကဲ့သို့ ကိုယ်နဲ့ဆိုင်တဲ့နေရာဖြစ်တယ်လို့ စိတ်ထဲမှာစွဲစွဲမြဲမြဲ မှတ်ယူစေချင်ပါတယ်။

ဒါကြောင့်မို့ တိုင်းရင်းသားများရဲ့ အမျိုးသားနေ့ အခမ်းအနားများကို ဆင်နွှဲတဲ့အခါမှာ အားလုံးအတူတူ တစ်ယောက်အပေါ်တစ်ယောက် မေတ္တာထားဖို့၊ ကျွန်မတို့ ပြည်ထောင်စုတိုးတက်ရေးအတွက်၊ ခိုင်မြဲရေးအတွက် ကူညီကြဖို့ မေတ္တာရပ်ခံတဲ့အခါမှာ တစ်ပြိုင်နက်တည်းမှာပဲ ကျွန်မတို့ ငြိမ်းချမ်းရေးဖြစ်စဉ်ကိုလည်း ဝိုင်းဝန်းပြီး ပံ့ပိုးဖို့ မေတ္တာရပ်ခံချင်ပါတယ်။ ချင်းအဖွဲ့များက စောစောစီးစီး အပစ်အခတ်ရပ်စဲရေးစာချုပ်ကို လက်မှတ်ထိုးတဲ့အထဲမှာ ပါပါတယ်။ ဒါပေမဲ့ ကျွန်မတို့ အပစ်အခတ်ရပ်စဲရေးစာချုပ်လက်မှတ်ထိုးတယ်ဆိုတာ ပထမခြေလှမ်းလောက်ပဲရှိပါသေးတယ်။ နောက်သွားရမယ့်လမ်းကရှည်တယ်။ ရှည်တဲ့လမ်းမှာဆိုရင် အဖော်အပေါင်းတွေနဲ့ လမ်းလျှောက်ရတဲ့အခါကျရင် ရှည်မှန်းမသိပါဘူး။

ဒါကြောင့် ငြိမ်းချမ်းရေးလမ်းဆိုတာက မရှည်အောင်လုပ်ဖို့ အရေးကြီးပါတယ်။ အကြောင်းကြောင်းကြောင့် ရှည်ခဲ့ရင်လည်း လျှောက်လှမ်းရာမှာ ပျော်ပျော်ရွှင်ရွှင်နဲ့ လျှောက်လှမ်းနိုင်ဖို့ အားလုံးဝိုင်းပြီးတော့ ပံ့ပိုးပေးဖို့ဆိုတာ အင်မတန်မှအရေးကြီးပါတယ်။ အခု ငြိမ်းချမ်းရေးကို လျှောက်ခဲ့တာဆိုတာလည်း နှစ်(၇၀)ပေါ့၊ ကျွန်မတို့ လွတ်လပ်ရေးနဲ့ အတူတူပဲ၊ ချင်းတိုင်းရင်းသားများရဲ့ အမျိုးသားနေ့လည်း အတူတူပါပဲ။ နှစ်(၇၀)ရှိပါပြီ။ နှစ်(၇၀)ရှိခဲ့ပေမယ့် ကျွန်မတို့ မရသေးပါဘူး။ ရဖို့ နောက်ထပ်နှစ်(၇၀)စောင့်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်တဲ့ကိစ္စပါ။ ကျွန်မတို့ရဲ့ လူငယ်များဟာ အင်မတန်မှလုံခြုံတဲ့ အနာဂတ်အတွက် အာမခံချက်ရှိအောင်လို့ ငြိမ်းချမ်းရေးရဖို့အတွက် တစ်ဦးချင်း၊ တစ်ဦးချင်းကနေပြီးတော့ ဝိုင်းဝန်းပြီးတော့ ကူညီကြပါလို့ ကျွန်မက အခွင့်ကြုံတုန်း မေတ္တာရပ်ခံလိုပါတယ်။

ကူညီမယ်ဆိုရင် ကျွန်မတို့ရဲ့ ပြည်ထောင်စုကြီး ခိုင်မြဲမယ်၊ သာယာမယ်၊ တိုးတက်မယ်။ ကျွန်မတို့ရဲ့ ပြည်ထောင်စု တိုင်းရင်းသူ တိုင်းရင်းသားများ အားလုံးလည်း သာသာယာယာ ဖွံ့ဖွံ့ဖြိုးဖြိုးနဲ့ တိုးတက်မှုကိုရရှိကြမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်မထပ်လောင်းပြီးတော့ ညီအစ်ကိုမောင်နှမစိတ်နဲ့၊ ပြည်ထောင်စုစိတ်နဲ့ အားလုံး ဒီချင်းအမျိုးသားနေ့မှာ ငြိမ်းချမ်းရေးရဖို့အတွက်၊ ပြည်ထောင်စုကြီး ခိုင်မြဲတည်တံ့ဖို့အတွက် ဝိုင်းဝန်းကြိုးစားကြမယ်ဆိုတဲ့ သန္နိဋ္ဌာန်ကို ချချင်ပါတယ်ဟု ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ချင်းပြည်နယ်အတွင်း လူမှုအကျိုးစီးပွားဖြစ်ထွန်းအောင် ကူညီခဲ့သူများနှင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် PhD ပါရဂူဘွဲ့ရရှိကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကန်ပက်လက်မြို့နယ် ကိုယ်စားပြုရိုးရာယဉ်ကျေးမှုအကအဖွဲ့က တိုင်းရင်းသားရိုးရာအကဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရွှေလွှမ်းတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တေးသံရှင်များက **"တောင်ပေါ်ခေါင်ရည် ချိုမြမြ"**၊ **"ချင်းတောင်တန်းမှ ကြိုဆိုပါ၏"** သီချင်းတို့ဖြင့် သီဆိုဖျော်ဖြေတင်ဆက်သည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းတို့က အားကစားပြိုင်ပွဲအမျိုးမျိုးတွင် နိုင်ငံတော်ကိုယ်စားပြုပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ချင်းတိုင်းရင်းသား၊ တိုင်းရင်းသူ နိုင်ငံ့လက်ရွေးစင် အားကစားသမားများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြို့နယ်ကိုယ်စားပြု ရိုးရာယဉ်ကျေးမှုအကအဖွဲ့များက ဓားသိုင်းအက၊ ဝါးညှပ်အက၊ ချင်းရိုးရာအကများဖြင့်လည်းကောင်း၊ တေးသံရှင်များက ချင်းပြည်နယ်အကြောင်း ရေးဖွဲ့ထားသည့် တေးသီချင်းဖြင့်လည်းကောင်း ကပြသီဆိုဖျော်ဖြေတင်ဆက်ကြပြီး နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် **"တောင်ပေါ်ခေါင်ရည် ချိုမြမြ"** သီချင်းကို အတူတကွသီဆိုကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

● စာမျက်နှာ ၆ မှ

ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နေမှုများသည် ရခိုင်ဒေသခံ တိုင်းရင်းသားပြည်သူများအကျိုး လိုလားတောင့်တမှုများနှင့် ကိုက်ညီလျက်ရှိပါသဖြင့် ယခုအဆိုကို မှတ်တမ်းအဖြစ်သာထားရှိပါရန် ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်သည်။

ထို့ပြင် အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် ကော်မတီ(၁၄)ခု သက်တမ်းတိုးမြှင့်ခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ပေးပို့သော "မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများ" နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ **ကျော်သူထက်၊ မီမီဖြိုး(သတင်းစဉ်)**

✪ ကျောဖုံးမှ

အောင်လအန်ဆန်က MMA ကစားတဲ့အချိန်မှာ ကျွန်တော့်ရဲ့ပန်းတိုင်တစ်ခုက ကမ္ဘာ့မစ်ဒယ်ဝိတ်တန်းချန်ပီယံရအောင်ဆိုပြီးတော့ ပန်းတိုင်ထားပါတယ်၊ ပရိသတ်တွေအားပေးတဲ့အတွက် ပန်းတိုင်ရောက်ခဲ့ပါတယ်၊ နောက်ထပ်ပန်းတိုင်က ဘာလိုချင်လဲဆိုတော့ ကျွန်တော့်ရဲ့ဝိတ်တန်းအပေါ်က လိုက်ဟဲဗီးဝိတ်ခါးပတ်ကိုရအောင်ဆိုပြီး ကြိုးစားတာဖြစ်ပါတယ်၊ Machado က ဂျူ-ဂျစ်ကို ငယ်ငယ်ကတည်းက ကစားတာ၊ ကျွန်တော်ကအသက် ၁၇ နှစ် ၁၈ နှစ်လောက်မှကစားတာ၊ သူကဂရောင်းကင်းမှာအလွန်ကောင်းတယ်၊ သူ့မချုပ်နိုင်အောင်နည်းလမ်းတွေ သင်ထားကျင့်ထားပါတယ်၊ သူပေးရင်တော့ယူမှာပေါ့၊ သူဘယ်လိုပြင်ဆင်ထားလဲဆိုတာ မသိဘူး၊ သူ့ကိုဘယ်နှချီနဲ့နိုင်မယ်ဆိုတာ ကျွန်တော်မသိဘူး၊ မသေချာသေးဘူး၊ ဒါပေမယ့် ပရိသတ်ဂုဏ်ယူနိုင်အောင် အကောင်းဆုံးယှဉ်ပြိုင်သွားမယ်၊ အလိန်းနဲ့ပွဲတုန်းက ကျွန်တော့်ရဲ့စိတ်မှာ နပန်းလုံးပြီးချုပ်ရမယ့်သူက တစ်ချီပြီးရင် အားလျော့တာတွေဖြစ်တယ်ဆိုတာ သူ့ပွဲကို ကြည့်ပြီး သိတယ်၊ အဲဒါကြောင့် နှစ်ချီအတွင်း နိုင်မယ်လို့ ပြောနိုင်တယ်လေ။

Machado ကဒီပွဲက ကျွန်တော့်ဘဝရဲ့ အကြီးဆုံးစိန်ခေါ်ပွဲတစ်ခုပါ၊ နှစ်ပေါင်းများစွာအတွေ့အကြုံရှိပြီးမှ ဒီလိုပွဲမျိုးကို ရင်ဆိုင်ထိုးရတာ ဖြစ်ပါတယ်၊ ဒီအတွက်ကို အပြင်းအထန် လေ့ကျင့်ထားပါတယ်၊ လေ့ကျင့်ခန်းတွေ အများကြီးလုပ်ထားတယ်၊ တော်တော်များများ ကြိုးစားထားပါတယ်၊ ချန်ပီယံရှစ်မှာဆိုရင် အားကစားသမားတွေအကုန်လုံးက သူတို့ရဲ့ အားသာချက်၊ အားနည်းချက်တွေရှိတယ်၊ အောင်လအန်ဆန်နဲ့ ကျွန်တော်နဲ့ချမယ်ဆိုရင် ညီမျှတဲ့အားသာချက်၊ အားနည်းချက်တွေရှိမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ **သတင်း-ဇာနည်မောင်၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

■ စာမျက်နှာ ၁၀ မှ

အချိန်ပေးခြင်း၊ ကိုယ်စားပြု အမည်စာရင်းတောင်းခံခြင်း၊ တွေ့ဆုံဆွေးနွေးမည့်နေရာသို့ သွားရောက်ရာတွင် လုံခြုံမှုအပြည့်အဝပေးခြင်းများကို ချပြဆွေးနွေးပြီးဖြစ်သော်လည်း အောက်ခြေတွင် စုစည်းမရ၍ ကိုယ်စားပြုအဖွဲ့မဖွဲ့နိုင်ခြင်း၊ NVC လုပ်ငန်းစဉ်ကိုရှောင်ရှားစေခြင်း၊ အဖွဲ့အစည်းအသီးသီး၏ တွေ့ဆုံဆွေးနွေးမှုများကို ၎င်းတို့က ဦးစီးဦးဆောင်ဆွေးနွေးမှုများသာ ဖြစ်သည့်အတွက် မိမိနှင့်တွေ့ဆုံဆွေးနွေးလိုက အချိန်မရွေး ဆက်သွယ်ပြောဆိုနိုင်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဘင်္ဂလားဒေ့ရှ် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က ကျေးရွာအလိုက် ကိုယ်စားလှယ်များ ဖွဲ့စည်း၍ နေရပ်သို့ ပြန်နိုင်ရေးကိစ္စအပေါ် တွေ့ဆုံဆွေးနွေးလိုကြောင်း၊ စာရင်းဇယားများ ကောက်ယူမှုကို ဆောင်ရွက်ပြီး ခရိုင်အုပ်ချုပ်ရေးမှူးသို့ ပေးစေလိုကြောင်း။

စိစစ်ပြီး ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အပေါ် မိမိတို့ဘက်မှ လိုအပ်သည်များ ကူညီပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး Zero Line Area အတွင်းမှ ပြန်လည် ထွက်ခွာကြပြီး တောင်ပြိုမြို့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့ မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင် ရောက်ရှိကြသည်။

ထို့နောက် နှစ်နိုင်ငံနယ်စပ်အာဏာပိုင်ခရိုင်အဆင့် ကိုယ်စားလှယ်အဖွဲ့သည် တောင်ပြိုလက်ဝဲ ပြန်လည်စိစစ်ရေးစခန်းကို လှည့်လည်ကြည့်ရှုပြီး ညနေ ၃ နာရီ မိနစ် ၂၀ တွင် နယ်စပ်ဝင်ထွက်ပေါက်မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ပြန်လည်ထွက်ခွာသွားသည်။

Zero Line Area အတွင်း သွားရောက်နေထိုင်ကြသည့်သူများသည် အဆိုပါနေရာမှနေ၍ အခြားနေရာများသို့ သွားရောက်ခြင်းမပြုသည့်အပြင် မမှန်မကန်သတင်းများ ထုတ်လွှင့်လျက်ရှိပြီး မိမိနိုင်ငံ၏ နယ်နိမိတ်ပိုင်နက်အား လုံခြုံရေးတပ်ဖွဲ့များက ထိန်းသိမ်းကာကွယ်မှုများ ဆောင်ရွက်စဉ် Zero Line အတွင်း ဝင်ရောက်နေထိုင်သူများအား ဖယ်ရှားခြင်း ၊ ထိန်းသိမ်းခြင်းများ ဆောင်ရွက်လာစေရန် ဖန်တီးထားခြင်းဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက တားဆီးဖယ်ရှားမှုများ ပြုလုပ်ခဲ့ပါက နိုင်ငံတကာ အသိုင်းအဝိုင်းမှတစ်ဆင့် ဖိအားပေးမှုများ ပြုလုပ်လာစေရန် ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်နေခြင်းဖြစ်သည်။ တစ်ချိန်တည်းမှာပင် ယင်းတို့ကို ထောက်ပံ့ကူညီမှုများ အပြည့်အဝပေးလျက် Zero Line အတွင်း ရေရှည်နေနိုင်ရန် ကူညီပေးနေသည်များလည်း တွေ့ရှိရသည်။

ထိုသို့ နိုင်ငံရေးထောင်ချောက်ဆင်ရန် ရည်ရွယ်ချက်ဖြင့် Zero Line အတွင်း ဝင်ရောက်နေထိုင်သူများကိစ္စ ဖြေရှင်းနိုင်ရန်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တာဝန်ရှိသူများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ရခိုင်ပြည်နယ်အစိုးရထံမှ သတင်းရရှိသည်။

**သတင်းစဉ်**



**နှစ်နိုင်ငံ နယ်စပ်အာဏာပိုင် ခရိုင်အဆင့်တာဝန်ရှိသူများ တောင်ပြိုလက်ဝဲ ယာယီလက်ခံရေးစခန်း ဖွင့်လှစ်ထားရှိမှုကို လှည့်လည်ကြည့်ရှုစဉ်။**

# ဟားခါး၌ နှစ်(၇၀)ပြည့် ချင်းအမျိုးသားနေ့အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ဟားခါး ဖေဖော်ဝါရီ ၂၀**

နှစ်(၇၀)ပြည့် ချင်းအမျိုးသားနေ့အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ဟားခါးမြို့ ဝမ္မသူးမောင်းအားကစားကွင်း၌ ကျင်းပရာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် တက်ရောက်အားပေးသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သော နှစ်(၇၀)ပြည့် ချင်းအမျိုးသားနေ့သဝဏ်လွှာကို ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ဖတ်ကြားသည်။

ဆက်လက်၍ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားရာတွင် ချင်းပြည်နယ်အစိုးရအနေဖြင့် ပြည်နယ်အတွင်းရှိ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖြစ်ထွန်းရေး၊ ဒီမိုကရေစီစနစ်ပိုမိုထွန်းကားရေးနှင့် ချင်းလူမျိုးများအကြား အပြန်အလှန် ယုံကြည်သင့်မြတ်မှုမှသည် တစ်နိုင်ငံလုံး အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးသို့ ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း မိမိတို့အစိုးရအနေဖြင့် ပြည်နယ်အတွင်းရှိ မြို့နယ်ကိုးမြို့နယ်စလုံး အချိုးညီညီ ဖွံ့ဖြိုးတိုးတက်ပြီး မြို့နယ်တစ်ခုနှင့် တစ်ခုကြားတွင် လိုအပ်ချက် ကွာဟမှုကျဉ်းနိုင်သမျှကျဉ်းအောင် ဦးတည်ဆောင်ရွက်လျက်ရှိသလို ချင်းမျိုးနွယ်စု တစ်ခုနှင့်တစ်ခုကြားတွင်လည်း အချင်းချင်းအပြန်အလှန် ယုံကြည်မှုနှင့် ချစ်ခင်လေးစားမှု ပိုမိုတိုးတက်ခိုင်မြဲအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ အထူးသဖြင့် တစ်ခုတည်းသော လူမျိုး၊ တစ်ခုတည်းသောပြည်နယ်အဖြစ် နောင်လာမည့် မျိုးဆက်သစ်များကို အမွေအနှစ် အစဉ်အလာကောင်းများ လက်ဆင့်ကမ်းပေးသွားနိုင်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ လက်ရှိအစိုးရ တာဝန်ယူဆောင်ရွက်နေသည့် ငါးနှစ်သက်တမ်းအတွင်းမှာ ချင်းပြည်နယ်ကို ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံးပြည်နယ်စာရင်းမှ ရုန်းထွက်လွတ်မြောက်နိုင်အောင် အခြေခံအုတ်မြစ်ကောင်းများ ချမှတ်နိုင်ရန် သန္နိဋ္ဌာန်ချမှတ်ထားပြီးဖြစ်သလို အားကြိုးမာန်တက် ကြိုးပမ်းအားထုတ်လျက်ရှိပါကြောင်း၊ ပွင့်လင်းမြင်သာမှုရှိပြီး ကောင်းမွန်သည့် အုပ်ချုပ်မှုစနစ်ဖြစ်ပေါ်လာရေး၊ လာဘ်ပေးလာဘ်ယူမှု လျှော့နည်းပပျောက်ရေး၊ စွမ်းဆောင်ရည်မြင့်မားသည့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး စသည်တို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အတွက် ချင်းတစ်မျိုးသားလုံးမှ ဝိုင်းဝန်းပူးပေါင်း လက်တွဲကူညီပေးကြရန်လိုကြောင်း ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ချင်းပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် နှစ်(၇၀)ပြည့် ချင်းအမျိုးသားနေ့ အထိမ်းအမှတ် ဌာနဆိုင်ရာပြခန်းများ၊ ရိုးရာယဉ်ကျေးမှု အသုံးအဆောင်ပစ္စည်းများပြခန်း၊ ရိုးရာဂျပ်ခုတ် လုပ်ငန်းသရုပ်ပြသခြင်းတို့ကို ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ချင်းပြည်နယ် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဝမ္မသူးမောင်း အားကစားကွင်း၌ ကျင်းပသည့် ချင်းရိုးရာ ဘွဲ့တိုင်(ခ) အထွတ်အမြတ်တိုင် စိုက်ထူပွဲနှင့် ခွေါင်ကြွဲပွဲကို တက်ရောက်အားပေးကြသည်။

ဆက်လက်၍ ဟားခါးမြို့ မြို့မိမြို့ဖများက ဘွဲ့တိုင်(ခ)အထွတ်အမြတ်တိုင်ကို သယ်ယူကြပြီး ပြည်ထောင်စုဝန်ကြီး၊ ချင်းပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သတ်မှတ်နေရာတွင် စိုက်ထူပေးကြကာ နှစ်(၇၀)ပြည့် ချင်းအမျိုးသားနေ့အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ချင်းရိုးရာ ပွဲလမ်းသဘင်များအနက် အထင်ရှားဆုံးပွဲတော် တစ်ခုဖြစ်သည့် ခွေါင်ကြွဲပွဲ ကျင်းပမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# “ခ” ယာဉ်မောင်းလိုင်စင်ကို ယာဉ်မောင်းသင်တန်းဆင်းလက်မှတ်မလိုဘဲ ပညာပေး သင်တန်းတက်ရောက်ပြီး ဖြေဆိုနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

“ခ” ယာဉ်မောင်းလိုင်စင်ဖြေဆိုခွင့်လျှောက်ထားရာတွင် ယာဉ်မောင်းသင်တန်းဆင်းလက်မှတ်တင်ပြမှသာ လက်ခံခွင့်ပြုလျက်ရှိရာ ပြည်သူများ ပိုမိုအဆင်ပြေလွယ်ကူချောမွေ့စေရေးအတွက် သင်တန်းဆင်းလက်မှတ် မလိုအပ်ဘဲ ဖြေဆိုခွင့်ပြုခြင်းကို ဖေဖော်ဝါရီ ၂၆ ရက်မှစတင်၍ ဖြေလျှော့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းဆင်းလက်မှတ်မရှိသူများအား ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံး၌ ဖွင့်လှစ်သော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေး သင်တန်း တစ်ရက်တက်ရောက်ပြီးပါက “ခ” ယာဉ်မောင်းလိုင်စင် ဖြေဆိုခွင့်ပြုသွားမည်ဖြစ်သည်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးသင်တန်းကို တိုင်းဒေသကြီးဦးစီးမှူးရုံး ရန်ကုန်တိုင်းဒေသကြီး၌ ရုံးဖွင့်ရက်တစ်ရက်လျှင် သင်တန်းသား ၄၀၀ အထိ နံနက်ပိုင်း ၂၀၀၊ ညနေပိုင်း ၂၀၀ သင်ကြားပေးမည်ဖြစ်သည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်းတက်ရောက်ရန်အတွက် တက်ရောက်လိုသည့်ရက်ကို Online စနစ်ဖြင့် ကြိုတင်စာရင်းပေးသွင်းရမည်ဖြစ်ပြီး ကြိုတင်စာရင်းပေးသွင်းခြင်းအား www.rtad.gov.mm website တွင် ဖေဖော်ဝါရီ ၁၈ ရက်မှ စတင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၂၁ ရက်မှစ၍ ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး မှတ်ပုံတင်ထားသော မော်တော်ယာဉ်မောင်းသင်တန်းကျောင်းတစ်ခုခုမှ ထုတ်ပေးသည့် သင်တန်းဆင်းလက်မှတ် တင်ပြနိုင်သူများအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးသင်တန်းသို့ တက်ရောက်ရန်မလိုအပ်ဘဲ ယာဉ်မောင်းလိုင်စင်ဖြေဆိုလိုသည့်ရက်အား ယခင်အတိုင်း တိုက်ရိုက်လျှောက်ထားဖြေဆိုနိုင်သည်။

အသေးစိတ်သိလိုသည်များရှိပါက ရုံးချုပ်(နေပြည်တော်) ဖုန်း - ၀၆၇-၃၄၀၅၁၈၁၊ ၀၆၇-၃၄၀၅၃၅၉၊ ၀၆၇-၃၄၀၅၀၉၉၊ တိုင်းဒေသကြီး(ရန်ကုန်) ဖုန်း - ၀၁-၅၇၀၉၆၇ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**ကြေးမုံ**

# ဆီတင်ယာဉ်နှင့် ကျောက်တင်ယာဉ်နှစ်စီး တိုက်မိ၊ ယာဉ်မီးလောင်မှုကြောင့် သုံးဦး သေဆုံး

**အရာတော် ဖေဖော်ဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ဆီပီပါအလုံး ၃၀ တင်ဆောင်လာသည့် ခြောက်ဘီးယာဉ်နှင့် လမ်းခင်းကျောက်များ တင်ဆောင်လာသည့် ယာဉ်တစ်စီးတို့ ဖေဖော်ဝါရီ ၁၉ ရက် ညပိုင်းက တိုက်မှုဖြစ်ပွားကာ ယာဉ်မောင်းတစ်ဦး၊ ယာဉ်နောက်လိုက်တစ်ဦးနှင့် အမျိုးသမီးတစ်ဦး စုစုပေါင်း သုံးဦး သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မုံရွာမြို့ဘက်မှ အရာတော်ဘက်သို့ ဆီပီပါအလုံး ၃၀ တင်ဆောင်လာသည့် ယာဉ်မောင်း ဖိုးချမ်းမောင်းနှင်သည့် ခြောက်ဘီးယာဉ်နှင့် အရာတော်မြို့မှ မုံရွာဘက်သို့ လမ်းခင်းကျောက်များ တင်ဆောင်ပြီး ယာဉ်မောင်း(အမည်စိစစ်ဆဲ) မောင်းနှင်သည့် ၁၀ ဘီးယာဉ်တို့သည် ဖေဖော်ဝါရီ ၁၉ ရက် ည ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် အရာတော်မြို့နယ် ကမ်းဖြူကျေးရွာ အနောက်ဘက် မုံရွာ-အရာတော်လမ်း မိုင်တိုင်အမှတ်(၂၁/၀)အနီးတွင် တိုက်မှုဖြစ်ပွားကာ ကားနှစ်စီးလုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ယာဉ်မတော်တဆမှုကြောင့် ဆီတင်ယာဉ်ပေါ် လိုက်ပါလာသည့် ယာဉ်နောက်လိုက် ဦးမြင့်ကျော်၊ ခရီးသည် ဒေါ်ကြည်ခင်နှင့် ကျောက်တင် ယာဉ်မောင်း(အမည်စိစစ်ဆဲ)တို့သည် မီးလောင်သေဆုံးခဲ့ပြီး ခရီးသည် ဒေါ်ဝိုင်းတင် မိုင်းချောင်းကျေးရွာ ဖောင်းပြင်မြို့၊ ရွာသာကျေးရွာနေ မထက်ထက်အိ၊ မစန်းစန်းအေးတို့ သုံးဦးမှာ ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်ကြောင့် ယာဉ်မောင်းများအား အရာတော်မြို့မရဲစခန်းက အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**



# ရေပူနှင့်မရမ်းချောင်း အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်း အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၆၁ စီး၊ သွင်းကုန် ၂၇၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၈ စီး၊ သွင်းကုန် ၁၁၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၉ ရက်တွင် မရမ်းချောင်းအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉ ဒသမ ၅၂၂ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် မရမ်းချောင်းအမြဲတမ်းစစ်ဆေးရေးစခန်းကို ဖြတ်သန်းမည့် ခရီးသည်တင်မှန်လုံယာဉ်တစ်စီးကို မရမ်းချောင်းအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Portable Storage Drive (Capacity: 1 TB) 80 U (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၆ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကနီမြို့နယ် ညောင်ပင်ဝန်းကျေးရွာအနီး ချင်းတွင်းမြစ်အတွင်း ရေယာဉ်တစ်စင်းနစ်မြုပ်

**ကနီ ဖေဖော်ဝါရီ ၂၀**

မင်းကင်းမြို့နယ် ယားကျေးရွာမှ ဘုတလင်မြို့နယ် ညောင်သူမြားကျေးရွာသို့ ချင်းတွင်းမြစ်အတိုင်း စုန်ဆင်းလာသော အမည်မပါ အစိမ်းရောင်ရေယာဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် တဇယ်ချောင်ကျေးရွာအုပ်စု ညောင်ပင်ဝန်းကျေးရွာအနီး ချင်းတွင်းမြစ်အတွင်း ယနေ့မွန်းလွဲ ၂ နာရီ ၄၅ မိနစ်ခန့်က နစ်မြုပ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါနစ်မြုပ်ခဲ့သော ရေယာဉ်မှာ အလျား ၂၅ ပေ၊ အနံ ငါးပေ၊ စောက် သုံးပေရှိပြီး ချမ်းချိုင်အမျိုးအစား နှစ်လုံးထိုးအင်ဂျင်တပ်ဆင်ထားသည့် ရေယာဉ်အား ယာဉ်မောင်း ပြည့်ဖြိုးမောင် ညောင်သူမြားကျေးရွာ ဘုတလင်မြို့နယ်နေသူသည် ရေယာဉ်ပေါ်တွင် အင်ပကာခွဲသား အချောင်း ၄၀၀ တင်ဆောင်၍ ချင်းတွင်းမြစ်အတိုင်း စုန်ဆင်းခဲ့ရာ ညောင်ပင်ဝန်းကျေးရွာအနီးတွင် စက်ခန်းအတွင်း ရေပြန်ပိုက်ပြုတ်၍ ကိုယ်ထည်နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းစက်လှေပေါ်တွင် ဘုတလင်မြို့နယ် ညောင်သူမြားကျေးရွာနေသူများဖြစ်ကြသော စိုးကျော်နှင့် ဖိုးသား ရေယာဉ်နောက်လိုက် နှစ်ဦး စုစုပေါင်း သုံးဦးလိုက်ပါလာပြီး ထိခိုက်ဒဏ်ရာ ရရှိမှုမရှိကြောင်းနှင့် ရေယာဉ်ပေါ်ပါ အင်ပကာခွဲသားများကို အခြားမော်တော်ယာဉ်အကူအညီဖြင့် သယ်ဆောင်လျက်ရှိပြီး ရေယာဉ်မောင်း ပြည့်ဖြိုးမောင်အား ကနီမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ကနဦးသတင်းအရ သိရသည်။

**သန်းဌေးအောင်(ကနီ)**

# အင်္ဂါဂြိုဟ်ရောက် လူသားများ၏ဘဝကို အစ္စရေးသိပ္ပံပညာရှင်များ သရုပ်ပြလေ့လာ

**ဂျေရုဆလင် ဖေဖော်ဝါရီ ၂၀**

အစ္စရေးသိပ္ပံပညာရှင် ခြောက်ဦးပါဝင်သော အဖွဲ့တစ်ဖွဲ့သည် အင်္ဂါဂြိုဟ်ရောက် လူသားများ၏ ဘဝကို သဏ္ဌာန်လုပ်သရုပ်ဆောင်နိုင်ရန် လေးရက်ကြာမြင့်သော အထူးတာဝန်တစ်ရပ်ကို ထမ်းဆောင်ခဲ့ကြကြောင်း ဆင်ဟွာသတင်းဌာနက ဖေဖော်ဝါရီ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

အစ္စရေးနိုင်ငံ တောင်ပိုင်းနီဂေ့သဲကန္တာရအတွင်း မစ်ဇပီရေမွန် မီးတောင်ထိပ်ဝပုံသဏ္ဌာန် မြေမျက်နှာပြင် အနီးရှိ စခန်းတွင် အန်နာလော့ အာကာသယာဉ်မှူးများအဖြစ် ပါဝင်ဆောင်ရွက်နိုင်ရန် သိပ္ပံပညာရှင်ခြောက်ဦးတို့က အင်္ဂါဂြိုဟ်ပေါ်နေထိုင်ခြင်းသရုပ်ပြအစီအစဉ်ကို အကောင်အထည်ဖော်ကြကြောင်း သတင်းတွင် ဖော်ပြသည်။

နီဂေ့သဲကန္တာရအတွင်း မစ်ဇာပီရေမွန် မီးတောင်ထိပ်ဝပုံသဏ္ဌာန် မြေမျက်နှာပြင်မှာ အင်္ဂါဂြိုဟ်၏မြေမျက်နှာပြင်ကဲ့သို့ပင် မြေရာဖွဲ့စည်းပုံနှင့် ဘူမိဖွဲ့စည်းပုံအရလည်းကောင်း၊ ပုံပန်းသဏ္ဌာန်နှင့် လွင်တီးခေါင်ဖြစ်မှု အရလည်းကောင်း၊ ဝေးလံသီခေါင်သော အရပ်၌ အထီးကျန်တည်ရှိမှုအရ လည်းကောင်း နီးစပ်တူညီမှုရှိကြောင်း သတင်းကြေညာချက်တွင် ဖော်ပြသည်။

**စေလွှတ်**

အာကာသသိပ္ပံပညာရှင်များနယ်ပယ်တွင် တိုးတက်အောင်မြင်မှုများရရှိနေသော အစ္စရေးနိုင်ငံသည် ယနေ့ကာလအထိ အာကာသသို့ လူသားအာကာသယာဉ်မှူးတစ်ဦးကိုသာလျှင် စေလွှတ်ခဲ့သည်။ အဆိုပါအာကာသယာဉ်မှူးမှာ အမေရိကန် အာကာသအေဂျင်စီ (နာဆာ)၏ ၂၀၀၃ခုနှစ် ကိုလံဘီယာအာကာသလွန်းပျံယာဉ် ပျက်ကျမှုအတွင်း အသက်ဆုံးရှုံးခဲ့ရသော်လည်း အစ္စရေးနိုင်ငံအနေဖြင့် အာကာသသို့ နောက်ထပ် အာကာသယာဉ်မှူးများ စေလွှတ်ရေးမျှော်မှန်းချက်ကို စွန့်လွှတ်ခြင်းမရှိပေ။

အင်္ဂါဂြိုဟ်ကို အသွင်ယူထားသော စခန်းအတွင်း ပါမောက္ခ ဂေးရွှန်ဦးဆောင်သော အဖွဲ့က အာကာသသိပ္ပံသုတေသနလုပ်ငန်းကို ဖေဖော်ဝါရီ ၁၅ရက်မှ ၁၈ရက်အထိ လေးရက်ကြာ ဆောင်ရွက်ခဲ့ကြသည်။ သိပ္ပံပညာရှင်များသည် အင်္ဂါဂြိုဟ်၏ အခြေအနေနှင့် တူညီမှုရှိသော အဆောက်အအုံများကို တည်ဆောက်ခြင်း၊ အင်္ဂါဂြိုဟ်ဆိုင်ရာ သုတေသနပြုလုပ်ခြင်းနှင့် အာကာသယာဉ်မှူး ဝတ်စုံများ ဝတ်ဆင်ခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။

**ဆင်ဟွာ**



# ဒုက္ခသည်ပြဿနာများကို အဖြေရှာရန် နိုင်ငံပေါင်း ၃၆နိုင်ငံ တွေ့ဆုံဆွေးနွေး

**ရီယိုဒီဂျနေးရိုး ဖေဖော်ဝါရီ ၂၀**

လက်တင်အမေရိကဒေသနှင့် ကာရစ်ဘီယန်ဒေသတို့၏ ဒုက္ခသည်ပြဿနာများနှင့် ပတ်သက်၍ အဖြေရှာလုပ်ကိုင်နိုင်စေရန် ရည်ရွယ်လျက် နိုင်ငံပေါင်း ၃၆ နိုင်ငံတို့မှ ကိုယ်စားလှယ်များသည် ဘရာဇီးနိုင်ငံ ဘရာစီလီယာမြို့၌ ဖေဖော်ဝါရီ ၁၉ ရက်မှ စတင်၍ ဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

**ရည်မှန်း**

ဒုက္ခသည်များအား မည်သို့မည်ပုံ လက်ခံနိုင်မည်၊ ၎င်းတို့ကို မည်ကဲ့သို့ ကာကွယ်စောင့်ရှောက်နိုင်မည် စသည့် အကြောင်းခြင်းရာများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ကြရန် အဆိုပါဆွေးနွေးပွဲက ရည်မှန်းထားသည်။

ဘရာဇီး အစိုးရအဖွဲ့နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ ကော်မရှင် (ယူအင်န်အိပ်ချ်စီအာရ်)တို့က ပူးတွဲစီစဉ်သော ဆွေးနွေးပွဲကို ဘရာစီလီယာမြို့ရှိ အီတာမာရာတီနန်းတော်၌ ကျင်းပလျက်ရှိသည်။

**ခန့်မှန်းရ**

လက်တင် အမေရိကဒေသနှင့် ကာရစ်ဘီယန်ဒေသတို့သည် ကမ္ဘာတစ်ဝန်းရှိ ဒုက္ခသည် ဦးရေ ၆၅ သန်း၏ ၁၆ ရာခိုင်နှုန်းကို ကိုယ်စားပြုသည့် ဒေသများဖြစ်ကြသည်ဟု ခန့်မှန်းရသည်။

**ဆင်ဟွာ**

# ဆူမတြားကျွန်းရှိ စီနာဘန်းမီးတောင်ပေါက်ကွဲ လေထုအတွင်းသို့ ပြာမှုန်များ မှုတ်ထုတ်

**ဂျကာတာ ဖေဖော်ဝါရီ ၂၀**

အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကျွန်းရှိ စီနာဘန်းမီးတောင်သည် ဖေဖော်ဝါရီ ၁၉ ရက်တွင် ပေါက်ကွဲခဲ့ရာ အဆိုပါမီးတောင်မှ ပြာမှုန်များ လေထုအတွင်းသို့ ငါးကီလိုမီတာအမြင့်အထိ မှုတ်ထုတ်ကြောင်း၊ ယင်းမီးတောင်၏တောင်စောင်းပေါ်သို့ ပြာပူများကျရောက်ခဲ့ကြောင်း ဆင်ဟွာ သတင်းတွင် ဖော်ပြသည်။

ပေါက်ကွဲမှုဖြစ်ပေါ်နေသည့် မီးတောင်မှ ထွက်ပေါ်လာသည့် ပူပြင်းသည့်ပြာမှုန်များသည် မီးတောင်ထိပ်ဝ၏ အရှေ့တောင်ဘက် ၄ ဒသမ ၉ ကီလိုမီတာအကွာအဝေးနှင့် မီးတောင်ထိပ်ဝ၏အရှေ့ဘက် ၃ ဒသမ ၅ ကီလို မီတာအကွာအဝေးတို့တွင် ကျရောက်ခဲ့ကြောင်း အင်ဒိုနီးရှားမီးတောင်ဗေဒ အေဂျင်စီ၏ အကြီးအကဲ ကက်စ်ဘာနီက ပြောကြားသည်။

**အပြင်းထန်ဆုံး**

ယခုမီးတောင်ပေါက်ကွဲမှုသည် ၂၀၁၈ ခုနှစ်အတွင်း အပြင်းထန်ဆုံးဖြစ်ကြောင်း ၎င်းက ဆင်ဟွာသတင်းဌာနသို့ တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောကြားသည်။



စီနာဘန်းမီးတောင်သည် ဆူမတြားကျွန်း ကာရိုဒေသတွင်တည်ရှိပြီး ယင်း မီးတောင်ပေါက်ကွဲ၍ ပြာမှုန်များထုတ်လွှတ်မှုကြောင့် ပြည်နယ်တွင်းရှိ လေကြောင်းပျံသန်းမှုခရီးစဉ်များ နှောင့်နှေး ကြန့်ကြာမှုဖြစ်ပေါ်ခြင်း မရှိဟု ၎င်းက ပြောကြားသည်။

**ရည်ညွှန်း**

မီးတောင်မှ ပျံ့လွင့်လာသည့် ပြာမှုန်များသည် ပြည်နယ်မြို့တော် မီဒန်နှင့် လေဆိပ်ဝန်းကျင်သို့ ဦးတည်ခြင်းမရှိကြောင်း ကက်စ်ဘာနီက ပြောကြားသည်။ ယင်းပြောကြားချက်မှာ ဆူမတြားကျွန်းမြောက်ဘက်ပိုင်း ရှိ အဓိကကျသော ကွာလာနာမူ အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ရည်ညွှန်းခြင်းဖြစ်သည်။

၂၀၁၀ ပြည့်နှစ်က ဖြစ်ပွားခဲ့သည့် ပေါက်ကွဲမှု မတိုင်မီအထိ စီနာဘန်းမီးတောင်သည် ရာစုနှစ်လေးခုကြာ ငြိမ်သက်နေခဲ့ပြီး ၂၀၁၄ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်များတွင် ပေါက်ကွဲမှုများ အသီးသီးဖြစ်ပွားခဲ့သည်။

**ဆင်ဟွာ**

## ပြုံချမ်း ဆောင်းရာသီအိုလံပစ်အားကစားပွဲတော် နိုင်ငံအလိုက် ထိပ်ဆုံး ၁၀ နိုင်ငံ၏ ဆုတံဆိပ်ရရှိမှုအခြေအနေ

(၂၀-၂-၂၀၁၈)

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | နော်ဝေ | ၁၁ | ၁၀ | ၈ | ၂၉ |
| ၂။ | ဂျာမနီ | ၁၁ | ၇ | ၅ | ၂၃ |
| ၃။ | ကနေဒါ | ၈ | ၅ | ၆ | ၁၉ |
| ၄။ | နယ်သာလန် | ၆ | ၅ | ၃ | ၁၄ |
| ၅။ | ပြင်သစ် | ၅ | ၄ | ၄ | ၁၃ |
| ၆။ | အမေရိကန် | ၅ | ၃ | ၄ | ၁၂ |
| ၇။ | ဆွီဒင် | ၄ | ၃ | ၀ | ၇ |
| ၈။ | ဩစတြီးယား | ၄ | ၂ | ၄ | ၁၀ |
| ၉။ | တောင်ကိုရီးယား | ၄ | ၂ | ၂ | ၈ |
| ၁၀။ | ဂျပန် | ၂ | ၅ | ၃ | ၁၀ |

# လာဟိုးမြို့ တရားရုံး ဥပစာအတွင်း ဖြစ်ပွားသည့် ပစ်ခတ်မှုကြောင့် ရှေ့နေနှစ်ဦး သေဆုံး

**အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၂၀**

ပါကစ္စတန်နိုင်ငံအရှေ့ပိုင်း လာဟိုးမြို့ရှိ တရားရုံးဥပစာအတွင်း ဖေဖော်ဝါရီ ၂၀ ရက်က ပြိုင်ဘက် အုပ်စုနှစ်ခုအကြားဖြစ်ပွားခဲ့သည့် ပစ်ခတ်မှုကြောင့် ရှေ့နေနှစ်ဦးသေဆုံးခဲ့ရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖော်ပြသည်။

လာဟိုးမြို့စက်ရှင် တရားရုံးတွင် အုပ်စုနှစ်ခုအကြား အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားခဲ့ခြင်းကြောင့် ရှေ့နေတစ်ဦးမှာ ပွဲချင်းပြီး သေဆုံးခဲ့ပြီး အခြားတစ်ဦးဒဏ်ရာရခဲ့ကြောင်း၊ ယင်း ဒဏ်ရာရရှိသူအား ဆေးရုံသို့ တင်ပို့ရန် သယ်ဆောင်သွားစဉ်လမ်းခရီး၌ သေဆုံးသွားခဲ့ကြောင်း ဒေသတွင်းသတင်းများ၌ ဖော်ပြသည်။

**ပိတ်ဆို့**

ယင်းပစ်ခတ်မှုဖြစ်ပွားပြီးနောက် အခင်းဖြစ်ပွားရာနေရာသို့ ရဲတပ်ဖွဲ့ဝင်များရောက်ရှိလာပြီး တရားရုံးဥပစာနှင့် ပြင်ပနေရာများကို ပိတ်ဆို့ထားခဲ့သည်။ တရားရုံးအဆောက်အအုံဝန်းကျင်တွင် လုံခြုံရေးတင်းကျပ်ထားပြီး ရှာဖွေမှုပြုလုပ်နေခဲ့ကာ တရားရုံးဥပစာ၏ ဝင်ပေါက်နှစ်ပေါက်နှင့် ထွက်ပေါက်နှစ်ခုကို ပိတ်ထားခဲ့သည်။

ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်းပန်ဂျပ်ပြည်နယ်မြို့တော်လာဟိုးတွင် တစ်လမပြည့်မီကာလအတွင်း စက်ရှင်တရားရုံးတစ်ရုံး၌ ဒုတိယအကြိမ် ပစ်ခတ်တိုက်ခိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယခုနှစ် ဇန်နဝါရီ ၃၁ ရက်က အမည်မသိသေနတ်သမားများက လာဟိုးမြို့စက်ရှင် တရားရုံးဥပစာအစွန်ဘက်တွင် ပစ်ခတ်ခဲ့သည်။ ယင်းပစ်ခတ်မှုကြောင့် ရဲအရာရှိတစ်ဦးနှင့် တရားရင်ဆိုင်နေရဆဲ အကျဉ်းသားတစ်ဦးသေဆုံးပြီး အခြားရဲအရာရှိတစ်ဦး ထိခိုက်ဒဏ်ရာ ရခဲ့သည်။

**ဆင်ဟွာ**

# ရှေ့နေ နှင့် စာဖတ်ခြင်း

ဦးဟန်ညွန့်(ဥပဒေ)

**နိဒါန်း**

"ဆရာ"

"ဗျာ"

"ဒီတစ်ပတ်ဆောင်းပါးခေါင်းစဉ်ကဘာလဲဆရာ"

"ရှေ့နေနှင့်စာဖတ်ခြင်း"တဲ့။

"ဘာကို ပြောချင်တာလဲ"

"လူတိုင်း စာဖတ်သင့်တယ်၊ စာဖတ်မှ ပညာဗဟုသုတရမယ်လို့ ပြောချင်တာ"

"သြော် -------- "

**၁၀နိုင်ငံ**

မြောက်ကိုရီးယား၊ တောင်ကိုရီးယား၊ အင်္ဂလန်၊ မက္ကဆီကို၊ အမေရိကန်ပြည်ထောင်စု၊ တရုတ်၊ ဇင်ဘာဘွေ၊ ဆိုဗီယက်ပြည်ထောင်စု (ရုရှား)၊ စင်ကာပူနှင့် မြန်မာ ၁၀ နိုင်ငံအကြောင်း ရေးထားသည့်စာအုပ်။ စာအုပ်အမည်က "စနစ်မတူသော နိုင်ငံများနှင့် မြန်မာ"။ စာရေးဆရာက မော်သာထွေး (မန္တလေး)။

**နိုင်ငံခေါင်းဆောင်ဓာတ်ပုံများ**

ဗိုလ်ချုပ်အောင်ဆန်း၊ မော်စီတုန်း၊ ဒေါ်အောင်ဆန်းစုကြည်၊ ဦးနေဝင်း၊ နစ်ဆင်၊ လင်ကွန်း ကအစ ထင်ရှားသော နိုင်ငံခေါင်းဆောင်ကြီးများ၏ ဓာတ်ပုံများ စုစည်းဖော်ပြထားသည်။

**ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်း**

"ဗမာတွေ စိတ်ထက်သလေး၊ ဘာလေးနဲ့ တလွဲဆံပင်ကောင်းနေကြတယ်။ ဗမာပြည် လွတ်လပ်ရေးရအောင် လုပ်ရမယ့် တိုက်ပွဲမျိုးမှာ အသုံးမချဘူး။ ဗမာပြည်ပြန်လည်ထူထောင်ရေးမှာ အသုံးမချဘူး။ ဗမာဗမာချင်းချဖို့မှာ လုပ်ချင်နေကြတယ်။ ဒါမျိုးတွေ လုပ်ချင်လို့ ဘယ်တော့မှ အကျိုးမရှိဘူး "(ဗိုလ်ချုပ်အောင်ဆန်း) ဟု ကျောဖုံးတွင် ထင်ရှားဖော်ပြသည်။ ကမ္ဘာလုံးပေါ်မှာ မြန်မာနိုင်ငံပုံဖော်ပြထားပြီး ကျောဖုံးတင်ထားသည်မှာလည်း ထူးခြားသည်။ ပထမအကြိမ် ၂၀၁၇ စက်တင်ဘာလနှင့် ဒုတိယအကြိမ် အောက်တိုဘာလ။ မျိုးဆက်သစ်စာပေက ဖြန့်ချိသည်။

**စာရေးသူ၏ အမှာစာ**

ကမ္ဘာ့နိုင်ငံအသီးသီး အယူအဆကွဲပုံကို စာရေးသူက ပထမ ထောက်ပြသည်-

(က) နိုင်ငံတည်နေရာ ပထဝီအနေအထားမတူခြင်း
(ခ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာမတူခြင်း
(ဂ) ဗဟုသုတနည်းကြခြင်း
(ဃ) ပြည်ပအကူအညီရရှိမှု မတူညီကြခြင်း
(င) နိုင်ငံရေးနှင့် စီးပွားရေးစနစ် မတူညီကြခြင်းတို့ ဖြစ်သည်။

လူချင်းတူပါလျက် အချို့နိုင်ငံဆင်းရဲ၊ အချို့နိုင်ငံလွန်စွာချမ်းသာ"ဘာကြောင့်ပါလိမ့်" "စာရေးသူက သိချင်ပါသတဲ့" ဒါ့ကြောင့်ဤနိုင်ငံ ၁၀ နိုင်ငံကို ရွေးပြီး လေ့လာ။ ပြီးတော့ ဤစာအုပ်ရေးခဲ့တာပါတဲ့ ။

စာရေးသူက အင်ဂျင်နီယာဘွဲ့(မြို့ပြ) ရခဲ့ပြီး ဒုတိယဝန်ကြီးတာဝန်ထမ်းခဲ့သူ၊ "မန္တလေးသား၊ မော်သာထွေး (မန္တလေး) ကလောင်အမည်များနှင့် စာရေးဆရာတစ်ဦး"၊ "အတွေးထက်၍ အရေးသွက်သူ" သူ့ကို ကျွန်တော် မမြင်မတွေ့ဖူးပါ။ ဤစာအုပ်ဖတ်ကြည့်ပြီးမှ သူ့အကြောင်း၊ သူ့အတွေး၊ သူ့အရေးကို ကျွန်တော် သုံးသပ်မိခြင်းသာပါ။

**အပျို၊လူပျိုရည်းစားထားခွင့်မရှိ**

မြောက်ကိုရီးယားတွင် အပျို၊ လူပျိုများ တက္ကသိုလ်ရောက်သည်အထိ ရည်းစားထားခွင့်မရှိ။ အိမ်ထောင်တရားဝင်မပြုမီ ချိန်းတွေ့လျှင် အလုပ်ကြမ်းစခန်းသို့ပို့သည်။ အပျိုများကို စစ်ဆေးသည်။ အပျိုရည်ကိုပါစစ်သည်။ အချိန်တန်လျှင် အိမ်ထောင်ပြုနိုင်သည်။ သို့သော် ချစ်ခြင်းမေတ္တာအတွက် မဟုတ်၊ မျိုးပွားရန်။ တိုင်းပြည်အတွက်လုပ်သား၊ စစ်သားထုတ်လုပ်ပေးရန်အတွက်ဖြစ်သည်ဟု ဆိုသည်။ မိသားစု သံယောဇဉ်ကို မစဉ်းစား။ ခေါင်းဆောင်ကြီးကိုသာ ချစ်မြတ်နိုးရမည်တဲ့ဗျာ။ (စာ-၆) မော်သာထွေး ရေးသားပြထားသည်ပါ။

**မြန်မာရောက် တောင်ကိုရီးယား သမ္မတကို လုပ်ကြံခြင်း**

တကယ့်အဖြစ်အပျက်ပါ။ တိတိကျကျ ပြန်ရေးထားတာပါ။ အသေးစိတ်ဖြစ်ပါသည်။ မြောက်ကိုရီးယား ကုန်တင်သင်္ဘောတစ်စင်းအသုံးပြု၍ လုပ်ကြံမှုစီစဉ်ပုံ၊ သင်္ဘောပေါ်က သေတ္တာကြီးနှစ်လုံး စက်လှေပေါ်သို့ချ၊ အယောင်ဆောင် သင်္ဘောသားသုံးဦးအကြောင်း၊ ထိုသင်္ဘောမှ ငါးဦးဆင်းသွားသော်လည်း သုံးဦးသာ ဖော်ထုတ်နိုင်ခဲ့။ နှစ်ဦးမှာ ဇာတ်မြုပ်။ မည်သူတွေနည်း။ မည်သည့်နေရာရောက်သွားသနည်း။ (စာ-၁၃)

**တောင်ကိုရီးယား**

ပတ်ချုံဟီး၊ ချွန်ဒူးဝမ်၊ နိုတေဝူး၊ သမ္မတများ၏ ခရီးကြမ်းအကြောင်း၊ အပေါင်းလက္ခဏာဆန်သော ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကို ဦးတည်နေပုံ၊ အရှေ့အာရှတွင် ဂျပန်ပြီးလျှင် ဖွံ့ဖြိုးမှု အမြင့်ဆုံးဖြစ်နေပုံများ ဖော်ပြရေးသားထားသည်။

**ပါလီမန်စနစ်တွင်လည်း အဂတိရှိသည်**

စီးပွားရေးသမားက အချိန်နှင့်အမျှ အာဏာရှိသူကို ကပ်ပြီးနည်းမျိုးစုံကိုယ်ကျိုးရှာမှု (ယခု ခေတ်မှမဟုတ်) အင်္ဂလန်လိုနိုင်ငံမှာပင် ၁၇ ရာစုခန့်က အကြီးအကျယ်ရှိနေခဲ့ကြောင်းအံ့သြဖွယ် ဖတ်ရသည်။ (စာ - ၅၃)

**လှန်လိုလှန် မှောက်လိုမှောက်**

လှန်လိုလှန် မှောက်လိုမှောက် လုပ်နိုင်သော ပြည်သူလေးစားနေဆဲ စစ်ခေါင်းဆောင် တစ်ယောက်က ယနေ့ကမ္ဘာ့အင်အားအကြီးဆုံးနှင့် အဖွံ့ဖြိုးဆုံး ဒီမိုကရေစီနိုင်ငံကြီးဖြစ်လာစေရန် အုတ်မြစ်ချပေးခဲ့သော စစ်သေနာပတိချုပ် ဂျော့ချ်ဝါရှင်တန်အကြောင်း။ (စာ- ၆၇)

**ဘဝမျိုးစုံမှလာသော သမ္မတများ**

အမေရိကန်တွင် ပေါ်ထွန်းခဲ့သော ပြည်သူ၏ မဲဆန္ဒဖြင့် ရွေးချယ်ခဲ့သော သမ္မတများတွင်-

- ရာထူးကြီးကြီး တာဝန်ထမ်းဆောင်ခဲ့သော စစ်မှုထမ်းများ
- နိုင်ငံရေးသမားကြီးများ
- နိုင်ငံရေးစကားမပြောတတ်သော ပုဂ္ဂိုလ်များ
- ကျောင်းစာမသင်ခဲ့ရသူများ
- အပ်ချုပ်သမားဘဝမှ တက်လာသူများ
- တက္ကသိုလ်ဘွဲ့မရသူများ
- စီးပွားရေးသမားများစသည့် ဘဝစုံမှ အခက်အခဲများကို ကြိုးစားကျော်ဖြတ်ခဲ့သူများ ဖြစ်ကြကြောင်း။ (စာ - ၇၃)




**တရုတ်နိုင်ငံ**

တရုတ်နိုင်ငံအကြောင်းအတော်စုံလင်စွာရေးထားသည်။ ကျွန်တော်နှစ်သက်မိသမျှ ကောက်နုတ်ရသော်-

- တရုတ်ပြည်ကို စက်ဘီးနိုင်ငံဖြစ်စေချင်တယ်ဆိုသော တိန်ရှောက်ဖိန်၏စကား
- အဘိုးကြီးတွေက နောက်ဖေးမသွားချင်ဘဲနဲ့ အိမ်သာကို ဦးထားတယ်(၁၉၆၁)
- ဘယ်သူပြောတဲ့စကားဖြစ်ပါစေ ရပ်တည်လို့မရရင် ပြင်ရမယ်
- ပြဿနာသိပ်များတယ်၊ ကျောင်းသားတွေ စာမကျက်ဘူး။ (၁၉၇၅)
- စာမဖတ်ရင် ယဉ်ကျေးမှု မရှိဘူး။ (၁၉၇၅) တို့ ဖြစ်သည်။

**စင်ကာပူ**

အဂတိကင်းသော ပြည့်ဝသည့်အစိုးရဟု (စာ - ၁၉၄) တွင် ရေးထားသည်။ စင်ကာပူနိုင်ငံဖြစ်ပါသည်။ ၁၉၅၉ မှစ၍ လီကွမ်ယူ ဦးဆောင်သောအစိုးရ အာဏာရလာသည်။ နှစ်ပေါင်း ၆၀ ထိန်းထားနိုင်သည်။ ပြည်သူက ယုံ၍ဖြစ်သည်။ လီကွမ်ယူက လာဘ်မစား။ သူ့ဝန်ကြီးများကို လာဘ်စားသည်ထင်လျှင် စစ်ဆေးပြီး အရေးယူသည်။

၁၉၃၇ ကိုလိုနီခေတ်က ပြဋ္ဌာန်းခဲ့သော အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကိုပင် ပြန်ပြင်သည်။ ပိုမိုတင်းကျပ်သည်။ ပုဒ်မများနှင့် အစားထိုးသည်။

သက်ာမကင်းပါက စုံစမ်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးနိုင်သည်။ ရှာဖွေနိုင်သည်။ ဘဏ်စာရင်းကို စစ်နိုင်သည်။ ဖမ်းဆီးနိုင်သည်။ ရဲနှင့် တရားရုံးကို စောင့်ကြည့်သည်။ အရေးယူသည်။ သက်ာမကင်းပါကဝန်ကြီးပါမကျန် စစ်ဆေးရန် ခွင့်ပြုထားသည်။ လာဘ်စားသူ၏ အပြစ် ဒဏ်ကိုလည်း မြှင့်လိုက်သည်။ (စာ-၁၉၅)

**အသေးအဖွဲ့ကို ဂရုစိုက်**

လီကွမ်ယူအုပ်ချုပ်သော အုပ်ချုပ်ရေးအဖွဲ့ကို ပညာတတ်၊ လူချမ်းသာ၊ လူ့မလိုင်တစ်စုက အုပ်ချုပ်သည်ဟု အများစု မြင်ကြသည်။ သို့သော် ပြည်သူကို နေရာပေးပြီး ပြောဆိုခွင့်ပေးသည်။

စည်းကမ်းများကို အသေးစိတ်လိုက်နာရန် ပြဋ္ဌာန်းသည်။ နိုင်ငံအကြီးအကဲနှင့်ပင်မတူ။ မြို့တော်ဝန်တစ်ဦးနှင့်ပင် တူနေသည်။ အကြောင်းအရာတိုင်း၊ နေရာတိုင်း မြင်အောင်ကြည့်သည်။ (စာ - ၁၉၇)

**အနေအထိုင်ဆင်ခြင်ရသည့်မြို့**

စင်ကာပူတွင် လာနေသူများ အနေအထိုင် ဆင်ခြင်ရသည်။

ဥပမာ- တံတွေးထွေးခြင်းဖြစ်သည်။ လူမြင်ကွင်းတွင် တံတွေးထွေးသည်ကိုပင် အမိန့်ဖြင့် ပိတ်ပင်သည်။ တံတွေးထွေးမှု ဆန့်ကျင်ရေးလှုပ်ရှားမှု လုပ်ခဲ့သည်။ လူတွေက ဥပဒေနဲ့ အရေးယူမှ လိုက်နာကြသည်ဟု ပြောသည်။ မူလတန်းမှစ၍ ပြည်သူ့နီတိတွင် သေသေချာချာ ထည့်ရေးပြီး သင်ကြားပေးသည်။ ပညာပေးသည်။ ယခု စင်ကာပူသားများ အမှုမဲ့ အမှတ်မဲ့ လူမြင်ကွင်းမှာ တံတွေး မထွေးကြတော့ပါ။ (စာ - ၁၉၉)

**တရားဥပဒေစိုးမိုးသည်**

ဥပဒေ ပြဋ္ဌာန်းသည်။ ပြတ်ပြတ်သားသား အရေးယူသည်။ ပြစ်ဒဏ်များကလည်းမသေး။ စင်ကာပူတွင် ကြိမ်ဒဏ်ဖြင့် အပြစ်ပေးသည့် စနစ်ရှိသည်။ လူ့အခွင့်အရေးသမားများကို ထည့်မတွက်။လက်ငင်းကိစ္စ လက်ငင်းဖြေရှင်းသည်။ တရားဥပဒေစိုးမိုးအောင် လုပ်သည်။ တိကျစွာ စစ်ဆေးအရေးယူသည်။

လာဘ်မစားအောင် တစ်ဖက်ကလည်း လစာကို လုံလောက်စွာ ထောက်ပံ့သည်။ အဓိကကျသည့် နေရာတိုင်း ကင်မရာတပ်ဆင်ထားသည်။ လက်ဆွဲအိတ်ကို လုယူထွက်ပြေးသည်မျိုး မလုပ်ဝံ့။ ချက်ချင်းအဖမ်းခံရနိုင်သည်။ စင်ကာပူတွင် အံ့သြဖို့ ကောင်းအောင် ဥပဒေစိုးမိုးသည်။ (စာ - ၂၀၂)

**ငွေစုရမည်**

စင်ကာပူ၏ မူသည် အလုပ်လုပ်စဉ် စုငွေထည့်ကြရသည်။ စုငွေမှ ရှယ်ယာပြန်ထည့်စေသည်။ ပင်စင်ယူချိန်တွင် အမြတ်များ ခွဲပေးသည်။

**လူတော်လူကောင်းတွေ**

"စင်ကာပူ ကံကောင်းခြင်းမှာ လူတော် လူကောင်းတွေ စုမိနေ၍ဖြစ်သည်"ဟု လီကွမ်ယူက ပြောသည်။ မှတ်သားဖွယ်။ အခြားခေါင်းစဉ်တွေလည်း ဖတ်မှတ်စရာကျန်သေးသည်။ ရှာဖွေ ဖတ်ရှု စေချင်သည်။ ကျွန်တော်အားလုံး ရေးမပြတော့ပါ။

**တို့မြန်မာနိုင်ငံ**

တို့ မြန်မာနိုင်ငံအကြောင်း ဆက်လက်ဖတ်ကြစို့။

နိုင်ငံဝင်ငွေတိုးရန် မည်သို့လုပ်ကြမည်နည်း၊ ခေတ်မီအောင်လုပ်ရန်၊ ကျွမ်းကျင်လုပ်သား ပြဿနာ၊ သုတေသနလုပ်ငန်းတိုးချဲ့လုပ်ပါ။ သူများနိုင်ငံတွေ ငွေဘယ်လိုရှာသလဲများ ဖော်ပြအကြံပြုထားသည်။ ဘယ်နိုင်ငံတွေအခြေပြု စံထားကြမည်လဲ။ သင်ခန်းစာရသည်။

ရာဇဝင်ထဲကမညီညွတ်မှု(စာ -၂၇၆)မှာ သတိထားစရာအချက်တစ်ချက်ဖြစ်သည်။ စည်းလုံးညီညွတ်မှု လွန်လွန်ကဲကဲ ပြိုကွဲနေ၍ဟု ထောက်ပြထားသည်။ ကိုလိုနီခေတ်သွေးခွဲမှုကိုလည်း မမေ့။ လွတ်လပ်ရေးရပြီး အခြေအနေ၊ စစ်အာဏာသိမ်းခြင်း၊ ပြည်တွင်းငြိမ်းချမ်းရေး မျှော်လင့်ချက်၊ လူမွေးပါ၊ သမိုင်းမသိလျှင် 'အ'၊ ပထဝီမသိလျှင် "မနေတတ်"၊ လေ့လာကြမည်၊ အဖြေထုတ်ကြမည် စသည်များတင်ပြသည်။ ထို့နောက် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏မိန့်မှာချက်ဖြင့် ဆန္ဒပြုလျက် မော်သာထွေးက ရေးသားနိဂုံးချုပ်ထားသည်။ မှီငြမ်းကိုးကား ၃၁ အုပ်ရှိသည်။

**နိဂုံး**

(၁) စာဖတ်ခြင်းသည် အကျိုးများလှပါသည်။
(၂) ဥပဒေစာအုပ်ပုံတွေကြားမှာ ဖတ်မှတ် လေ့လာ အနေများခဲ့သည်မှာ ကျွန်တော်ပါ။
(၃) မော်သာထွေး(မန္တလေး) ရေးသည့် "စနစ်မတူသောနိုင်ငံများနှင့် မြန်မာ"စာအုပ်မှာ ရှေ့နေတစ်ဦးအတွက် ရင်ခုန်ဖွယ်ပါ။ ဖတ်ရှုမှတ်သားစရာပါ။
(၄) ထို့အတူ စာဖတ်သူများလည်း ဖတ်ကြည့်စေချင်ပါသည်။

> လီကွမ်ယူအုပ်ချုပ်သော အုပ်ချုပ်ရေးအဖွဲ့ကို ပညာတတ်၊ လူချမ်းသာ၊ လူ့မလိုင်တစ်စုက အုပ်ချုပ်သည်ဟု အများစု မြင်ကြသည်။ သို့သော် ပြည်သူကို နေရာပေးပြီး ပြောဆိုခွင့်ပေးသည်။ စည်းကမ်းများကို အသေးစိတ်လိုက်နာရန် ပြဋ္ဌာန်းသည် . . .



နှစ်(၇၀)ပြည့် ချင်းအမျိုးသားနေ့ အခမ်းအနား ဖလမ်း၌ကျင်းပ

**ဖလမ်း ဖေဖော်ဝါရီ ၂၀**
နှစ် (၇၀) ပြည့် ချင်းအမျိုးသားနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၈ နာရီက ဖလမ်းမြို့ ဟရန်ထီးယို အားကစားကွင်း၌ ကျင်းပသည်။

နိုင်ငံတော်သမ္မတထံမှ ပေးပို့သော နှစ် (၇၀) ပြည့် ချင်းအမျိုးသားနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်ကလည်းကောင်း၊ ချင်းပြည်နယ်ဝန်ကြီးချုပ်ထံမှပေးပို့သော နှစ် (၇၀)ပြည့် ချင်းအမျိုးသားနေ့ သဝဏ်လွှာကို မြို့မိမြို့ဖ ဒုတိယဥက္ကဋ္ဌ ဦးရှုလ်ဇမ်ကလည်းကောင်း၊ ချင်းအမျိုးသားနေ့ဖြစ်ပေါ်လာပုံသမိုင်းကြောင်းကို ခရိုင်စာရင်းစစ်အရာရှိ ဦးမန်းလျန်ကလည်းကောင်း အသီးသီး ဖတ်ကြားကြသည်။

အခမ်းအနားတွင် ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ သူနာပြုသင်တန်းကျောင်းမှ သင်တန်းသူ၊ သင်တန်းသားများနှင့် ဒေသခံပြည်သူလူထုများ တက်ရောက်ကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## ခေတ်မီလက်နက်များ ကျွမ်းကျင်စွာကိုင်တွယ်အသုံးပြုနိုင်ရေးဆင့်ပွားသင်တန်းဖွင့်

**ညောင်ဦး ဖေဖော်ဝါရီ ၂၀**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ခရိုင်အတွင်း တာဝန်ထမ်းဆောင်နေကြသည့် ရဲတပ်ဖွဲ့ဝင်များ ပြည်သူ့အကျိုးပြု ရဲလုပ်ငန်းစဉ်များ လုပ်ကိုင်ဆောင်ရွက်ရာတွင် စနစ်တကျ လုပ်ကိုင်ဆောင်ရွက်လာနိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်သည့် ရဲတပ်ဖွဲ့ဝင်များ ကိုင်ဆောင်အသုံးပြုရသည့် ခေတ်မီလက်နက်များ စနစ်တကျထားသိုထိန်းသိမ်းရေးနှင့် ကျွမ်းကျင်စွာကိုင်တွယ် အသုံးပြုပစ်ခတ်နိုင်ရေး (ဆင့်ပွား)သင်တန်း အမှတ်စဉ် (၁/၂၀၁၈) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၈ နာရီက ညောင်ဦးခရိုင် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးနေလင်းက ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစဉ်များကို အလေးထားပြီး သင်တန်းမှ ပို့ချသင်ကြားပေးမည့် သင်ခန်းစာများကို ဂရုတစိုက် သင်ယူကြရန် ရှင်းလင်းဆွေးနွေး မှာကြားခဲ့သည်။

ထို့နောက် သင်တန်းနည်းပြများက သင်တန်းသားများအား ပြည်သူဗဟိုပြု ရဲလုပ်ငန်းစဉ်များနှင့် ရဲတပ်ဖွဲ့ဝင်များ ကိုင်တွယ်အသုံးပြုရသည့် ခေတ်မီလက်နက်များ စနစ်တကျထားသိုထိန်းသိမ်းရေးနှင့် ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြု ပစ်ခတ်နိုင်ရေးဆိုင်ရာ နည်းပညာများကို စာတွေ့ လက်တွေ့ သင်ကြားပို့ချပေးခဲ့ပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

အဆိုပါ ခေတ်မီလက်နက်များ စနစ်တကျ ထားသိုထိန်းသိမ်းရေးနှင့် ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြု ပစ်ခတ်နိုင်ရေး (ဆင့်ပွား)သင်တန်း (၁/ ၂၀၁၈) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ညောင်ဦးခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးကြီးနေလင်း၊ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးမာလာ၊ ညောင်ဦးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မြင့်ဌေး၊ ကျောက်ပန်းတောင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ဝင်းနိုင်၊ ညောင်ဦးမြို့မရဲစခန်းမှူး ဒုရဲမှူးမင်းနိုင်နှင့် မြို့နယ်အတွင်းရှိ နယ်မြေရဲစခန်းမှူးများ၊ ရဲကင်းစခန်းမှူးများ၊ ဌာနစိတ် တာဝန်ခံအရာရှိများ၊ သင်တန်းနည်းပြဆရာများနှင့် သင်တန်းသားများ စုစုပေါင်းအင်အား ၆၀ ခန့် တက်ရောက်ခဲ့သည်။

အဆိုပါ သင်တန်းအား ဖေဖော်ဝါရီ ၁၉ ရက်မှ မတ် ၂ ရက်အထိ သင်တန်းကာလ နှစ်ပတ်ကြာ သင်ကြားပို့ချသွားမည် ဖြစ်ပြီး သင်တန်းသား ၂၀ တက်ရောက်သင်ကြားကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## ပျဉ်းမနားမြို့၌ လုပ်ငန်းစွမ်းရည်ပြည့်ဝသည့်ဝန်ထမ်းများ ဖြစ်လာရေးသင်တန်းဖွင့်

**ပျဉ်းမနား ဖေဖော်ဝါရီ ၂၀**
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ ကြီးမှူးဖွင့် လှစ်သည့် ဝန်ထမ်းများ စွမ်းရည်မြှင့်သင်တန်း (၁/၂၀၁၈) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၈ နာရီခွဲက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်) သင်တန်းကျောင်း ပျဉ်းမနားမြို့၌ ကျင်းပသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ဝန်ထမ်းများအား စွမ်းရည်မြှင့်သင်တန်း ဖွင့်လှစ်သင်ကြားပေးရခြင်းမှာ ခေတ်စနစ်နှင့်အညီ စိတ်ပိုင်းဆိုင်ရာသဘောထားများ ပြောင်းလဲလာပြီး ဝန်ကြီးဌာနရဲ့ ရည်မှန်းချက်များ၊ ဦးစီးဌာန၏ လုပ်ငန်းများကို စွမ်းရည်မြင့်မားစွာဖြင့် အကောင်အထည်ဖော် ဆောင်ရွတ်နိုင်ရန်အတွက် လုပ်ငန်းစွမ်းရည် ပြည့်ဝတဲ့ဝန်ထမ်းများ ပေါ်ထွက်လာစေရန် လေ့ကျင့်ပေးခြင်း ဖြစ်သည့်အတွက် အထူးသင်ယူ မှတ်သားကြရန်နှင့် သင်တန်းသားအချင်းချင်း သိသင့်သိထိုက်တာတွေကို မျှဝေအသိပေးပြီး ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့်လည်း လုပ်ငန်းများမြန်ဆန် ထိရောက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ဝန်ထမ်းရေးရာဦးစီးဌာန၊ နေပြည်တော် စာရင်းစစ်ရုံး၊ အမျိုးသားစာကြည့်တိုက်နှင့် ပင်စင်ဦးစီးဌာနတို့မှ သင်တန်းနည်းပြများအပြင် Save the Children International၊ မြို့နယ်ပန်းချီဆရာအသင်းနှင့် မြို့နယ် စာရေးဆရာအသင်းတို့ကလည်း သက်ဆိုင်ရာဘာသာရပ်များကိုပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်း ၃၀ အားဖေဖော်ဝါရီ၁၉ ရက်မှမတ်၉ ရက်အထိ သင်ကြား ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝယ်ယူထားသည့် ယာဉ်များအနက် အမှိုက်သိမ်းယာဉ်နှင့် နုန်းသယ်ယာဉ်များ ရောက်ရှိ

**မန္တလေး ဖေဖော်ဝါရီ ၂၀**
မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ မြို့တော်သန့်ရှင်းလှပရေးလုပ်ငန်းများအား ဖြည့်လုပ်ဆောင်နိုင်ရန် ဝယ်ယူထားသည့် ယာဉ်များအနက် အမှိုက်သိမ်းယာဉ် ခြောက်စီးနှင့် နုန်းသယ်ယာဉ် ခြောက်စီး အသစ်ထပ်မံရောက်ရှိလာကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဇေယျက အဆိုပါယာဉ်များ မိတ်ဆက်ပြသခြင်း အခမ်းအနားတွင် ပြောကြားသည်။



အဆိုပါ ယာဉ်များကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၂၅၃၂၉ သိန်းအကုန်အကျခံ၍ အမှိုက်သိမ်းယာဉ်၊ နုန်းသယ်ယာဉ်နှင့် အခြားယာဉ်အမျိုးအစား စုစုပေါင်း အစီး ၅၀ ကို ယခင်သုံးစွဲနေသည့် ယာဉ်များနေရာတွင် အစားထိုးသုံးစွဲရန် ဝယ်ယူထားကြောင်းနှင့် လာမည့် ၂၀၁၈-၂၀၁၉ ခြောက်လတာဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရရန်ပုံငွေမှ ငွေကျပ် ၂၄၇၅ သိန်းကျော် အသုံးပြု၍ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ယာဉ်၊ ယန္တရားပေါင်း ၃၃ စီးကို ထပ်မံဝယ်ယူသွားမည်ဖြစ်သည်။

"ယခုရောက်ရှိလာတဲ့ကားတွေကို သန့်ရှင်းရေးဌာနမှာ သုံးစွဲသွားမှာဖြစ်ပါတယ်၊ TC အမှိုက်သိမ်းယာဉ်တစ်စီးကို ၂၂၇ သိန်းနဲ့ RC အမှိုက်သိမ်းယာဉ်တစ်စီးကိုတော့ ၂၃၅ သိန်း ပေးရပါတယ်၊ နုန်းသယ်ယာဉ်တစ်စီးကို ပျမ်းမျှ ၂၅၇ သိန်းနှုန်းနဲ့ ဝယ်ယူထားပြီး တရုတ်နိုင်ငံက နာမည်ရှိတဲ့ ကားတွေကို အများဆုံး ဝယ်ထားတာပါ၊ ဂျပန်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံထုတ် ကားတွေလည်းပါတယ်၊ ဝယ်ယူမှုမှာလည်း ပွင့်လင်းမြင်သာစွာ တင်ဒါခေါ်ယူပြီး ဝယ်ယူတာဖြစ်ပါတယ်၊ လက်ရှိယာဉ်တွေနဲ့ မန္တလေး ခြောက်မြို့နယ် သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်ဖို့ လုံလောက်မှုရှိပါတယ်" ဟု ၎င်းက ပြောသည်။

ယခင်အသုံးပြုခဲ့သော ယာဉ်များမှာ ကြံ့ခိုင်မှုအားနည်းလာခြင်းကြောင့် မြို့တော်ဝန်မှ ဦးဆောင်ကာ ခေတ်နှင့်အညီ ထုတ်လုပ်ထားပြီး လုပ်ငန်းတွင်ကျယ်စွာဆောင်ရွက်နိုင်မည့် ယာဉ်များကို ဘဏ္ဍာနှစ် အလိုက်အစားထိုး ဝယ်ယူအသုံးပြုလျက်ရှိကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စက်ရုံနှင့် မော်တော်ယာဉ်ဌာနမှ ဒုတိယဌာနမှူး ဦးမောင်မောင်မြင့်က ပြောသည်။

"ကျွန်တော်တို့ ဌာနမှာ ထိန်းသိမ်းရေးနဲ့ ပြုပြင်ရေးဆိုပြီး ဌာနခွဲ နှစ်ခုရှိပါတယ်၊ မြို့နယ် ခြောက်မြို့နယ်မှာလည်း မြို့နယ်အလိုက် တာဝန်ခံအင်ဂျင်နီယာတွေထားရှိပြီး ပျက်စီးတဲ့ ယာဉ်တွေကို နေ့စဉ် သတင်းပို့စနစ်နဲ့ အစားထိုးယာဉ်ပေးနိုင်ဖို့ ဆောင်ရွက်နေသလို ပျက်နေတဲ့ယာဉ်ကို ဌာနရဲ့ Workshop မှာ ပြင်ဆင်ပေးနေပါတယ်" ဟု ၎င်းက ပြောသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင်လည်း ငွေကျပ်သိန်းပေါင်း ၂၇၆၇၇ သိန်းအကုန်အကျခံ၍ ယာဉ်၊ ယန္တရားပေါင်း ၄၇ စီးဝယ်ယူပေးထားကြောင်းနှင့် အဆိုပါယာဉ်များကို မြို့နယ်ခြောက်မြို့နယ်တွင် အမှိုက်အများဆုံးထွက်ရှိသည့် မြို့နယ်များတွင် သန့်ရှင်းရေးဌာန၏ ကြီးကြပ်မှုဖြင့် ခွဲဝေအသုံးပြုနေကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

## ယာဉ်အန္တရာယ်လျော့နည်းကျဆင်းရေး ထိရောက်သောအရေးယူမှုများ ဆောင်ရွက်သွားမည်

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၀**
ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတိကျစွာလိုက်နာရေး၊ ယာဉ်မတော်တဆမှု အန္တရာယ်လျော့နည်းကျဆင်းရေးတို့အတွက် ပညာပေးကာလအဖြစ် ယနေ့မှစတင်ကာ ၂၀၁၈ ခုနှစ် မတ်လကုန်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဧပြီ ၁ ရက်မှစတင်ကာ ထိရောက်သော အရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြစ်ကြီးနားမြို့ အမှတ် (၉၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ကျော်စိုးဦးမှ ဖေဖော်ဝါရီ ၂၀ ရက်က ယာဉ်မောင်းများအား ရှောင်တခင်စစ်ဆေးရာတွင် ပြောကြားသည်။

"ယာဉ်မောင်းများဟာ ယာဉ်မောင်းလိုင်စင်မပါရှိခြင်း၊ အသက်အရွယ်မပြည့်သူ၊ ယာဉ်မောင်းလိုင်စင်မရှိသူများကို ယာဉ်ပိုင်ရှင်၊ အုပ်ထိန်းသူများကမောင်းနှင်စေခြင်း၊ လိုင်စင်မဲ့ယာဉ်များအသုံးပြုမောင်းနှင်ခြင်း၊ လမ်းဆုံများမှာ အတည့်သွားယာဉ်ကို ဦးစားမပေးဘဲ ရှေ့မှဖြတ်သန်းချိုးကွေ့မောင်းနှင်ခြင်း တွေ့ရှိ ရပါတယ်" ဟု ရှင်းလင်းပြောကြားသည်။

အဆိုပါ သုံးသပ်ချက်များအပေါ် တွေ့ရှိချက်များနှင့် ပတ်သက်၍ ယခုအခါ သတိပေးပြောကြားခြင်း၊ ပညာပေး ဟောပြောခြင်းများ ဆောင်ရွက်လျက်ရှိရာ စည်းကမ်းဖောက်ဖျက်ယာဉ်များအား ဧပြီ ၁ ရက်မှစတင်၍ ထိရောက်သော အရေးယူမှုများဆောင်ရွက်သွားမည်ဖြစ်ကြောင်း တပ်ဖွဲ့စုမှူး ဒုရဲမှူးကျော်စိုးဦးထံမှ သိရသည်။ **ဦးလေးကြီး**

## အမျိုးသားတံခွန်စိုက် (ဝန်ကြီးဌာနပေါင်းစုံ) ပြေးခုန်ပစ်ပြိုင်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် (၆၃) ကြိမ်မြောက် အမျိုးသားတံခွန်စိုက် (ဝန်ကြီးဌာနပေါင်းစုံ) ပြေးခုန်ပစ်ပြိုင်ပွဲ ပထမနေ့ပွဲစဉ်များကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၇ နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပသည်။

အမျိုးသမီးမီတာ ၅၀၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား မီတာ ၅၀၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသမီးသံပြားဝိုင်းပစ်ပြိုင်ပွဲ၊ အမျိုးသား မီတာ ၁၀၀ တန်းကျော်ပြေးပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၁၀၀ တန်းကျော်ပြေးပြိုင်ပွဲ၊ အမျိုးသမီး တုတ်ထောက်ခုန်ပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၄၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသားမီတာ ၄၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား အလျားခုန်ပြိုင်ပွဲ၊ အမျိုးသား သံပြားဝိုင်းပစ်ပြိုင်ပွဲများကို ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ နည်းပြအုပ်ချုပ်သူများ၊ လာရောက်ကြည့်ရှုအားပေးပြီး ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဆုများကို ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ (၆၃) ကြိမ်မြောက်အမျိုးသားတံခွန်စိုက် (ဝန်ကြီးဌာနပေါင်းစုံ) ပြေးခုန်ပစ်ပြိုင်ပွဲကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အပါအဝင် ဝန်ကြီးဌာနရှစ်ခုနှင့် အားကစားသမားစုစုပေါင်း ၉၈ ဦးတို့သည် ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၃ ရက်အထိ ပြိုင်ပွဲ ၁၇ မျိုးကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း တွင် နံနက် ၇ နာရီမှစတင်၍ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်ဇော်**



# ကယားပြည်နယ်တွင် လယ်ယာမြေနှင့် အခြားမြေများ ပြန်လည်စိစစ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

**လွိုင်ကော် ဖေဖော်ဝါရီ ၂၀**

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီမှပေးပို့လာသော တင်ပြစာများနှင့် ကယားပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီသို့ တင်ပြထားသော အမှုတွဲများနှင့် ပတ်သက်ပြီး စိစစ်တင်ပြရန်ကျန်ရှိနေသော အမှုတွဲ ၁၉ တွဲအား ချမှတ်ထားသော မူဝါဒများနှင့်အညီ ခိုင်မာ မှန်ကန်စွာ ဖြေရှင်းတင်ပြဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၉ ရက် မွန်းလွဲ ၁ နာရီက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကယားပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ ပြန်လည်စိစစ်ရေး ကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက သိမ်းဆည်းမြေများနှင့်ပတ်သက်ပြီး မူဝါဒများ အတိအကျချမှတ်ထားပြီးဖြစ်ရာ ချမှတ်ထားသော မူဝါဒများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ဖို့လိုအပ်ပါကြောင်း၊ လက်ရှိတွင် ချမှတ်ထားသော မူဝါဒများနှင့် မညီဘဲ ဆောင်ရွက်နေမှုများကို တွေ့ရကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ကယားပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ ပြန်လည်စိစစ်ရေးကော်မတီအတွင်းရေးမှူးက တိုင်ကြားစာများနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းတင်ပြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကော်မတီဝင်များက အကြံပြုဆွေးနွေးတင်ပြခဲ့ကြသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ကယားပြည်နယ် လယ်ယာမြေနှင့် အခြားမြေများပြန်လည်စိစစ်ရေးကော်မတီဝင်များ တက်ရောက်ကြကြောင်းသိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# ကော့သောင်းမြို့ဘုရင့်နောင်ရုပ်တုကုန်းမြေဗျူးပွိုင့် အပန်းဖြေရင်ပြင်တွင် ရွှေရောင်စာလုံးများ တပ်ဆင်

**ကော့သောင်း ဖေဖော်ဝါရီ ၂၀**

မြို့ကျက်သရေဆောင်ဘုရင့်နောင်ရုပ်တုကုန်းမြေ ဝန်းကျင်သည် ပါချန်မြစ်ဝမှတစ်ဆင့် တစ်ဖက်ထိုင်းနိုင်ငံသို့ လှမ်းမြင်ရပြီး သာယာလှပသည့် အပေါ်စီးရှုခင်းများ ကြောင့် မြို့သို့လာရောက်လည်ပတ်ကြသည့် ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များအမှတ်တရဓာတ်ပုံရိုက် မှတ်တမ်းတင်ခြင်း၊ မြို့ခံပြည်သူများအပန်းဖြေအနားယူခြင်း၊ ကျန်းမာရေးလေ့ကျင့်ခန်းများပြုလုပ်ခြင်းဖြင့် အစဉ်စည်ကားလျက်ရှိသည့် နေရာတစ်ခုဖြစ်ရာ ကုန်းမြေ ပိုမိုသာယာလှပရေးနှင့် လာရောက်လည်ပတ်ကြသည့် ပြည်တွင်းပြည်ပခရီးသွားများ ဓာတ်ပုံရိုက်ကူးရာတွင် မြန်မာနိုင်ငံတောင်ဘက်စွန်းရောက် အမှတ်တရဖြစ်ကြစေရန် ဘုရင့်နောင်ရုပ်တု ကုန်းမြေဗျူးပွိုင့်အပန်းဖြေရင်ပြင်တွင် KAW THAUNG အထိမ်းအမှတ် ရွှေရောင်သံမဏိပြား စာလုံးကြီးများကို ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းက တပ်ဆင်ခဲ့ကြောင်း သိရသည်။

ဘုရင့်နောင်ရုပ်တုကုန်းမြေဗျူးပွိုင့် အပန်းဖြေရင်ပြင်အား အများပြည်သူအပန်းဖြေအနားယူနိုင်ရန် ရင်ပြင်တည်ဆောက်ခြင်း၊ ကြွေပြားခင်းအလှဆင်ခြင်း၊ ပန်းအလှပင်များစိုက်ပျိုးခြင်း၊ လမ်းမီးတိုင်များဖြင့် အလှဆင်ခြင်း လုပ်ငန်းများကို ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ် ထိုင်း-မြန်မာ နယ်စပ်ဖြတ်သန်းခရရှိငွေမှ ၁၀ ရာခိုင်နှုန်းနှင့် မိမိတို့၏ မြို့ပိုမိုသာယာလှပရေး မြို့ခံ စေတနာရှင်အလှူရှင်ထည့်ဝင်လှူဒါန်းငွေများဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ဒေသခံမြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၏ ကြီးကြပ်မှုဖြင့် လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များ၊ မြို့နေပြည်သူများ စိတ်လက်အေးချမ်းစွာ အပန်းဖြေနိုင်ကြရေး စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# ပဲခူး ITC တွင် စီမံရေးရာဝန်ထမ်းများအတွက် သင်တန်းဖွင့်လှစ်

**ပြည် ဖေဖော်ဝါရီလ ၂၀**



ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စီမံရေးရာဝန်ထမ်းများအတွက် ဌာနခွဲစာရေး လုပ်ငန်းဝင်သင်တန်း အမှတ်စဉ်(၁၂) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဆည်မြောင်းပညာရပ် ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ ( ITC Bago) ပဲခူးမြို့တွင် ဖေဖော်ဝါရီ ၁၉ ရက်က ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှု လေ့ကျင့်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးဇော်မင်းထွဋ်က သင်တန်းတွင်ပို့ချပေးမည့် ဝန်ထမ်းစည်းမျဉ်းဆိုင်ရာဘာသာရပ်များ၊ စီမံရေးရာဘာသာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာဘာသာရပ်များ၊ ငွေစာရင်းဆိုင်ရာဘာသာရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းသင်တန်းကို ဖေဖော်ဝါရီ ၁၉ ရက်မှ မတ် ၁၆ ရက်ထိလေးပတ်တာဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၄၀ တက်ရောက်ကြောင်းသိရသည်။

**သူရအောင်(ပြည်)**

# အများပြည်သူသွားလာရေးအဆင်ပြေစေရန် ဖြည့်စွက်ရန်ပုံငွေဖြင့် ကတ္တရာထပ်ပိုးလွှာခင်း

**ဟိုင်းကြီးကျွန်း ဖေဖော်ဝါရီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့ အမှတ်(၃ ) ရပ်ကွက်ရှိ ပမ္မဝတီလမ်းမကြီး၏ ပျက်စီးနေသော လမ်းအစိတ်အပိုင်းကို အများပြည်သူသွားလာရေးအဆင်ပြေစေရန် ဟိုင်းကြီးကျွန်းမြို့ စည်ပင်သာယာရေးအဖွဲ့ ဖြည့်စွက်ရန်ပုံငွေဖြင့် ကတ္တရာထပ်ပိုးလွှာ ခင်းလျက်ရှိရာ ဖေဖော်ဝါရီ ၂၀ ရက်တွင် ၈၀ ရာခိုင်နှုန်းပြီးစီးနေပြီ ဖြစ်သည်။

ဟိုင်းကြီးကျွန်းမြို့၏ မြို့ပတ်လမ်းဟုခေါ်သော ပမ္မဝတီလမ်းမကြီးသည် နေ့စဉ်ပြည်သူများအဓိကထားသုံးစွဲနေသောလမ်းဖြစ်ပြီး ချိုင့်ခွက်များဖြစ်ပေါ်မှုအများဆုံးဖြစ်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့မှစ၍ အရှည်ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ ထု သုံးလက်မ ကတ္တရာထပ်ပိုးလွှာခင်းခြင်းကို မြို့စည်ပင်သာယာရေးအဖွဲ့၏ (၂၀၁၇/၂၀၁၈) ဘဏ္ဍာနှစ်ဖြည့်စွက် ရန်ပုံငွေကျပ်သိန်း ၄၀ ဖြင့် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး အသိပညာပေး

**လမ်းမတော်။** ။လမ်းမတော်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးညွန့်လွင်ဦးနှင့် မြို့မရဲစခန်းမှူး ဒုရဲမှူးမြင့်လွင်တို့သည် ဖေဖော်ဝါရီ ၁၈ ရက် ညနေ ၆ နာရီက လမ်းမတော် မြို့နယ် အမှတ် (၁) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မူခင်းကျဆင်းရေး အသိပညာပေး ဟောပြောခဲ့ကြကြောင်း သိရသည်။

**၆၈၉**

**ဒဂုံမြို့သစ် (မြောက်ပိုင်း)။** ။ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် မြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုရဲအုပ် ဝင်းခိုင်သည် ဖေဖော်ဝါရီ ၁၉ ရက်က ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၃၂) ရပ်ကွက် ဆရာစံလမ်း၌ မူခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုပပျောက်ရေးအတွက် အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

**ဒေါပုံ။** ။ ဒေါပုံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးမြင့်အောင်သည် ဖေဖော်ဝါရီ ၁၇ ရက် မွန်းလွဲ ၁ နာရီခွဲက နွယ်အေးရပ်ကွက် ဓမ္မာရုံ၌ သက်ငယ်မုဒိမ်းမှု ပပျောက်ရေး၊ မူခင်းကျဆင်းရေးဟောပြောခဲ့ရာ ပြည်သူ ၁၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဒေါပုံထင်ကျော်**

**မင်္ဂလာတောင်ညွန့်။** ။မင်္ဂလာတောင်ညွန့်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်ကျော်ထူးသည် ဖေဖော်ဝါရီ ၁၈ ရက် ည ၇ နာရီခွဲက တောင်လုံးပြန်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မူခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး အသိပညာပေးဟောပြောခဲ့ရာ ရပ်ကွက်နေပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**၁၁၈**



# ရေတာရှည်မြို့နယ် နှမ်းစပါးစိုက်ခင်းများ ဆစ်ပိုးများကျရောက်၊ တောင်သူများ စနစ်တကျ အချိန်မီဆောင်ရွက်ကြရန်လို

**ရေတာရှည် ဖေဖော်ဝါရီ ၂၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း နွေစပါးများစိုက်ပျိုးလျက်ရှိရာ သက်တမ်းတစ်လကျော် ရောက်ရှိချိန်၌ ဆစ်ပိုးများကျရောက်လျက်ရှိ ကြောင်း သိရသည်။

“ဆစ်ပိုးကျ ပြီလို့သိတာနဲ့ လယ်ကွက်ထဲကရေကိုအရင်ပြောင်အောင်ထုတ်ရမယ်၊ နောက်မှ ဆစ်ပိုးကိုသတ်နိုင်တဲ့ဆေးကို အညွှန်းအတိုင်း တိတိကျကျ ဆောင်ရွက်ကြဖို့လိုပါတယ်၊ နောက်တစ်ခုက ဆစ်ပိုးကျနေတဲ့တောင်သူ တစ်ဦးတည်းကွက်ပြီးဆေးဖျန်းလို့မရဘူး၊ ပတ်ပတ်လည်မှာရှိတဲ့ တောင်သူတွေလည်း တစ်ပြိုင်တည်းဖျန်းမှ လက်စသတ်နိုင်မှာ၊ ဖျက်ပိုးကျပြီဆိုတာနဲ့ မြေဩဇာမကျွေးရဘူး၊ မြေဩဇာကျွေးရင် ပိုးပြန့်တာပိုမြန်တယ်”ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်က ပြောကြားသည်။

တောင်သူများအနေဖြင့်လည်း မိမိတို့၏လယ်များတွင် ဖျက်ပိုးများကျရောက်သည်ဟု သံသယရှိပါက မိမိသဘောဖြင့် ဆောင်ရွက်မည့်အစား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနသို့ ဆက်သွယ်သတင်းပို့၍ တိကျသောဆေးဝါးများကို သုံးစွဲ နိုင်ပါက ထိရောက်မှုရှိပြီး ကုန်ကျစရိတ်သက်သာသည့်အပြင် ဆက်လက်ဆောင်ရွက်ရမည့်သွင်းအားစု နည်းစနစ်များကိုပါ ရရှိနိုင်မည်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# တနင်္သာရီမြို့နယ်-ပဝကျေးရွာကမ်းပြိုမှုကာကွယ်ရေး ကျောက်စီမြေထိန်းနံရံလုပ်ငန်း ၅၀ ရာခိုင်နှုန်းပြီးစီး

**တနင်္သာရီ ဖေဖော်ဝါရီ ၂၀**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ပဝကျေးရွာအုပ်စု ပဝကျေးရွာအရှေ့မျက်နှာစာ ကမ်းပါးတစ်လျှောက်၌ ကမ်းပြိုမှုကာကွယ်ရေး ဘိုးပိုင်အခြေပြု ကျောက်စီနံရံလုပ်ငန်းများအား တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည်။

ဆောင်ရွက်ပြီးစီးနေမှု အခြေအနေအား ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၁၀ နာရီက မြို့နယ်တည်ဆောက်မှု ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို ကွင်းဆင်းစစ်ဆေးခဲ့ကြရာ ၅၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျောက်စီနံရံလုပ်ငန်းအား တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၂၀၁၇-၂၀၁၈)ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၁၅၀ ဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။

ပဝကျေးရွာ အရှေ့မျက်နှာစာတစ်လျှောက် ပေ ၂၂၂၀ အတွင်း ကျောက်စီနံရံ အခြေပြု ဘိုးပိုင်၏အချင်းမှာ(သုည ဒသမ ၅၆ မီတာ)နှင့်မြေအဝင်အနက်ပေ ၂၀ ဖြစ်ပြီး ကျောက်စီနံရံအရှေ့တွင် မျှောကရစ်ကွက်များအား ကျောက်ကြီးများ ဖြည့်ကာတည်ဆောက်ခြင်းနှင့် မျှောကရစ်ကွက်များအရှေ့တွင် သဲမွေ့ရာများ ချထားပေးခြင်းလုပ်ငန်းများ တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်ဆက်)**

# တစ်ပတ်အတွင်း ထူးခြားအားကစားသတင်းများ

**ယခုရက်သတ္တပတ်အတွင်း အမှတ်ပေးဖလားပွဲစဉ်တွေအပြင် ချန်ပီယံလိဂ်၊ အက်ဖ်အေဖလားပွဲစဉ်တွေလို ကြားပွဲတွေလည်းရှိခဲ့လို့ ထူးခြားတဲ့ ပွဲရလဒ်အဖြေတွေနဲ့အတူ နောက်ဆက်တွဲ ပြဿနာတွေ၊ စွပ်စွဲချက်တွေကြောင့် သတင်းဖြစ်စေနိုင်တဲ့ အကြောင်းတွေ ဆက်တိုက်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။ စီရိုနယ်လ်ဒိုရဲ့ နေရာကို ဆက်ခံမယ့်သူအဖြစ် ရေပန်းစားနေတဲ့ နေမာနဲ့ စီရိုနယ်လ်ဒိုတို့ ထိပ်တိုက်တွေ့ခဲ့ကြတဲ့ ချန်ပီယံလိဂ်ပွဲစဉ်ဟာ ပရိသတ်အာရုံကို အတော်လေးဖမ်းစားနိုင်ခဲ့သလို ပွဲအပြီး ထွက်ပေါ်လာခဲ့တဲ့ဝေဖန်သံတွေ၊ ထင်မြင်ချက်တွေဟာ ဒီတစ်ပတ်အတွင်း အတော်လေးဝေစည်ခဲ့တဲ့ အကြောင်းတရားဖြစ်ခဲ့ပါတယ်။**

မေလဲ့သင်း - ရေးသားသည်



## ကျွန်တော် ပင်ပန်းနေပါပြီ

ရီးယဲလ်မက်ဒရစ် အသင်းနည်းပြ ဇီဒန်းက သူ့အနေနဲ့ ရီးယဲလ်မက်ဒရစ်အသင်းကို တာဝန်ယူကိုင်တွယ်ရသည်မှာ အလွန်ပင်ပန်းနေတယ်လို့ ဝန်ခံလိုက်အပြီးမှာ ရီးယဲလ်နဲ့ ဇီဒန်း အနာဂတ် မရေမရာဖြစ်လာပြီဆိုတဲ့ နောက်ဆက်ခန့်မှန်းချက်တွေပါ ဆက်ထွက်လာခဲ့ပါတယ်။ ဇီဒန်းဟာ ရီးယဲလ်မက်ဒရစ်အသင်းကို နှစ်ရာသီကိုင်တွယ်ခဲ့ရာမှာ ချန်ပီယံလိဂ်ဖလား နှစ်လုံးအပါအဝင် ဖလား ရှစ်လုံးအထိ ရယူနိုင်ခဲ့ပြီး ရီးယဲလ်အတွက် စံချိန်သစ်တွေ အများကြီး ရယူနိုင်ခဲ့ပါတယ်၊ ဒါပေမယ့် ဇီဒန်းက "နည်းပြအလုပ်ဆိုတာ အင်မတန် ခက်ခဲတဲ့ အလုပ်ဖြစ်ပြီး အထူးသဖြင့် ရီးယဲလ်နည်းပြဘဝက ပိုဆိုးပါတယ်၊ ဒီနေရာမှာက တစ်ခုခုဆို အပြောင်းအလဲလုပ်ဖို့ ရှိနေတတ်ပြီး နည်းပြအပါအဝင် ကစားသမားတွေကိုရောပါ၊ ခုတော့ အပြောင်းအလဲ မလိုအပ်သေးပေမယ့် လိုအပ်လာရင် လုပ်ဆောင်ဖို့ ဝန်လေးလို့ မရပါဘူး" လို့ ဖြေကြားခဲ့တာဖြစ်ပါတယ်။

ဒါ့အပြင် ရီးယဲလ်မက်ဒရစ်အသင်းက ဘက်တစ်ကို ငါးဂိုး-သုံးဂိုးနဲ့ အနိုင်ရရှိခဲ့တဲ့ ပွဲစဉ်မှာ အဓိကနောက်ခံလူ မာဆယ်လို ဒဏ်ရာရရှိသွားခဲ့တာကြောင့် တိုက်စစ်မှူး စီရိုနယ်လ်ဒိုက လာလီဂါမှာ ချန်ပီယံမဖြစ်နိုင်တော့တဲ့ အနေအထားမှာ အဓိက ကစားသမား အစုံအလင်နဲ့ ဘက်တစ်ကို ရင်ဆိုင်ခဲ့တဲ့ ဇီဒန်းရဲ့ လူထုတ်ပုံအပေါ် ဒေါသထွက်နေခဲ့တယ်လို့ သိရပါတယ်။ ရီးယဲလ်မက်ဒရစ်အသင်းဟာ ကိုပါဒယ်ရေးဖလားပြိုင်ပွဲကနေ ထွက်ခွာခဲ့ရပြီးဖြစ်သလို လာလီဂါမှာလည်း အဆင့် ၄ နေရာအထိ ရောက်ရှိနေတာကြောင့် ချန်ပီယံလိဂ်ဖလားတစ်လုံးသာ မျှော်လင့်နိုင်တော့တာပါ။ ပြီးခဲ့တဲ့ ရက်သတ္တပတ်အတွင်း ယှဉ်ပြိုင်ခဲ့တဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ရီးယဲလ်က ပီအက်စ်ဂျီကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ယူပြီး သူတို့ရဲ့ မျှော်လင့်ချက်ကို အသက်ဆက်နိုင်ခဲ့ပါတယ်။





## အသက်အကြီးဆုံး ကမ္ဘာ့နံပါတ်(၁)

ရော်စတာဒမ်တင်းနစ်ပြိုင်ပွဲ ယှဉ်ပြိုင်နေစဉ်အတွင်း ဖေဖော်ဝါရီ ၁၉ ရက်မှာ ဆွစ်ဇာလန်တင်းနစ်အကျော်အမော် ရော်ဂျာဖက်ဒဲရာဟာ ကမ္ဘာ့အဆင့်(၁)နေရာကို ပြန်လည်ရယူနိုင်ခဲ့ပါတယ်။ ဖက်ဒဲရာဟာ ရော်စတာအိုးပင်းမှာ ပြိုင်ဘက် ဘူဂေးရီးယားကစားသမား ဒီမီထရော့ဗ်ကို ၆-၂၊ ၆-၂နဲ့ နှစ်ပွဲပြတ်အနိုင်ယူပိုလ်စွဲခဲ့ပါတယ်။

ဖက်ဒဲရာဟာ လက်ရှိ အချိန်မှာ အသက် ၃၆ နှစ်ခြောက်လကျော် ရှိနေချိန်မှ ကမ္ဘာ့အဆင့် ၁ နေရာကို ပြန်လည် ရယူနိုင်ခဲ့တဲ့အတွက် သူဟာ အရင်က အဂါစီတင်ထားတဲ့ အသက် ၃၃ နှစ်နဲ့ ကမ္ဘာ့အဆင့် ၁ ရယူနိုင်ခဲ့တဲ့ စံချိန်ကိုပါ ကျော်ဖြတ်သွားခဲ့ပါတယ်။ ဖက်ဒဲရာဟာ ကမ္ဘာ့အဆင့် ၁ နေရာကို ၂၀၁၂ခုနှစ် အောက်တိုဘာလက နောက်ဆုံး ရယူနိုင်ခဲ့တာကြောင့် ကမ္ဘာ့အဆင့် ၁ နေရာကို ပြန်လည် ရယူနိုင်ဖို့ ငါးနှစ် ၁၀၆ ရက်ကြာစောင့်ဆိုင်းခဲ့ရပါတယ်။ ဒါကြောင့်လည်း ဖက်ဒဲရာဟာ အသက်အကြီးဆုံးကမ္ဘာ့အဆင့် ၁ ကစားသမားအဖြစ်သာမက ကမ္ဘာ့အဆင့် ၁ နေရာကိုရယူဖို့ အချိန်အကြာဆုံး စောင့်ဆိုင်းရတဲ့ ကစားသမားအဖြစ်ပါ တစ်ပြိုင်နက်တည်း မှတ်တမ်းဝင်သွားခဲ့တာပါ။

ဖက်ဒဲရာက "ကမ္ဘာ့အဆင့် ၁ နေရာကို ပြန်လည်ရယူနိုင်တာက ကျွန်တော့အတွက်တော့ အဓိပ္ပာယ်များစွာ ညွှန်းဆိုနိုင်ပါတယ်။ ကျွန်တော် တအားပျော်နေပါတယ်၊ ကမ္ဘာ့အဆင့် ၁ နေရာကို ပြန်လည်ရယူနိုင်လိမ့်မယ်လို့ တကယ်ကို မထင်ထားမိပါဘူး" လို့ ပြောကြားခဲ့ပါတယ်။ ဖက်ဒဲရာဟာ ၂၀၁၆ခုနှစ်အတွင်း ရေချိုးခန်းအတွင်း ချော်လဲခဲ့ရာကနေ နှစ်ကုန်အထိ အနားယူခဲ့ရပြီး ၂၀၁၇ ခုနှစ်အစကနေ စပြီး လက်စွမ်း ပြန်ပြနေသူဖြစ်သလို ၂၀၁၈ ခုနှစ်အတွင်း ဩစတြေးလျအိုးပင်းနဲ့ ရော်စတာဒမ်အိုးပင်း ပြိုင်ပွဲနှစ်ရပ်ကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာမှာ နှစ်ခုစလုံးမှာ ချန်ပီယံဖြစ်ခဲ့တာဖြစ်ပါတယ်။ ကမ္ဘာ့အဆင့် ၁ နေရာကို ရယူနိုင်တဲ့ အသက်အကြီးဆုံး ကစားသမားနေရာမှာ ဖက်ဒဲရာ ၃၆နှစ်၊ အဂါစီ ၃၃ နှစ်၊ နာဒယ်လ် ၃၁ နှစ်တို့ ဖြစ်ကြပါတယ်။




## အိပ်မက်တွေ ဖြစ်မလာသေးတဲ့ ဝီလီယံ

ချယ်လ်ဆီးတောင်ပံတိုက်စစ်မှူး ဝီလီယံက ကစားသမားတိုင်းဟာ ရီးယဲလ်မက်ဒရစ်၊ ဘာစီလိုနာတို့လို ကမ္ဘာ့ထိပ်တန်းကလပ်အသင်းကြီးနှစ်သင်းအတွက် ကစားချင်ကြမှာဖြစ်ပြီး သူ့မှာလည်း ဒီနှစ်သင်းအတွက် ကစားဖို့ အိပ်မက်ရှိကြောင်း ဖွင့်ဟလိုက်ပါတယ်။ ဝီလီယံက ချယ်လ်ဆီး၊ ပီအက်စ်ဂျီတို့လို အသင်းတွေကို အသင်းကြီးတွေလို့ သတ်မှတ်နိုင်ပေမယ့် ကမ္ဘာပေါ်မှာ အခမ်းနားဆုံးဖြစ်တဲ့ ရီးယဲလ်၊ ဘာကာတို့လို အသင်းတွေအတွက် ကစားခွင့်ရဖို့ဆိုတာ ကစားသမား အတော်များများမှာ ရှိနေတတ်သလို သူ့မှာလည်း အဲဒီလို အိပ်မက်ရှိတယ်လို့ ဆိုပါတယ်။

ချယ်လ်ဆီးနည်းပြ ကွန်တီဟာ အေဒင်ဟာဇက်ကို မိုရာတာကို ပံ့ပိုးပေးတဲ့ နောက်ချန်တိုက်စစ်မှူးအဖြစ် အသုံးပြုတာကြောင့် ဝီလီယံရဲ့ အခန်းကဏ္ဍဟာ ယခုနှစ်ရာသီမှာ အနည်းငယ်ပျောက်ဆုံးနေတယ်လို့ ဆိုရမှာပါ။ ဝီလီယံက သူဟာ ကစားသမားဘဝကို ကစားသမားဘဝစတင်ရာ ကိုရင်သီယန်အသင်းမှာ အဆုံးသတ်မှာဖြစ်ပေမယ့် အခုတော့ မဟုတ်သေးပါဘူးလို့လည်း ဆိုခဲ့ပါသေးတယ်။




## ပြဿနာများ၊ ဝေဖန်မှုများနဲ့အတူ မန်စီးတီးရဲ့ဖလားလေးလုံး အိပ်မက်ပျက်စီး

အက်ဖ်အေဖလားပြိုင်ပွဲအတွင်း ပရီမီယာလိဂ်ပြိုင်ပွဲမှာ ရမှတ်အပြတ်အသတ်အကွာနဲ့ အမှတ်ပေးဇယားထိပ်ဆုံးနေရာမှာ ရပ်တည်နေတဲ့ မန်စီးတီးဟာ လိဂ်ဝမ်းအသင်းဖြစ်တဲ့ ဝီဂန်ကို တစ်ဂိုး-ဂိုးမရှိနဲ့ မထင်မှတ်ဘဲ အရေးနိမ့်ခဲ့ပြီးနောက် ဖလားလေးလုံး အိပ်မက် ပျက်စီးခဲ့ပါတယ်။ ဝီဂန်အသင်းဟာ ဘောလုံးပိုင်ဆိုင်မှု ၁၇ ရာခိုင်နှုန်းသာ ရှိခဲ့ပေမယ့် ပွဲချိန်၇၉မိနစ်မှာ နောက်ခံလူ ဝေါ်လ်ကာရဲ့ အမှားမှတစ်ဆင့် ဂီလ်ဂရစ်က တစ်လုံးတည်းသော ဂိုးကို သွင်းယူပြီး မန်စီးတီးအသင်းကို ပြိုင်ပွဲကနေ ထွက်ခွာစေခဲ့ပါတယ်။

မန်စီးတီးနည်းပြ ဂွါဒီယိုလာနဲ့ ဝီဂန်နည်းပြ ပေါလ်ကွတ်ခ်တို့ကြား ဥမင်အတွင်း ပြဿနာဖြစ်ပွားခဲ့သလို မန်စီးတီး ထိပ်တန်းဂိုးသွင်းရှင် အဂွဲရိုးကလည်း ဝီဂန်ပရိသတ်တွေနဲ့ ခိုက်ရန်ဖြစ်ပွားခဲ့ပါသေးတယ်။ ပထမပိုင်းပြီးခါနီးမှာ မန်စီးတီးရဲ့ ဖေဘီယန်ဒဲဖ်လ် တိုက်ရိုက်အနီကတ်နဲ့ ထုတ်ပယ်ခံရခြင်းကို မန်စီးတီးကစားသမားတွေက အဝါကတ်လောက်သာ ပြသင့်တယ်လို့ စောဒကတက်ခဲ့သလို ဒီကိစ္စရပ်က ဂွါဒီယိုလာရဲ့ ဒေါသကို ဆွပေးနိုင်ခဲ့တာပါ။ ကွင်းထဲကို ဝင်ရောက်လာတဲ့ ပရိသတ်တစ်ဦးကို အဂွဲရိုး ကိုယ်ထိလက်ရောက် ပြန်လည် တုံ့ပြန်ခဲ့မှုကြောင့် အခြားသူတွေပါ ဒီပြဿနာထဲ ဝင်ရောက်လာစေခဲ့ပါတယ်။ အဂွဲရိုးရဲ့ အပြုအမူအပေါ် တွစ်တာလို လူမှုကွန်ရက်တွေမှာ ဝေဖန်သံရော၊ စာနာသံတွေပါ ညံနေပေမယ့် အတွေ့အကြုံရင့် ကစားသမားတစ်ဦးအနေနဲ့ ယခုလို မလုပ်ဆောင်သင့်ဘူးဆိုတဲ့ ဝေဖန်ပြစ်တင်သံတွေက ပိုများခဲ့ပါတယ်။ ဘာပဲဖြစ်ဖြစ် ဖလားလေးလုံးလို့ ကြွေးကြော်ထားတဲ့ မန်စီးတီးအသင်းဟာ လက်ရှိအချိန်မှာတော့ ဖလားတစ်လုံး လက်လွှတ်ခံရပြီဖြစ်ပါတယ်။



# အချစ်ဟောင်းကို လွမ်းနေတဲ့ ယွန်နာ

တောင်ကိုရီးယားမှာသာမက အာရှဒေသတွင်းမှာပါ အလွန်ကျော်ကြားတဲ့ ကြယ်ပွင့်တစ်ဦးဖြစ်သူ ယွန်နာဟာ ရုပ်သံအစီအစဉ်တစ်ခုမှာ ပါဝင်သရုပ်ဆောင်ရင်း "Goodbye"တေးသီချင်းကို နားဆင်ခဲ့ရတဲ့အခါမှာတော့ မျက်ရည်တွေ ကျလာတာကြောင့် တွဲဖက်သရုပ်ဆောင်ခဲ့တဲ့ ပေါ့ပ်ကြယ်ပွင့် လီဟိုရီက ယွန်နာဟာ သူ့ရဲ့အချစ်ဟောင်းကို လွမ်းလို့ မျက်ရည်ကျခဲ့တာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

"Girls' Generation"ရဲ့ အဖွဲ့ဝင်တစ်ဦးအဖြစ်မှ အောင်မြင်တဲ့ ဇာတ်ဆောင်မင်းသမီးတစ်ဦးဖြစ်လာခဲ့တဲ့ ယွန်နာဟာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁၈ ရက်မှာ ထုတ်လွှင့်ခဲ့တဲ့ ရုပ်သံအစီအစဉ်တစ်ခုဖြစ်တဲ့ "Hyori's Homestay 2" မှာ ပါဝင်ခဲ့တာပါ။ ယင်းအစီအစဉ်မှာတော့ ယွန်နာကို အစီအစဉ်တင်ဆက်သူဖြစ်တဲ့ လီဟိုရီက တေးသံရှင် ဆန်းစန်ဂျေးရဲ့ "Goodbye"တေးသီချင်းကို သီဆိုပြခဲ့ပါတယ်။ ဒီသီချင်းကို နားဆင်နေရင်းက ယွန်နာဟာ မျက်ရည်တွေကျလာခဲ့တာကြောင့် လီဟိုရီက ယွန်နာဟာ သူ့ရဲ့အချစ်ဟောင်းနဲ့ပတ်သက်ပြီး အလွမ်းဓာတ်ခံရှိကြောင်း ပြောကြားခဲ့တာလည်း ဖြစ်ပါတယ်။

"Goodbye"တေးသီချင်းဟာ ယွန်နရေးသားခဲ့တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်ပြီး ကိုယ်ချစ်နေတဲ့ လူတစ်ဦးနဲ့ မဖြစ်မနေလမ်းခွဲကာ ချန်ထားခဲ့ရတဲ့အခိုက်အတန့်မှာ နှုတ်ဆက်စကား မဆိုနိုင်ဖြစ်ခဲ့ရပုံကို ရေးစပ်ထားတဲ့ တေးသီချင်းတစ်ပုဒ်လည်း ဖြစ်ပါတယ်။

# ရုပ်ရှင်သစ်မှာ ပြန်လည်တွေ့ဆုံကြမယ့် ဂျိုဂျန်စွတ်နဲ့ ဂွန်ဟိုဂျင်

တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသား မင်းသမီးတွေဖြစ်ကြတဲ့ ဂျိုဂျန်စွတ်နဲ့ ဂွန်ဟိုဂျင်တို့ဟာ လတ်တလောမှာတော့ ဇာတ်လမ်းတွဲရုပ်ရှင်သစ်တစ်ကားမှာ အဓိကဇာတ်ဆောင်တွေအဖြစ် ပါဝင်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁၉ ရက်မှာတော့ ရုပ်သံဇာတ်လမ်းတွဲတစ်ခုဖြစ်တဲ့ "Hit-and-Run Task Force"ရဲ့ ဇာတ်ဆောင်တွေစာရင်းကို ထုတ်ပြန်အတည်ပြုခဲ့ရာမှာတော့ ဂျိုဂျန်စွတ်နဲ့ ဂွန်ဟိုဂျင်တို့ ခေါင်းဆောင်ပါဝင်ထားတာဖြစ်ကြောင်း တွေ့ခဲ့ရတာပါ။ ဒါဟာ သူတို့နှစ်ဦးအတွက်တော့ အဓိကဇာတ်ဆောင်တွေအဖြစ် နောက်တစ်ကြိမ်ပြန်လည်တွဲဖက်ပါဝင်ခဲ့ခြင်းဖြစ်တယ်လို့လည်း သိရပါတယ်။

"Hit-and-Run Task Force"မှာတော့ သူတို့နှစ်ဦးအပြင် အခြားသောသရုပ်ဆောင်တွေဖြစ်ကြတဲ့ ယူဂျန်ယို၊ အမျိုးသားတေးဂီတအဖွဲ့ "SHINee"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ကီး၊ ယမ်ဂျန်အာနဲ့ ဂျွန်ဟေဂျင်တို့ ပါဝင်ထားကြကြောင်းလည်း သိရပါတယ်။ ဂွန်ဟိုဂျင်ကတော့ ယင်းဇာတ်လမ်းတွဲမှာ စုံထောက်အွန်းစီယွန်းအဖြစ် ပါဝင်သွားမှာဖြစ်ပြီး အွန်းစီယွန်းကာ ရာထူးလျှော့ချခြင်းခံခဲ့ရပြီးနောက် ကားတိုက်ပြေးမှုတွေကို စုံစမ်းစစ်ဆေးရေးဘက်ကို ရောက်ရှိလာခဲ့တဲ့ ရဲအရာရှိတစ်ဦးပါ။ မင်းသား ဂျိုဂျန်စွတ်ရဲ့ ဇာတ်ကောင် ဂျန်ဂျေချူးကတော့ ဖော်မြူလာဝမ်းကားသမားတစ်ဦး ဖြစ်ပြီး နောက်ပိုင်းမှာတော့ သူဟာ အရှိန်နဲ့ ကားတွေအပေါ် ရူးသွပ်မှုတွေကြောင့် ပြစ်မှုတွေကို ကျူးလွန်ခဲ့တာ ဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲကိုတော့ လာမယ့် မတ်လအတွင်း စတင်ရိုက်ကူးသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။





# ရုပ်ရှင်သစ်မှာ မကြာမီတွေ့မြင်ရတော့မယ့် ဆူဇီ

တောင်ကိုရီးယားရဲ့ နာမည်ကျော်ကေပေါ့ပ်ကြယ်ပွင့်အဖြစ် "MissA"မှာ ပါဝင်လှုပ်ရှားခဲ့ရင်းနောက်ပိုင်းမှာ သရုပ်ဆောင်နယ်ပယ်မှာပါ အောင်မြင်မှုတွေ ရလာခဲ့တဲ့ ဆူဇီဟာ မကြာမီမှာ ရုပ်ရှင်ရိုက်ကူးရေးဘက်ကို ပြန်လည်ခြေလှမ်းလာတော့မှာဖြစ်ကြောင်း လတ်တလောမှာ ထုတ်ဖော်ပြောကြားလာခဲ့တာ ဖြစ်တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဆူဇီဟာ သူ့ရဲ့တစ်ကိုယ်တော်တေးအယ်လ်ဘမ်ကို ပြီးခဲ့တဲ့လအတွင်းမှာ ထုတ်လွှင့်ခဲ့ပြီး လတ်တလောမှာတော့ ယင်းတေးအယ်လ်ဘမ်သစ်အတွက် အရောင်းမြှင့်တင်ရေးလုပ်ငန်းတွေကို လုပ်ဆောင်နေတာ ဖြစ်ပါတယ်။ ယင်းတစ်ကိုယ်တော်လှုပ်ရှားမှုတွေ ပြီးပြီးချင်းမှာပင် ရုပ်ရှင်ဘက်ကို စတင်လုပ်ဆောင်သွားမှာဖြစ်ကြောင်း သိရပါတယ်။

လွန်ခဲ့တဲ့ သီတင်းပတ်တွေအတွင်းကတော့ ဆူဇီဟာ ရုပ်သံဇာတ်လမ်းတွဲတစ်ခုဖြစ်တဲ့ "Come and Hug Me"မှာ ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်သွားဖို့ရာ စဉ်းစားနေကြောင်း သတင်းတွေ ပေါ်ထွက်လာခဲ့ပါတယ်။ ဒီဇာတ်လမ်းတွဲမှာတော့ တွဲဖက်သရုပ်ဆောင်ရမယ့် ခေါင်းဆောင်မင်းသားကတော့ နမ်ဂျီဟွတ်ခ် ဖြစ်ပါတယ်။ လတ်တလောအချိန်အထိ တစ်စုံတစ်ရာ တရားဝင်အတည်ပြုခဲ့တာ မရှိပေမယ့် ဆူဇီဟာ ယခုလအကုန်မှာ ပရိုမိုးရှင်းလုပ်ငန်းတွေ ပြီးဆုံးတော့မှာကြောင့် ရုပ်သံဇာတ်လမ်းတွဲသစ်ကို လက်ခံရိုက်ကူးပေးသွားမှာဖြစ်ကြောင်း သတင်းတွေ ထွက်လာခဲ့ပါတယ်။ ဆူဇီရဲ့ အေဂျင်စီကလည်း လတ်တလောအချိန်အထိတော့ "Come and Hug Me"မှာ ဆူဇီ ပါဝင်သွားမှာဖြစ်ကြောင်း အတည်ပြုပြောကြားခြင်း မရှိသေးဘူးလို့လည်း သိရပါတယ်။

အေးပြည့် စုစည်းသည်

# ဂျမေကာကို အတူထွက်ခွာသွားခဲ့ကြတဲ့ ဆယ်လီနာဂိုမက်ဇ်နဲ့ ဂျက်စတင်ဘီဘာ



Will Alexander/WENN /WENN

ကနေဒါလူမျိုး ပေါ့ပ်ကြယ်ပွင့် ဂျက်စတင်ဘီဘာနဲ့ အမေရိကန်ပေါ့ပ်ကြယ်ပွင့် ဆယ်လီနာဂိုမက်ဇ်တို့ဟာ လတ်တလောမှာတော့ ဂျမေကာကို အတူထွက်ခွာသွားခဲ့ကြတာဖြစ်ပါတယ်။ ဒီတစ်ကြိမ်မှာတော့ အတူခရီးသွားခဲ့တာ ချိန်းဆိုတွေ့ဆုံဖို့မဟုတ်ဘဲ ဂျက်စတင်ဘီဘာရဲ့ ဖခင်ဖြစ်သူ ဂျာရေမီဘီဘာရဲ့ မင်္ဂလာပွဲကို တက်ရောက်ဖို့ဖြစ်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

နောက်တစ်ကြိမ် ပြန်လည်လက်တွဲခဲ့ပြီး သံယောဇဉ်ပိုမိုခိုင်မာလာပုံရတဲ့ ပေါ့ပ်ကြယ်ပွင့်စုံတွဲကို ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁၉ ရက်က ဂျမေကာလေဆိပ်မှာ တွေ့ခဲ့ရတာဖြစ်ပါတယ်။ ဂျက်စတင်ဘီဘာရဲ့ဖခင် ဂျာရေမီဘီဘာဟာ ချယ်လ်ဆီးရှော့ဘလိုနဲ့ လက်ထပ်ခဲ့တာဖြစ်ပါတယ်။ မင်္ဂလာပွဲကို တက်ရောက်ခဲ့တဲ့ ဆယ်လီနာဂိုမက်ဇ်ရဲ့ သတို့သမီး၊ သတို့သားရဲ့ သူငယ်ချင်းတွေနဲ့ အတူရိုက်ထားတဲ့ဓာတ်ပုံတွေကိုလည်း လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ တွေ့မြင်ခဲ့ရပါတယ်။

ဒီလိုဂျမေကာကို မင်္ဂလာပွဲတက်ရောက်ဆင်နွှဲဖို့ မထွက်ခွာမီက အသက်(၂၃)နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဂျက်စတင်ဘီဘာနဲ့ (၂၅) နှစ်အရွယ် ဆယ်လီနာဂိုမက်ဇ်တို့ဟာ ပြီးခဲ့တဲ့ ချစ်သူများနေ့မှာတော့ မွန်တေ့ချ်ဟိုတယ်မှာ ညစာအတူစားခဲ့ကြတာကိုလည်း တွေ့ရပါတယ်။ အဲဒီနေ့က သူတို့ချိန်းဆိုတွေ့ဆုံခဲ့ကြတာကိုတွေ့ခဲ့ရတဲ့ မျက်မြင်ပရိသတ်တွေရဲ့ ပြောကြားချက်အရ သူတို့နှစ်ဦးဟာ တကယ်ကို ကောင်းမွန်တဲ့ ဆက်ဆံရေးမျိုးရှိနေတာဖြစ်ကြောင်းလည်း သိရပါတယ်။

# ဂျွန်ဟွန်းအတွက် တစ်နေရာချန်ပေးခဲ့တဲ့ SHINee အဖွဲ့သားများ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "SHINee"ဟာ အဖွဲ့ဝင်ငါးဦးနဲ့ ပါဝင်ဖွဲ့စည်းထားတဲ့တေးဂီတအဖွဲ့ဖြစ်ပြီး နောက်ဆုံးပြုလုပ်ခဲ့တဲ့ တေးဂီတဖျော်ဖြေပွဲမှာလည်း အဖွဲ့ဝင် ငါးဦးပါရှိကြောင်း သက်သေပြခဲ့ကြပါတယ်။ ကွယ်လွန်သွားခဲ့ပြီဖြစ်တဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျွန်ဟွန်းအတွက် ဖျော်ဖြေရေးစင်မြင့်ထက်မှာ နေရာတစ်နေရာ ထည့်သွင်းဖန်တီးခဲ့ပြီး ဖျော်ဖြေခဲ့ကြရင်း နှုတ်ဆက်ခဲ့ကြပါတယ်။

အသက်(၂၇)နှစ်အရွယ်မှာ ကိုယ့်ကိုယ်ကိုယ်သေကြောင်းကြံစည်ကာ ကွယ်လွန်သွားခဲ့သူ ဂျွန်ဟွန်းအတွက် ဖေဖော်ဝါရီ ၁၄ ရက်က ဂျပန်နိုင်ငံ အိုဆာကာမှာ ပြုလုပ်ခဲ့တဲ့ ဖျော်ဖြေပွဲမှာတော့ ကျန်ရှိနေတဲ့အဖွဲ့ဝင်တွေရဲ့အလယ်မှာ နေရာတစ်နေရာပြုလုပ်ကာ ချန်လှပ်ပေးထားခဲ့တာဖြစ်ပါတယ်။ အဖွဲ့ဝင်တွေဟာ နှင်းဆီနီကို စင်မြင့်ထက် ယူဆောင်လာကြပြီး ဂျွန်ဟွန်းအတွက် ပြင်ဆင်ပေးထားတဲ့ မိုက်မှာ သွားရောက်ချိတ်ဆွဲခဲ့ကြကာ ဖျော်ဖြေပွဲကို အဆုံးသတ်ခဲ့ကြောင်းလည်း ဖျော်ဖြေပွဲကြည့်ခဲ့ကြတဲ့ ပရိသတ်တွေရဲ့ ပြောစကားအရ သိရပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်း ရုတ်တရက်ကွယ်လွန်သွားခဲ့တဲ့ ဂျွန်ဟွန်းဟာ "SHINee"ရဲ့ အဓိကတေးသံရှင်တစ်ဦးဖြစ်တာကြောင့် သူကွယ်လွန်ပြီးနောက်မှာ ကျန်အဖွဲ့ဝင်တွေက သူ့ရဲ့နေရာကို အားဖြည့်သီဆိုနိုင်ဖို့ရာ အတော်လေးကြိုးစားဖျော်ဖြေခဲ့ကြတာကိုလည်း တွေ့ရပါတယ်။



တက္ကသိုလ်ဝင်တန်း TopTen နှင့်ဘာသာစုံဂုဏ်ထူးရှင်များထွက်ရှိရာ...

ညည်ညန်နိုင် တည်ထောင်သည့်
ကော်မန်ဒို
ကိုယ်ပိုင်အထက်တန်းကျောင်း
(KG မှ တက္ကသိုလ်ဝင်တန်းအထိ)
ကျောင်း ၁ ခြံအမှတ် ၉(ခ)၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်။
ဖုန်း ၀၁ ၂၃၀ ၂၀၀၇၊ ၀၁ ၂၃၀ ၂၀၀၉၊ ၀၉ ၂၅၀ ၃၁ ၂၀၂၀

မင်္ဂလာ
ကော်မန်ဒို
ကိုယ်ပိုင်အထက်တန်းကျောင်း
(KG မှ တက္ကသိုလ်ဝင်တန်းအထိ)
ကျောင်း ၂
အမှတ် (၁၅၉/၁၆၁)၊ မြန်မာ့ဂုဏ်ရည်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်။
ဖုန်း ၀၉ ၄၀၀ ၉၈ ၀၉ ၂၀ - ၂၅

ကျောင်းကြီး၊ ကျူရှင်၊ ဝိုင်း တက်စရာ မလိုတော့ပါ။ STUDY GUIDE နှင့် စာသင်၊ စာကျက်၊ စာစစ် စီစဉ်ပေးသည်။
၁၀ တန်း(မတ် ၁၄)၊ ၉ တန်း(ဧပြီ ၂၆)၊ ၈၊၇၊၆၊၅ တန်း (မေ ၃)၊ မူလတန်း(မေ ၂၉) စမည်။ ကျောင်းကား(ကြို/ပို့) ferry စီစဉ်ပေးသည်။

၂၀၁၈ - ၂၀၁၉
ပညာသင်နှစ် အတွက်
ကျောင်းအပ်
လက်ခံပါပြီ
ကြိုအပ်ခြင်းဖြင့်
သေချာမှုကို ရယူပါ

အဆင့်မြင့် ဘော်ဒါ
KG မှ တက္ကသိုလ်ဝင်တန်းအထိ
[ဧပြီ ၂၆ ကျောင်းသူ၊ ဧပြီ ၂၈ ကျောင်းသား
ဘော်ဒါ စ,ဝင်ရမည်]
ဘော်ဒါ အမှတ်(၁၁၁/၁၁၃)၊ ၅၇ လမ်း
ပုဇွန်တောင်မြို့နယ်။
ဖုန်း ၀၁ ၃၉၇၉၃၉၊ ၀၉ ၅၁၉ ၇၇၂၆၊
၀၉ ၅၁၇ ၆၅၄၃၊

FORWARD အဆင့်မြင့် စာသင်ဝိုင်း
၁၀ တန်း၊ ၉ တန်း၊ ၈ တန်း(ဘာသာစုံ)
၁၀ တန်း [ ဉာဏ်ရည်မြင့်(၉)ယောက်ဝိုင်း ]
အထူးသီးသန့် ရှိသည်။
၁၀ တန်း(မတ် ၁၄)၊ ၉ တန်း(ဧပြီ ၂၆)၊
၈ တန်း(ဧပြီ ၂၈) စ,မည်။
ဝိုင်း အမှတ်(၄၄)၊ ဗိုလ်ရာညွန့်လမ်း ဒဂုံမြို့နယ်။
ဖုန်း ၀၁ ၂၄၉၆၄၉၊ ၀၁ ၃၈၅ ၀၉၇၊

ကျောင်း(သို့) ဘော်ဒါ (သို့) စာသင်ဝိုင်း ကြိုက်ရာ ရွေးချယ် အပ်နှံနိုင်သည်။

Hot Line: 01 249 649, 01 230 2009, 09 250 31 2020, 01 397939

INDIA MYANMAR IMCC CHAMBER OF COMMERCE

Embassy of India, Yangon

एपीडा APEDA

# "BUYER-SELLER MEET ON INDIAN AGRO PRODUCTS"

## အိန္ဒိယ စိုက်ပျိုးရေးထုတ်ကုန် ရောင်းဝယ်ရေးဆိုင်ရာ ဆွေးနွေးပွဲ

ORGANIZED BY

**Embassy of India and Agricultural & Processed Food Products Export Development Authority (APEDA)**

နေ့ရက် – ၂၄၊ ဖေဖော်ဝါရီ၊ ၂၀၁၈

အချိန် – နံနက် (၉း၃၀) နာရီ မှ ညနေ (၄း၀၀) နာရီ

နေရာ – ဆူးလေ ရှမ်ဂရီလာဟိုတယ်၊ အမှတ် ၂၂၃၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်။

ဆက်သွယ်ရန် – လွဲလွဲယုအောင် (၀၉ ၉၇ ၅၄၁ ၁၄၈၈၊ ၀၁ ၂၉၉၇၈၀)၊ ပုညအောင် (၀၉ ၂၅၄ ၁၁၆၁၉၃၊ ၀၁ ၉၀၁၀၇၅၉)




အဆောင်(N) အခန်း(33,34) သီရိရတနာလက်ကားဈေး၊ အောင်မင်္ဂလာ၀င်းအနီး၊ မြောက်ဥက္ကလာပ။ 09-79 700 70 71
အမှတ်(၁၁)၊ မင်းကြီးလမ်း၊ အင်းစိန်ဆေးရုံအနီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ 09-79 700 70 81

ကား မျိုးစုံ
Alphard,Hiace ၉/၁၃ယောက်စီး၊ ၂၄/၂၉/၃၃/၄၅ယောက်စီးများကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များ ကိုယ်တိုင်ချိုသာသောဈေးနှုန်းဖြင့် အငှားလိုက်ပါသည်။
Ph:09795549249,095418126
09-795546884

သီဟာလင်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10',14',16',18',22')ကားများဖြင့်လုပ်သားအပြီးအစီး
မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
01-570307
09-5112729
09-5126394

Zan
Recreation and Fitness club
အဆင့်မြင့်ရေကူးကန်တွင် နွေရာသီ ရေကူးသင်တန်းဖွင့်ပြီ
ကျွမ်းကျင်သောနည်းပြဆရာများဖြင့် အောက်ပါသင်တန်းအချိန်များအတိုင်း သင်တန်းများကို စနစ်တကျလက်ခံသင်ကြားပေးနေပါသည်၊
သင်တန်းအချိန်များ (သင်တန်းသားအသစ်များအား စတင်လက်ခံပြီ)
(၁) ၀၇း၀၀ မှ ၀၈း၃၀ ထိ
(၂) ၀၉း၀၀ မှ ၁၀း၃၀ ထိ
(၃) ၁၄း၃၀ မှ ၁၆း၀၀ ထိ
(၄) ၁၆း၃၀ မှ ၁၈း၀၀ ထိ
သင်တန်းစဖွင့်ပြီ
ချမ်းသာဂုဏ်ရောင်အဆင့်မြင့်ကွန်ဒို
၆၅/၇၀၊ သံသုမာလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
လိုင်းခွဲဖုန်း – (၀၁) ၄၃၀၀၇၈ မှ ၈၇၊ Ext: ၆၆၆၊ ၁၆၆၆
တိုက်ရိုက်ဖုန်း – (၀၁) ၄၃၀၁၈၈၊ ၄၃၀၆၄၂။

သည်းခြေအိတ် ကျောက်တည်ရောဂါ၊ အသည်းအဆီဖုံးရောဂါ၊ တင်ဆာရောဂါ၊ ကျောက်ကပ်ကျောက်တည်ရောဂါ၊ ကျောက်ကပ်ပျက်စီးပြီး ဆေးနေရသော ရောဂါနှင့် နှလုံးသွေးကြောကျဉ်းရောဂါပျောက်ဆေးနည်းအစခွဲပေးမည် –
၁။ သည်းခြေအိတ်ကျောက်တည်ရောဂါ၊အသည်းအဆီဖုံးရောဂါအတွက် တစ်ရက်လျှင် ပန်းသီး (၅) လုံးစီ၊ (၅) ရက်စားပြီးနောက် (၆) ရက်မြောက်နေ့ တွင်ဆောင်ရွက်ရန်ရှိသည်များကို တိကျစွာဆောင်ရွက်ခြင်းဖြင့် (၇) ရက်မြောက်နေ့၌ သည်းခြေအိတ်ထဲမှ ကျောက်များ အသည်းမှာဖုံးနေသော အဆီဖတ်များ၊ ပျော့၊ ကြေ၍ ဝမ်းနှင့်အတူ ထွက်ကျလာသည်ကို မိမိကိုယ်တိုင်မြင်တွေ့ရပါမည်၊ ကိုယ်တွေ့ဖြစ်ပြီး သည်းခြေအိတ်ကို လုံးဝ (လုံးဝ) ခွဲစိတ်ထုတ်စရာ မလိုပါ၊
၂။ တင်ဆာရောဂါ၊ ကျောက်ကပ်ကျောက်တည်ရောဂါ၊ ကျောက်ကပ်ပျက်စီး ရောဂါ များအတွက် ပန်းသီး၊ စပါးလင်၊ တညွတ်အပါအဝင် သဘာဝဆေးနည်း (၅/၇) မျိုးကို နေ့စဉ် စနစ်တကျ (၆) ပတ်စားပြီးနောက် ဆက်လက်ဆောင်ရွက်ခြင်းဖြင့် တင်ဆာအဲလ်များကို ကျုံ့သွားစေပါသည်၊ ကျောက်ကပ်ကျောက်များပျော့၊ ကြေ၍ အရည်ပျော်ပြီး ဆီးနှင့်အတူ ထွက်ကျလာပါမည်၊ ကျောက်ကပ်ကျောက်များ လုံးဝ (လုံးဝ) ခွဲစိတ်ထုတ်စရာ မလိုပါ၊ ကျောက်ကပ်ပျက်စီးပြီး ဆေးနေရသော ရောဂါကို သိသာစွာ သက်သာပျောက်ကင်းစေပါသည်၊
၃။ နှလုံးသွေးကြောကျဉ်းရောဂါအတွက် ပန်းသီးနှင့် ဇီးသီးအပါအဝင် သဘာဝအသီးအနှံ (၄) မျိုးကို စနစ်တကျ စားသုံးခြင်းဖြင့် ၂-ပတ် အကြာ၌ သိသာစွာ သက်သာပျောက်ကင်း စေပါသည်၊
ဆေးနည်းအပြည့်အစုံသိရှိလိုပါက – ဦးအောင်မင်း၊ အာဟာရအထူးကုနိုင်သော
ဆင်ချင်နိုင်ငံသားမျိုးကြီး (ငြိမ်း) Ph - 09 507 0157 ကို တကယ်အရှင်ကိုယ်တိုင် ဆက်သွယ်ပါ၊

မိုနဲဒါဖက်ရှင်
- ကြော်ငြာ၊ လက်ဆောင်၊ ပရိုမိုးရှင်းနှင့် အမှတ်တရ တူညီဝတ်စုံများအတွက်
- အရောင်စုံ၊ ဒီဇိုင်းစုံ၊ ကြိုက်ရာယူ (ကိုယ်တိုင်ချုပ်ထည်များ)
- ချည်သားT.Shirt - 1200 ကျပ်
Shirt - 3200 ကျပ်
Sport Shirt - 3250 ကျပ်
ဦးထုပ် - 1100 ကျပ်(မှစ၍)
- အထည်(၁၀၀)အထက်ယူလျှင် လိုဂိုစာအရောက် ပို့ပေး၊ ပြုပေးသည်။
- **အမှတ်-၇၉၊ မြေညီထပ်၊ ၁၂၄ လမ်း၊ မင်္ဂလာဈေးမှတ်တိုင်အနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်။**
- **Ph:01-292129, 01-9000260, 09-250388594**
- **Email-kyonedoe@gmail.com**

FAME
Neurogin®
Ginkgo biloba extract... 60 mg
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 006003 (0717)
အာရုံကြောဆေး
Ph: 09-965559860

FAME
Honokiol
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 013025 (0118)
ဓာတ်စကားဖြူဆေး
Ph: 09-73142216

SGH CAR TRADING
အိမ်သုံးကား၊ Taxi ကား၊ လုပ်ငန်းသုံးကား၊ ခရီးသည်တင်ကား၊ မြေသယ်ကားများကို လက်ငင်း (သို့) အရစ်ကျ စနစ်ဖြင့် ဝယ်ယူနိုင်ပါသည်။



အမှတ်(၂၆)၊ ကျောက်ကုန်းလမ်းနှင့် အောင်ဇေယျလမ်းထောင့်၊ ရန်တင်မြို့နယ်။
အမှတ်(၅၁၁)၊ တာလာမြိုင်လမ်းသွယ်၊ လှည်းတန်း(AGD ဘဏ်အေး)၊ ကမာရွတ်မြို့နယ်။
အမှတ်(၄၂၃)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
Ph: 01-220502 , 09-955030336 , 09-785030336 , 09-765030336 , 09-784551277

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ကျင်ပွင့် အသက်(၇၈)နှစ်
**မြောင်းမြမြို့**

မြောင်းမြမြို့၊ တောင်ဒရီလမ်း၊ အမှတ် (၁၅)နေ (ဦးလှသင်း)၏ဇနီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သူရ(၈)လမ်း၊ အမှတ်(၂၂၂)နေ ဦးခင်မောင်ဝင်း(ဦးဆောင်ညွှန်ကြားရေးမှူး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)-ဒေါ်လင်းလင်းသန့်၊ ဦးခင်မောင်စိုး-ဒေါ်ချိုချို၊ ဦးမြလွင်-ဒေါ်စန်းစန်းနွယ်တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၂၀-၂-၂၀၁၈ (အင်္ဂါနေ့) နံနက် ၁၀း၁၀ နာရီတွင် ရန်ကုန်မြို့ နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့်ဝန်ထမ်းများ**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ ဒါယကာကြီး**
### ဒုတိယဗိုလ်မှူးကြီးသန်းဦး(ငြိမ်း) (၆၂)နှစ်
**စစ်တက္ကသိုလ် အမှတ်စဉ်(၂၀)**

ချောင်းဦးမြို့၊ မကျီးဇင်ရပ်ကွက်နေ ဦးတင်မောင်-ဒေါ်သိန်းနွဲ့တို့၏သားကြီး၊ မုံရွာမြို့၊ ဈေးလမ်း၊ ရုံးကြီးရပ်နေ ဒေါ်မြင့်မြင့်တင် (အောင်သီဟအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၏ခင်ပွန်း၊ ဦးအောင်ချိုဦး၊ ဦးအောင်စိုးဝင်း၊ ဒေါ်ထားထားဦးတို့၏အစ်ကို၊ ဗိုလ်ကြီးဝေဖြိုးအောင်-မပွင့်သဉ္ဇာဦး၊ ကိုဝေယံဦးတို့၏ဖခင်ကြီး၊ မောင်ဈာန်ဘုန်းနိုင်၊ မီးမီးလေးတို့၏အဘိုးသည် ၁၉-၂-၂၀၁၈ (တနင်္လာနေ့) ညနေ ၅း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် မုံရွာမြို့ ဆားကျင်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

### ဦးမျိုးညွှန့် (၄၈)နှစ်

မော်လမြိုင်မြို့၊ ဖားအောက်ကျေးရွာနေ (ဦးတင်ငွေ)-ဒေါ်စန်းငွေတို့၏သားကြီး၊ ရန်ကုန်မြို့နေ (ဦးထွန်းကျော်)-ဒေါ်အေးမိတို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ်(၅)၊ ပထပ်(ဝဲ)၊ ဈေးလမ်း၊ အောက်ပုဇွန်တောင်၊ (၅)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်နေ ဒေါ်ခင်သန္တာကျော်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်နန္ဒအောင်(Sky net)၊ မနန္ဒာဝင်း(First Year BBA)တို့၏ ချစ်လှစွာသောမွေးသဖခင် ကျေးဇူးရှင်သည် ၂၀-၂-၂၀၁၈(အင်္ဂါနေ့) နံနက် ၇း၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

**သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ် အလှူဒါယိကာမကြီး**
### ဒေါ်မြနိုင်(B.A-Eco,Q)
**အ. လ. ပြ(ငြိမ်း)၊ အ. ထ. က(၁) မြောက်ဥက္ကလာပ**
### အသက် (၇၀)

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၂၄၂)၊ စက္ကဝတ်(၃)လမ်း၊ (ဈ)ရပ်ကွက်နေ (ဦးဘိုးရှင်-ဒေါ်စိန်မြိုင်)တို့၏သမီး၊(ဦးဟဲသာ-ဒေါ်မြကြည်)တို့၏သမီးချွေးမ၊ (ဒေါ်ခင်စမ်း)၊ (ဦးလှမင်း-ဒေါ်ယဉ်ယဉ်ကြည်)တို့၏ ညီမ၊ ဦးဆန်းညွှန့် (လ/ထညွှန်မှူး၊ စာပေစိစစ်-ငြိမ်း)-ဒေါ်အေးအေးမြင့်(လ/ထ၊ လ. ဝ. ကမှူး-ငြိမ်း)၊ ဦးဇော်ဝမ်း(ဂါးဒီးယန်းသတင်းစာတိုက်၊ ပုံနှိပ်အရာရှိ-ငြိမ်း)-ဒေါ်မြင့်မြင့်ထွေး(ဌာနမှူး-ငြိမ်း၊ MPPE)တို့၏အစ်မ၊ ဦးသက်နိုင်-ဒေါ်သင်းသင်းဟော် (Production Supervisor- Myanmar GR Co., Ltd)၊ ဦးအောင်သန်းအုန်း (ပစ္စည်း ထိန်း-၁၊ ဗဟိုပစ္စည်းထိန်းဌာနစိတ်၊ လေကြောင်းဦးစီးဌာန)၊ ဦးဖြိုးကျော်သူလင်း (Software developer)-ဒေါ်မူယာလင်း၊ ဒေါ်မူယာဝင်းတို့၏မွေးသမိခင်ကျေးဇူးရှင်၊ မောင်ရဲလင်းသိန်း၏အဘွား၊ [ဦးကြင်ဟော်(ဒု-မန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း)]၏ဇနီးသည် ၁၉-၂-၂၀၁၈ (တနင်္လာနေ့) ည ၇း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၄ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၂-၂၀၁၈ (တနင်္ဂနွေနေ့) နံနက်တွင် အမှတ်(၁၅၅)၊ စက္ကဝတ်(၄)လမ်း၊ (ဈ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**
### ဆရာမ နော်နောနောဝေ
**(ဟသ်ာတကရင်နှစ်ခြင်းအသင်းတော်)**
### အသက် (၄၉)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ အမှတ်(၁)၊ သာယာအေး (၂)လမ်းနေ (သိက္ခာတော်ရ ဆရာစောဘလေး-နော်ဖေါ်ရွှေ)တို့၏ တစ်ဦးတည်းသောသမီး၊ (စောဒီစိန်ဘ-ဆရာမဂျူအဲနာထော)တို့၏ သမီးချွေးမ၊ နော်ဆာဟေသား၏ချစ်လှစွာသောမိခင်၊ ဒေါက်တာနော်စေးစေးဖေ(ပါမောက္ခ၊ဌာနမှူး၊ စိတ်ပညာဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်)-ဦးစောအီးနေဘ့တို့၏ ညီမ၊ နော်ခူဆဲ (IRC, Myanmar)-စောလယ်မူး၊ စောအယ်မူးဒါး(Pan Paufic Hotel)-မယဉ်မွန်ခိုင်တို့၏အစ်မ၊ စောဆာလောလ (Norwe-gian Cruise Line)၏ ချစ်လှစွာသောဇနီး ဆရာမ နော်နောနောဝေသည် ၁၉-၂-၂၀၁၈ (တနင်္လာနေ့) ည ၉ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါကြောင်း။ (သဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု

---

### ဦးအောင်မြင့်ဦး (၆၅)နှစ်
**(တပ်မတော်-ရေ ငြိမ်း)**
**ကပအမ-၁၉၀၂၄**

မှော်ဘီမြို့နေ ဦးမြဦး-ဒေါ်သန်းမြင့်တို့၏သားကြီး၊ ဦးဆန်းမြင့်ဦး-ဒေါ်ချိုချို၊ ဦးရန်အေး-ဒေါ်ဆွေဆွေဦး၊ ဦးဖုန်းမြင့်ဦး-ဒေါ်ခင်မြင့်ဆွေ၊ ဦးသက်မြင့်ဦး-ဒေါ်ခင်မာအေး၊ ဦးထွန်းမြင့်ဦး-ဒေါ်မိုးမိုးအေး၊ ဒေါ်ရွှေဝါဦး၊ ဦးစိုးမြင့်ဦး-ဒေါ်ခင်နွဲ့ဝင်းတို့၏ အစ်ကိုကြီး၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပေါက်တော၀၊ မုဒိတာအိမ်ရာ၊ အမှတ်(၂၃/၅၃၃)နေ ဒေါ်စန်းအေး၏ ခင်ပွန်း၊ မောင်စိုးခန့်ကိုကို-မဆုမြတ်မွန်၊ မောင်ဟန်စိုးအောင်-မရှင်းအိခိုင်၊ မသက်နှင်းစံတို့၏ ကျေးဇူးရှင်ဖခင် ဦးအောင်မြင့်ဦးသည် ၁၈-၂-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် လှိုင်သာယာမြို့နယ် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

### Capt. ဦးဉာဏ်ထွန်း
**CD-25 I.M.T**
### အသက်(၄၀)

ရန်ကုန်မြို့၊ အမှတ်(၈၂)၊ (3,B) စမ်းချောင်းလမ်း၊ စမ်းတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေ ဦးကျော်ထွန်း-ဒေါ်အေးအေးမေတို့၏ သား၊ မြို့မဉ္ဇေ့ရိပ်သာ ဦးသိန်းထွန်း-(ဒေါ်စိန်စိန်)တို့၏ သားသမက်၊ ဦးလှိုင်မြင့်ထွန်း-ဒေါ်ဝင်းမာထွန်းတို့၏ မောင်၊ ဆရာမ ဒေါ်အေးအေးပြုံး (ဉာဏတော်ဝင်စာသင်ဝိုင်း)၏ ချစ်လှစွာသောခင်ပွန်း၊ တူ/တူမ ကိုးယောက်တို့၏ ဦးလေးသည် ၂၀-၂-၂၀၁၈ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၈ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၂-၂၀၁၈ (တနင်္လာနေ့) နံနက် ၆နာရီမှ ၁၀ နာရီထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်ခင်နွဲ့(သပြု) အသက်(၉၀)

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ သပြုကျေးရွာနေ (ဦးဘမောင်-ဒေါ်ချစ်မေ)တို့၏သမီးကြီး၊ (ဦးသောင်းတင်)-ဒေါ်ရင်နွဲ့၊ ဗိုလ်မှူးသောင်းလွင်(ငြိမ်း)-ဒေါ်ခင်ဝင်း၊ ဦးဘိုသောင်း-ဒေါ်အေးသန်းတို့၏အစ်မကြီး၊ ဒေါ်လွင်မာဦး၊ ဦးကြည်မင်းဟန်-ဒေါ်တင်မိမိလွင်၊ ဦးမြတ်နိုင်-ဒေါ်မေဝင်းလွင်၊ ဦးညီညီထွေး (သံတွဲခရိုင်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)-ဒေါ်အေးအေးလွင်၊ ဦးအောင်မျိုးလွင်တို့၏ ကြီးကြီး၊ မောင်ဥက္ကာမင်းဟန်(ဒု-နှစ်၊ ရေကြောင်းတက္ကသိုလ်)၊ မရွှန်းလဲ့မင်းလွင်(ဒသမတန်း၊ အထက-၂၊ ဗိုလ်တထောင်)၊ မကြည်ဖြူရှင်းသန့် (Grade-1၊ ထခွဲ၊ မြို့မ၊ သံတွဲ)၊ တူ/တူမ ၁၈ ယောက်၊ မြေး ၁၆ယောက်တို့၏အဘွားသည် ၂၀-၂-၂၀၁၈ရက် နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၈ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်သန်း(ဘိုကလေးမြို့) အသက်(၉၀)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး(တောင်ပိုင်း)ရပ်ကွက်၊ အမှတ် (၆၂)နေ (ဦးတင်ဖေ)၏ ဇနီး၊ ဘိုကလေးမြို့နေ (ဦးစော-ဒေါ်လို)တို့၏ သမီး၊ ဒေါက်တာဝင်းအောင်-ဒေါ်လှမြတ်သွယ်၊ ဦးခင်မောင်ချို (M.O.G.E-ငြိမ်း)-ဒေါက်တာခင်မာတင်၊ ဦးမြင့်ထူး(စ-စ-စ၊ ငြိမ်း)-ဒေါ်ခင်ငွေးတင်၊ ဒေါက်တာမာလာတင်(ကလေးအထူးကုဆရာဝန်)၊ ဒေါ်ခင်နန်းတင်တို့၏မိခင်၊ ဗိုလ်မှူးကျော်သူရိန်အောင် (D.S.T.A)-မဝင်းယုယုမိုး၊ ဗိုလ်ကြီးဝေယံထက်အောင်(D.S.M.A)-ဒေါက်တာစုလတ်ဆွေ၊ မမေဖြိုးသွယ်၊ မမေမိုးသူတို့၏အဘွား၊ မောင်ကျော်ဘုန်းထက်၏ ဘွားဘွားကြီးသည် ၁၈-၂-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၂-၂၀၁၈ ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

---

**မြေပုံမြို့နယ်အသင်း(ရန်ကုန်)**
### ရဟန်းဒါယိကာမကြီး ဒေါ်မေနုစိန် (၈၉)နှစ်

လှိုင်သာယာမြို့နယ်၊ (၁)ရပ်ကွက်၊ တောင်ငူလမ်း၊ အမှတ် (၂၄၁/ခ)နေ (ဦးဦးဘခင်)-ဒေါ်မပု၊ ဦးအောင်စိုးကြည်-ဒေါ်ခင်သန်းကြည်၊ ဒေါ်ခင်မေနု (အထက-၆၊ အင်းစိန်)၊ (ကိုသန်းဝင်း)၊ ကိုဘဝင်း-မနွယ်နွယ်၊ ကိုဇော်ဇော်-မသိန်းနုတို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွား၊ (ဦးမောင် ထွန်းနု)၏ ဇနီး ဒေါ်မေနုစိန်သည် ၁၉-၂-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၈(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ အသင်းသူ/အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

အလုပ်အမှုဆောင်အဖွဲ့

---

### ဦးသောင်းရွှေ (ညွှန်မှူး-ငြိမ်း) (၇၈)နှစ်
**လူမှုဝန်ထမ်းဦးစီးဌာန**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဝါယာလက်(၃)လမ်း၊ တိုက်(၆)၊ အခန်း(၂၀၁)နေ (ဦးမောင်ကြည်-ဒေါ်ကြင်ယုံ)တို့၏ သား၊ ဒေါ်သိန်းတင်၏ခင်ပွန်း၊ (ဦးသိန်းသောင်းဇော်)၊ ဦးဝင်းမြင့်အောင်-ဒေါ်သူဇာသောင်းဇော်တို့၏ဖခင်၊ မောင်ဝေယံမြင့်အောင်၏အဘိုးသည် ၁၉-၂-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၂-၂၀၁၈(တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### ဦးကျော်ဝင်းမြင့် အသက်(၇၀)
**ဆဌမသုတ်၊ သမဝါယမအလုပ်သင်အရာရှိ**
**လက်ထောက်ကထိက(ငြိမ်း)၊ သမဝါယမတက္ကသိုလ်၊ သန်လျင်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်လမ်း(မော်တင်)၊ အမှတ်(၄၉)၊ ပထမထပ်နေ (ဦးကျော်စိန်-ဒေါ်ကြည်ကြည်)တို့၏သား၊ ဒေါ်နန်းကောင်ခမ်း (ဦးစီးအရာရှိ၊ ရန်ကုန်တိုင်းဒေသကြီး၊ သ/မ ဦးစီး)၏ ခင်ပွန်း၊ ဒေါ်ဖြူဖြူဝင်း(ခ)အေးအေးကျော် (Vimpex Ltd/HO)၏ အစ်ကို၊ မောင်ကျော်မင်းဟိန်း(MTES)၏ချစ်လှစွာသောဖခင်သည် ၂၀-၂-၂၀၁၈ (အင်္ဂါနေ့) နံနက် ၃း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၂-၂၀၁၈ ရက် နံနက် ၈ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ကိုးဖိတ်ဝိုး(ခ)ဒေါ်တင်တင်မြင့်
### အသက် (၆၃) နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လှည်းတန်းလမ်း၊ အမှတ် (၉၆)၊ (၉/၁၀)လွှာနေ ဦးအောင်ထွန်း၏ဇနီး၊ မဆွေမွန်အောင်၊ ကိုကျော်သီဟ၊ မအိမွန်ခိုင် တို့၏ချစ်လှစွာသောမိခင်သည် ၂၀-၂-၂၀၁၈ (အင်္ဂါနေ့) နံနက် ၂း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

### ဒေါ်ဝင်းမာ(မုံရွာ GTI-ငြိမ်း)
### အသက်(၆၁)နှစ်

မန္တလေးမြို့၊ မဟာအောင်မြေ အနောက်၊ (၃၉)လမ်း၊ (၈၄×၈၅)လမ်းကြား၊ အမှတ်(၆၃)နေ ဦးစိန်ဝင်း(မကွေး ဒီဂရီကောလိပ်ကျောင်းအုပ်ကြီး-ငြိမ်း)-ဒေါ်ခင်သန်းထွန်းတို့၏ သမီးကြီး၊ (ဦးမျိုးဝင်း)-ဒေါ်နုနုစိန် (ပါမောက္ခ-ငြိမ်း)တို့၏ ညီမ၊ ဦးမောင်မောင်ဌေး (DSTA-ကထိက)-ဒေါ်ခင်သွယ်ဝင်း (ကထိက-မန္တလေးတက္ကသိုလ်)၊ ဒေါ်ခင်နွယ်ဝင်း(နန်းမြင့် သ/မ)၊ ဦးနိုင်ဝင်း-ဒေါ်နန်းမေသန်းတို့၏ အစ်မ၊ (ဦးမြငွေး-ရေဦး)၏ ဇနီး၊ မောင်ပိုင်မင်းခန့် (ရတနာပုံတက္ကသိုလ်)၏ ချစ်လှစွာသော မိခင်သည် ၁၉-၂-၂၀၁၈ (တနင်္လာနေ့) ညနေ ၅း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် နေအိမ်မှ တောင်အင်းမြောက်အင်း သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

---

### ဒေါ်ခင်စိုး
**ရန်ကင်းမြို့နယ်**
**သမဝါယမဦးစီးဌာန(ငြိမ်း)**
### အသက် (၇၅)နှစ်

ဝါးခယ်မမြို့၊ ရွာသစ်ရပ်ကွက်နေ (ဦးဘိုးဝင်း-ဒေါ်သိန်းမြ)တို့၏ သမီး၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၆)ရပ်ကွက်၊ အမှတ် (၉၂၅)၊ ဦးဘဝင်းလမ်းနေ ဦးဘုန်းဆွေ (J & C Export Inport Co.,Ltd)-ဒေါ်နန်းခင်ထွေး (ပညာရေး-ငြိမ်း)၊ (ဦးဘုန်းဝေ-ဒေါ်မြင့်မြင့်သိန်း)တို့၏အစ်မကြီး၊ ချမ်းမင်းဝင်း (ခေတ္တ-မလေးရှား)၊ ချမ်းဝင်းဟိန်း (ခေတ္တ-အင်္ဂလန်)၊ စိုင်းသီဟ(ခေတ္တ-ဂျပန်)၊ ရဲဝင်းသူ(ဝါးခယ်မ)တို့၏ ချစ်လှစွာသောအဒေါ် ဒေါ်ခင်စိုးသည် ၁၉-၂-၂၀၁၈ ရက် ညနေ ၆း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၄း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

**သင့်**
**သွေးဖြင့်**
**အသက်**
**ကယ်ပါ**

---

**အနိစ္စ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း အမကြီး**
### ဒေါ်ကျင်မေ (၉၂)နှစ်
**ပြည်မြို့**

ပြည်မြို့၊ (၃၀၂)၊ ပန်းပဲတန်းလမ်း၊ ဆံတော်ရပ်နေ (ဦးရန်ကြီးအောင်)၏ ဇနီး၊ (ဦးအောင်ရင်-ဒေါ်ရင်မေ)တို့၏ မိခင်၊ ဦးမောင်မောင်အေး-ဒေါ်ဝင်းဝင်း (ဂယာရွှေပြည် ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့)၊ ဦးမောင်မောင်ဝင်း (ပြည်မြို့ဈေးကြီး ၁ ရုံ)၊ ဦးမြင့်ကို (ဘုရင့်နောင်ပွဲရုံ)-ဒေါ်မြသက်မှူး၊ ကိုညီညီနိုင်တို့၏ အဘွား၊ ကိုသန့်စင်၊ ကိုဟန်မင်းထက်၊ ကိုစစ်ပိုင်ဇော်၊ မသက်စုဟန်တို့၏ ဘွားဘွားကြီးသည် ၂၀-၂-၂၀၁၈(အင်္ဂါနေ့) နံနက် ၆း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၈ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

---

**စိုက်ပျိုးရေးဝန်ထမ်းဟောင်းများအသင်း**
### ဦးသောင်းငွေ
### အသက်(၈၇)နှစ်
**ညွှန်ကြားရေးမှူး(ငြိမ်း)**
**မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း**
**အသင်းဝင်အမှတ်(၀၀၄၉)**

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်နေ ဦးသောင်းငွေသည် ၁၉-၂-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၂-၂၀၁၈ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပါမည်။ အမှုဆောင်အဖွဲ့

---

**အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်)**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်စန်းစန်းနွဲ့ (၆၁)နှစ်
**(ရာသက်ပန်အသင်းဝင်)**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ပန်းခြံစုရပ်နေ (ဦးတင်အေး-ဒေါ်ခင်ညွန့်)တို့၏သမီး၊ အင်္ဂပူမြို့နေ (ဦးချင်းနယား-ဒေါ်ခလေးမ)တို့၏ သမီးချွေးမ၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးချစ်ထွန်းလမ်း၊ အမှတ်(၄၅၇)နေ ဦးမျိုးအောင်-ဒေါ်မို့မို့အောင် (မြို့နယ်တရားသူကြီး-မော်လမြိုင်ကျွန်း)၊ မအိအိမြင့်အောင် (VSK Int'L Co., Ltd.)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မသွန်းသံစဉ်အောင်၏ ဘွားဘွား၊ ဦးမြင့်အောင် (ရောဝတီတိုင်းဓမ္မာရုံ အကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ၊ အင်္ဂပူမြို့နယ်အသင်းဥက္ကဋ္ဌ)၏ ချစ်လှစွာသောဇနီး ဒေါ်စန်းစန်းနွဲ့သည် ၁၉-၂-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၈(ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ/အသင်းသားများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့
အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်)

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်စန်းစန်းနွဲ့ (၆၁)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ပန်းခြံစုရပ်နေ (ဦးတင်အေး-ဒေါ်ခင်ညွန့်)တို့၏သမီး၊ အင်္ဂပူမြို့နေ (ဦးချင်းနယား-ဒေါ်ခလေးမ)တို့၏ သမီးချွေးမ၊ ဦးစံအောင်-(ဒေါ်အမာကြည်)၊ (ဦးအောင်ခင်)-ဒေါ်သန်းမြင့်၊ ဦးခင်သိန်း-ဒေါ်အုန်းကြည်၊ (ဦးကျော်ညွန့်)-ဒေါ်ကြည်အောင်၊ (ဦးအောင်မြင့်)၊ (ဒေါ်စိန်စိန်ငွေး)တို့၏ညီမ၊ ဦးဝင်းနိုင်-ဒေါ်သီတာတို့၏အစ်မ၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးချစ်ထွန်းလမ်း၊ အမှတ်(၄၅၇)နေ ဦးမျိုးအောင်-ဒေါ်မို့မို့အောင် (မြို့နယ်တရားသူကြီး၊ မော်လမြိုင်ကျွန်း)၊ မအိအိမြင့်အောင် (VSK Int'l Co., Ltd)တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မသွန်းသံစဉ်အောင်၏ဘွားဘွားကြီး၊ ရောဝတီတိုင်းဓမ္မာရုံ အကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ၊ အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဦးမြင့်အောင်၏ချစ်လှစွာသောဇနီး ဒေါ်စန်းစန်းနွဲ့သည် ၁၉-၂-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
### ဘဒ္ဒန္တ ဓမ္မိက မဟာထေရ်
### သိက္ခာတော် (၇၆) ဝါ၊ သက်တော် (၉၆) နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ ဝဲပုံစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက မဟာအောင်ကျောင်းဆရာတော် ဘဒ္ဒန္တ ဓမ္မိက မဟာထေရ်သည် (၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်) ၁၈-၂-၂၀၁၈(တနင်္လာနေ့) ညနေ ၅း၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်) ၂၃-၂-၂၀၁၈ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် အန္တိမအဂ္ဂိဈာပနသာဓု ကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ဈာပနဖြစ်မြောက်ရေးတပည့်သံဃာတော်များနှင့်ဒါယကာ၊ ဒါယိကာမများ

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**
### ဒေါ်သီလဝတီ(ခ)ဒေါ်မသာနု(မောင်တော-ရန်ကုန်မြို့)
### အသက် (၇၉)နှစ်

မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ မင်္ဂလာသီရိမဟာသတိပဋ္ဌာန်(ရခိုင်ကျောင်း)တွင် သီတင်းသုံးနေထိုင်သော (ဦးမောင်ရှိ-ဒေါ်မခိုင်)တို့၏ သမီး၊ [ဦးမောင်စောလှ-ဒေါ်မွိုးသူ(ခ)ဒေါ်စန္ဒာသီရိ]တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ (ခ/၅၅)ကျွန်းရွှေဝါလမ်း၊ ဘုရင့်နောင်ပွဲရုံတန်းနေ [ဦးဘထွန်း(ခ)ဦးမောင်သာကျော်]၏ဇနီး၊ (ဒေါ်ဦးမ)၏ညီမ၊ (ဒေါ်အေးမေ)၊ ဒေါ်မနု၊ ဦးမောင်လှအောင်၊ ဦးလှကျော်တို့၏ အစ်မ၊ ဦးဦးလှမြင့်-ဒေါ်ဦးသိန်းမြ (ရခိုင်သားကြီးစာပေ၊ မြောက်ဦးမင်းသမီးဟိုတယ်)၊ ဦးကျော်မြင့်-ဒေါ်ပန်းနုစိန်၊ ဦးကျော်တင်မောင်-ဒေါ်သန်းသန်းကြည်(ရွှေခြည်သွေးဆီဆိုင်)၊ ဒေါ်မာမာချို-ဦးစောရွှေဘ (MPPE လေယာဉ်ဆီ)၊ [ဦးကျော်ဆန်း(ခ)ဦးမောင်လှ]-ဒေါ်ဝင်းဝင်းငွေး၊ ဘိုတင်ဝင်း(ခ)ဦးကျော်လှိုင်-ဒေါ်အေးအေးစု၊ ဒေါ်မာမာဝင်း(ခ)မိမာ-ဦးညီညီလွင် (ဝင်းသစ္စာကုန်စုံဆိုင်)၊ ရခိုင်ထွီး(ခ)ကျော်မင်းခိုင်တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေး ၁၇ ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၁၉-၂-၂၀၁၈ (တနင်္လာနေ့) ညနေ ၅း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (အထက်ပါမင်္ဂလာသီရိမဟာသတိပဋ္ဌာန်-ရခိုင်ကျောင်းမှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၂-၂၀၁၈ (တနင်္ဂနွေနေ့)တွင် အထက်ပါကျောင်းတိုက်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### ဦးမျိုးညွှန့် အသက်(၈၀)
**ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ငွေစာရင်းရုံး**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဝါကင်းရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၈၀)နေ (ဦးသိန်း-ဒေါ်နှင်းမြ)တို့၏သား၊ ဒေါ်တင်တင်ဝင်း၏ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းကိုကို-ဒေါ်ငြိမ်းငြိမ်းဝင်း၊ မဆုထက်ဝေတို့၏ ချစ်လှစွာသောဖခင်သည် ၁၈-၂-၂၀၁၈ရက် နံနက် ၁း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၂-၂၀၁၈ ရက် မွန်းလွဲ ၁း၃၀နာရီတွင် သန်လျင်မြို့ အမိုးနီသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၂-၂၀၁၈ ရက် နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### ဒေါ်ကျင်ပွင့်(မြောင်းမြမြို့) (၇၈)နှစ်

မြောင်းမြမြို့၊ ဘောင်ဒရီလမ်း၊ အမှတ် (၁၅)နေ (ဦးလှသင်း)၏ဇနီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉) ရပ်ကွက်၊ သူရ (၈)လမ်း၊ အမှတ် (၂၂၂)နေ ဦးခင်မောင်ဝင်း (ဦးဆောင်ညွှန်ကြားရေးမှူး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)-ဒေါ်လင်းလင်းသန့်၊ ဦးခင်မောင်စိုး-ဒေါ်ချိုချို၊ ဦးမြလွင်-ဒေါ်စန်းစန်းနွယ်တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၂၀-၂-၂၀၁၈ (အင်္ဂါနေ့) နံနက် ၁၀း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်အုန်းမြင့် (၇၃)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ သဒ္ဒါရုံ (၃)လမ်း၊ အမှတ် (၁၅)နေ (ဦးလှဖေ-ဒေါ်ကြည်)တို့၏ သမီး၊ (ဦးရွှေကြီး-ဒေါ်ကျန့်)တို့၏ သမီးချွေးမ၊ ဦးအောင်မြတ်၏ ချစ်လှစွာသောဇနီး၊ (ဦးသိန်းဦး)-ဒေါ်တင်တင်မိုး၊ ဗိုလ်မှူးသိန်းစိုး(ငြိမ်း)-ဒေါ်ခင်မာစိုး၊ ဦးသိန်းမိုး-ဒေါ်စိုးစိုးသန်း၊ ဦးသိန်းဇော်-ဒေါ်မြမြစိုး၊ (ဦးကျော်ဆန်းဝင်း)-ဒေါ်မြမြမိုးတို့၏မွေးသမိခင်၊ မြေး ၁၀ ယောက်တို့၏ အဘွား ဒေါ်အုန်းမြင့်သည် ၁၉-၂-၂၀၁၈ (တနင်္လာနေ့) ည ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၈(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ကျိုစုသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**
### ဦးမောင်မောင်လွင်(ခ)မုဟမ္မဒ် အီဗရာဟင်မ်(B.Sc-Bot)
### အသက် (၅၀)
**နိုင်/ကျဉ်း(ဟောင်း)**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၁၂၄)၊ (၂၉)လမ်း၊ မြေညီထပ်နေ (ဦးအောင်သိန်း-ဒေါ်သန်းကြည်)တို့၏သား၊ ဒေါ်ဝင်းဝင်းကြည်၊ ဒေါ်ခင်သက်မာ၊ ဒေါက်တာဒေါ်နီနီအေး(ပထဝီဝင်ဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ဒေါ်ဖြူဖြူဝင်း(၈၈၈၈ ပါတီဖြစ်မြောက်ရေး၊ ဘဏ္ဍာရေးတွဲဖက်တာဝန်ခံ-၁၊ ရန်ကုန်တိုင်းဒေသကြီး)တို့၏မောင်၊ မခင်မြတ်ထွေး(ခေတ္တ-မလေးရှား)၏အစ်ကို၊ မောင်အောင်မင်းခန့်(ဒသမတန်း-A၊ အထက-၁၊ လသာ)၏ဖခင်သည် ၁၉-၂-၂၀၁၈ ရက် ည ၁၁ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၀-၂-၂၀၁၈ ရက် ဇဟိုရ်နမာဇ်အပြီး ရေဝေးကဘာရ်စတာန်၌ ဒါဖွာနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

---

### မောင်ဝေယံ (၂၄)နှစ်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပညာသိဒ္ဓိရပ်ကွက်၊ ခရေအိမ်ရာ၊ သစ္စာလမ်း၊ တိုက်အမှတ်(၃၇)၊ အခန်းအမှတ် (၃၃)နေ ဒေါ်မြတ်သူဇာသိန်း (လက်ထောက်ညွှန်ကြားရေးမှူး၊ စီမံကိန်းဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)၏သား၊ မဝင်းပပသိမ်း(တတိယနှစ်၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်)၏အစ်ကို၊ ရန်ကုန်မြို့နေ (ဦးသိန်းတင်)-ဒေါ်သန်းစိန်တို့၏ မြေး၊ ဒေါ်နန်းဥမ္မာသိန်း၊ ဒေါ်ခိုင်မာလာသိန်း၊ ဦးတင်ထွဋ်-ဒေါ်မျိုးမျိုးဝင်း၊ ဦးတင်ရှိန်-ဒေါ်ကျော့ယဉ်မင်းသိန်း၊ ဒေါ်နီလာထွန်းတို့၏တူ မောင်ဝေယံသည် ၁၇-၂-၂၀၁၈ (စနေနေ့) ည ၉း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၂-၂၀၁၈ (တနင်္လာနေ့) ညနေ ၄း၃၀ နာရီတွင် ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၂-၂၀၁၈ ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ကြေးမုံ



# နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် နှစ်နိုင်ငံနယ်စပ် Zero Line တွင် နေထိုင်ကြသူများ နေရပ်ပြန်ရေး မြန်မာ-ဘင်္ဂလားဒေ့ရှ် ခရိုင်အဆင့်နယ်စပ်အာဏာပိုင်အဖွဲ့များ တွေ့ဆုံဆွေးနွေးကာ ကွင်းဆင်းကြည့်ရှု



နှစ်နိုင်ငံနယ်စပ် Zero Line တွင် နေထိုင်ကြသူများအား နှစ်နိုင်ငံ ခရိုင်အဆင့် နယ်စပ်အာဏာပိုင်အဖွဲ့များ သွားရောက်တွေ့ဆုံစဉ်(အပေါ်ပုံ) နှင့် နှစ်နိုင်ငံ ခရိုင်အဆင့် ပြန်လည်လက်ခံရေး ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ဘင်္ဂလားဒေ့ရှ် နယ်စပ်အာဏာပိုင်အဖွဲ့အား မောင်တောခရိုင် တောင်ပြိုလက်ဝဲရှိ နှစ်နိုင်ငံချစ်ကြည်ရေးတံတား၌ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။ (ယာပုံ)



**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ခရိုင်အဆင့် ပြန်လည်လက်ခံရေးကိစ္စ တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ခရိုင်အဆင့်နယ်စပ်အာဏာပိုင်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် နှစ်နိုင်ငံချစ်ကြည်ရေးတံတားသို့ ရောက်ရှိကြသည်။

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ခရိုင်အဆင့် နယ်စပ်အာဏာပိုင်များ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီ ၅၅ မိနစ်တွင် မြန်မာနိုင်ငံ တောင်ပြိုလက်ဝဲ အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နှစ်နိုင်ငံ နယ်စပ်အာဏာပိုင်ခရိုင်အဆင့် တာဝန်ရှိသူများက အပြန်အလှန်

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့**

## မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ အောင်လအန်ဆန်နှင့် ဟဲဗီးဝိတ်တန်း ချန်ပီယံ Machado တို့

### ဝမ်း လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံရှစ်အတွက် ယှဉ်ပြိုင်ထိုးသတ်မည်




အောင်လအန်ဆန် (ဝဲ) နှင့် Machado (ယာ) တို့အား တွေ့ရစဉ်။

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ဝမ်းမစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ အောင်လအန်ဆန် (ခေါ်)မြန်မာ့စပါးအုံးမြွေနှင့် ဘရာဇီးနိုင်ငံမှ ဟဲဗီးဝိတ်တန်းချန်ပီယံ Alexandre "Bebezao" Machado တို့ ဖေဖော်ဝါရီ ၂၃ ရက် ညပိုင်းတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏမိုးလုံလေလုံအားကစားရုံတွင် ဝမ်းလိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံရှစ်အတွက် အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်တော့မှာ ဖြစ်ပါတယ်။

ယှဉ်ပြိုင်ထိုးသတ်ရန် နှစ်ရက်အလိုမှာ One Championship၊ Telenor Myanmar တို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ ပြိုင်ဘက်တွေကို မီဒီယာအမေးအဖြေပြုလုပ်ခြင်း အခမ်းအနားကို ဒီကနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ရှိ Rose Garden ဟိုတယ်မှာ ပြုလုပ်ခဲ့ပါတယ်။ အဲဒီပွဲမှာ အောင်လအန်ဆန်နဲ့ Machado တို့ရဲ့ ပြောစကားတွေကို ရေးသားတင်ပြလိုက်ပါတယ်။

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့**

